The Commerce Journal
စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 19 တနင်္လာနေ့တိုင်းထုတ်ဝေသည် May 22 , 2017

# နယ်စပ်ဒေသမှ ဆန်နှင့်ဆန်ကွဲ ပိုမိုတင်ပို့နိုင်မှု အလားအလာ

မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုကဏ္ဍသည် ပင်လယ်ရေကြောင်း ကုန်သွယ်မှုသာမက နယ်စပ်ကုန်သွယ်မှုကဏ္ဍတွင်လည်း နှစ်စဉ်မြင့်မားတိုးတက်လျက်ရှိရာ ကုန်သွယ်မှုပမာဏ တိုးတက်လာသည်နှင့်အမျှ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်နဲ့ ဒေသနေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိမှု၊ နည်းပညာ စီးဝင်မှုများ ဖြစ်ပေါ်လာမည်ဖြစ်ပါတယ်။ကုန်သွယ်မှုပမာဏ စဉ်ဆက်မပြတ် တိုးတက်စေရေးနဲ့ ကုန်သွယ်မှုလွယ်ကူလျင်မြန် ချောမွေ့စေရေးတို့အတွက်လည်း အစိုးရနဲ့ပုဂ္ဂလိက ပေါင်းစပ်ညှိနှိုင်း၍ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

စာမျက်နှာ - ၁၂ ➤






## ၂၁ ရာစု ပိုးလမ်းမကြီး စီမံကိန်း (One Belt One Road , OBOR) နှင့် မြန်မာ့စီးပွားရေးလားရာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့မှာ ပြီးခဲ့တဲ့ မေလ ၁၄ ရက်နဲ့ ၁၅ ရက်တွေမှာ Belt and Road နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ကို ကျင်းပခဲ့ရာမှာ မြန်မာနိုင်ငံက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခဲ့ပါတယ်။

စာမျက်နှာ - ၈ ➤





PYEI PHYO AUNG CO., LTD.
Office No.74, Wadan St. Lanmadaw Township, Yangon, Myanmar.
Phone No. + 95 1 228584 / 211124 / 223097 / 216119 / 216260
Fax No. + 95 1 211821
E-mail : ppa@myanmar.com.mm / ppaoffice@gmail.com
Website www.ppagroups.com



MKTK မြန်မာကောင်းသုခကုမ္ပဏီလီမိတက်
သီးနှံစိုက်ပျိုးသော တောင်သူဦးကြီးများအတွက် အရည်အသွေးအာမခံ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး၊
ရွက်ဖျန်းမြေဩဇာနှင့် ဓါတ်မြေဩဇာများကို နိုင်ငံတကာမှ တင်သွင်းဖြန့်ချိပါသည်။
Quality First
အရည်အသွေးပထမ မြန်မာကောင်းသုခ
အမှတ် – (၉၅/အေ)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရှစ်မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၂၅၀၀ ၅၈၉၈၀၊ ၀၉ ၇၃၁ ၄၀၈၁၂

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် World Economic Forum on ASEAN သို့ တက်ရောက်အမှာစကားပြောကြား




World Economic Forum on ASEAN သို့ တက်ရောက်ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့သို့ ရောက်ရှိနေသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မေ ၁၁ရက်တွင် ဖနောင်ပင်မြို့ရှိSoKhaဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သောOpening Plenary of the World Economic Forum on the Association of Southeast Asian Nations (ASEAN) ဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် H.E Mr. Hun Sen၊ လာအို နိုင်ငံဝန်ကြီးချုပ် H.E Mr. Thongloun Sisoulith၊ ဖိလစ်ပိုင်နိုင်ငံ သမ္မတ H.E.Mr. Rodrigo Duterte နှင့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Nguyen Xuan စသော အာဆီယံ လေးနိုင်ငံမှ နိုင်ငံတော် အကြီးအကဲများ တက်ရောက်ခဲ့ပါသည်။

ထို့အပြင် အခြားအာဆီယံနိုင်ငံများမှ ကုန်သွယ်ရေး၊ စီးပွားရေးတို့နှင့် သက်ဆိုင်သော ဝန်ကြီးများ၊ ကဏ္ဍအသီးသီးမှ ပညာရှင်များ၊ စီးပွားရေးထိပ်သီးလုပ်ငန်းရှင်များ၊ လူမှုအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Pan Sorasak နှင့် ဖနောင်ပင်မြို့ရှိSokha ဟိုတယ်၌ တွေ့ဆုံဆွေးနွေးကာ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့် ASEAN၊ GMS နှင့် ACMECS မူဘောင်အတွက် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၁၁ ရက် နေ့လယ်ပိုင်းတွင် World Economic Forum on ASEAN ၏ Side Event များဖြစ်သော Informal Gathering of World Economic Leaders: ASEAN at 50 နှင့် Enabling Trade and Investment သို့တက်ရောက်ခဲ့ပြီး နိုင်ငံတကာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ညနေပိုင်းတွင် ဖနောင်ပင်မြို့ရှိ ကမ္ဘောဒီးယားဝန်ကြီးချုပ် H.E Mr. Hun Sen တည်ခင်းသော ညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

မေ ၁၂ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် Roundtable Discussion on Enabling Trade and Investment ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲသို့ စင်ကာပူနိုင်ငံ အခြေစိုက် Arcelor Mittal ကုမ္ပဏီမှ အမှုဆောင်အရာရှိ Mr. Baldeo Prasad Banka, ဂျီနီဗာအခြေစိုက် International Trade Center (ITC) Executive Director ဖြစ်သူ Ms. Arancha Gonzalez၊ လာအိုနိုင်ငံ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးMs. Khemmani Pholsena၊ စင်ကာပူအခြေစိုက် UPS ကုမ္ပဏီမှ အမှုဆောင်အရာရှိ Mr. Jim Gara၊ အင်ဒိုနီးရှားနိုင်ငံ၊ စီးပွားရေးတက္ကသိုလ်ပါမောက္ခ Ms. Mari Elka Pangestu (ယခင် အင်ဒိုနီးရှား ကုန်သွယ်ရေးဝန်ကြီး)တို့ပါ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။ မွန်းလွဲပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံအစိုးရက ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား ကမ္ဘောဒီးယား ဘုရင့်နန်းတော်နှင့် Genocide Museum သို့ လိုက်ပါပို့ဆောင် ပြသခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မေ ၁၃ ရက် နံနက်ပိုင်းတွင် ဖနောင်ပင် မြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာရာ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံအမတ်ကြီး ဦးမြင့်စိုး၊ ကမ္ဘောဒီးယားနိုင်ငံ ကုန်သွယ်ရေးဌာနမှ တာဝန်ရှိသူများက လေဆိပ်၌ လိုက်လံပို့ဆောင်ပေးခဲ့ပြီး ဗန်ကောက်မြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ညနေ ၁၈:၄၅ အချိန်တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များနှင့်တွေ့ဆုံ



မြန်မာ အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မေ ၁၇ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရေတို အတွင်းရရှိနိုင်ရေး၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေး၊ ကမ္ဘာ့စီးပွားရေး ဈေးကွက်သို့ မိမိနိုင်ငံမှ ထုတ်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ရေး၊ ခေတ်မီကုန်ထုတ်လုပ်မှု နည်းပညာများ ရရှိစေရေးတို့အတွက် ထားဝယ်အထူးစီးပွားရေးဇုန်အား အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထားဝယ်ကမ်းမြောင်ဒေသအပါ အဝင်တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေး Master plan ရေးဆွဲရန်အတွက် ဂျပန်နိုင်ငံခရီးစဉ်တွင် အကူအညီ တောင်းခံခဲ့ပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော် တည်ဆောက်ရာတွင် စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးရခြင်းဖြစ်ကြောင်း၊ ဆွေးနွေးချက်များအပေါ် အခြေခံ၍ ဗဟိုဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပညာရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆုံးဖြတ်ကာ ဆောင်ရွက်ရမည်ဖြစ်၍ အမြင်များအား ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြစေလိုကြောင်း ပြောကြားသည်။

စာမျက်နှာ - ၁၇ ➤

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊
နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဧရာဝတီဆန်စပါးဈေးကွက်၏ ယခင်နှစ်နှင့် ယခုနှစ် ကာလတူဈေးနှုန်းအပြောင်းအလဲ

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဆန်စပါးဈေးကွက်တွင် ယခင်နှစ်က ပေါ်ဆန်း ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၇၆၂၀၀၀ မှ ကျပ် ၇၉၆၀၀၀ဖြစ်ပြီး ယခုလက်ရှိ ဈေးမှာ ၄၆ ပေါင်တင်း ၁၀၀ကို ကျပ် ၇၂၅၀၀၀ မှ ကျပ် ၇၄၅၀၀၀ ဖြစ်သော ကြောင့် ယခင်နှစ်ထက် ကျပ် ၃၀၀၀၀ မှ ကျပ် ၄၀၀၀၀ ဝန်းကျင်ဈေးနှုန်းကျဆင်း၍ ဆန်တစ်အိတ်လျှင် ယခင်နှစ်က ကျပ်၃၃၀၀၀ မှကျပ် ၃၄၀၀၀ ဖြစ်ပြီး ယခုလက်ရှိဈေးမှာ ကျပ် ၃၄၀၀၀ မှ ကျပ် ၃၇၀၀၀ ဖြင့် ပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၁၀၀၀ မှ ကျပ် ၃၀၀၀ အတွင်း ဈေးနှုန်းမြင့်တက်သွားကြောင်း ပေါ်ဆန်းဆန်ကို ပြည်တွင်းစားသုံးမှုများပြားပြီး အရောင်းအဝယ်သွက်လျက် ဈေးနှုန်းမြင့်တက်မှုရှိကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှသိရသည်။

မိုးညှင်းမထ စပါးဈေးမှာ ယခင်နှစ်က ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၅၇၀၀၀၀ မှ ကျပ် ၆၀၇၀၀၀ ဈေးဖြစ်ပြီး ယခုနှစ်ကာလတူ ဈေးနှုန်းမှာ ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၄၄၀၀၀၀ မှ ကျပ် ၄၆၀၀၀၀ ဖြစ်သောကြောင့် စပါးတင်း၁၀၀ကို ကျပ် ၁၂၀၀၀၀ ဝန်းကျင်ဈေးနှုန်းကျဆင်းမှုရှိပြီး မိုးညှင်းမထ ဆန်ဈေးမှာ ယခင်နှစ်က တစ်အိတ်လျှင် ကျပ် ၂၂၀၀၀ မှ ကျပ် ၂၅၀၀၀ မှ ယခုလက်ရှိဈေး ကျပ် ၁၆၅၀၀ မှ ကျပ် ၂၁၅၀၀ ဖြစ်၍ ဆန်တစ်အိတ်လျှင် ကျပ် ၄၀၀၀ ဝန်းကျင် ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း၊ ရန်ကုန်၊ အညာဈေးကွက်မှယခင်နှစ်ကထက် ဝယ်လိုအား လျော့နည်းနေပြီး စက်ပိုင်/ကုန်သည်များလက်ဝယ်တွင် ဆန်လက်ကျန်အများအပြားရှိနေခြင်းတို့ကြောင့် ဈေးနှုန်းများ ယခင်နှစ်ထက် ကျဆင်းနေသော်လည်း တရုတ် ဈေးကွက်ဝယ်လိုအားရှိပါက ဈေးနှုန်းမြင့်တက်လာနိုင်ကြောင်း စက်ပိုင်/ကုန်သည်များနှင့် ဆန်စပါးဈေးကွက်မှ သိရသည်။

**မင်းမင်းဦး(ပသ)**

## ဝယ်လိုအားကျသွားတဲ့အတွက် ဆန်ကြမ်းဈေးကျ

ရန်ကုန်မြို့ဆန်ဈေးကွက်မှာ ဆန်ချောဈေးငြိမ်ပြီး ဆန်ကြမ်းဈေးကျကြောင်း သိရပါတယ်။

ရန်ကုန်ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားဈေးများမှာ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၃၆၀၀၀၊ လတ်စ တစ်အိတ်လျှင်ကျပ် ၃၄၀၀၀၊ ပုသိမ် မြောင်းမြပေါ်ဆန်း ဆန်ထိပ်စ တစ်အိတ်လျှင် ကျပ် ၃၆၅၀၀၊ လတ်စတစ်အိတ်ကျပ် ၃၄၀၀၀၊ နယ်စုံကျိုက်လတ်ပေါ်ဆန်း ဆန်ထိပ်စ တစ်အိတ်လျှင် ကျပ် ၃၃၀၀၀၊ လတ်စတစ်အိတ်လျှင် ကျပ် ၃၁၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၄၂၀၀၀ မှ ကျပ် ၄၅၀၀၀ ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ ဆန်ချောဝယ်လိုအား ပုံမှန်ရှိပြီး အရောင်းအဝယ်လည်းပုံမှန်ရှိနေတယ်လို့သိရပါတယ်။

ဧည့်မထဆန်ထိပ်စတစ်အိတ်လျှင် ကျပ် ၁၉၅၀၀၊ လတ်စ တစ်အိတ်လျှင် ကျပ် ၂၀၀၀၀၊ နွေသီးထပ်(ရှယ်) တစ်အိတ်လျှင် ကျပ် ၁၉၅၀၀ မှ ကျပ် ၂၀၀၀၀၊ နွေဆန်ရက် ၉၀ တစ်အိတ်လျှင်ကျပ် ၂၀၅၀၀မှကျပ် ၂၁၅၀၀ဖြစ်ပြီး တစ်အိတ်ကို ကျပ် ၅၀၀ ခန့် ဈေးကျပါတယ်။ မနောသုခ တစ်အိတ်ကျပ် ၂၄၀၀၀မှကျပ် ၂၅၀၀၀ နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ အိတ်စပို့ ၂၅ မှတ်ဆန်ကတော့ တစ်အိတ်ကို ကျပ် ၁၆၃၀၀ မှ ကျပ် ၁၆၆၀၀ ဖြစ်ပြီး ယခင်တစ်ပတ်ထက် တစ်အိတ်ကို ကျပ် ၂၀၀ ခန့်ဈေးကျသွားပါတယ်။ ဆန်ကြမ်းဝယ်လိုအားကျသွားတဲ့အတွက် ဈေးကျသွားခြင်းဖြစ်ကြောင်း ဝါးတန်းဆန်ကုန်စည်ဒိုင်မှ သိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာအရောင်းအဝယ်ကောင်းပြီး ဆန်ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဧည့်မထ ၅ မှတ် မော်ဘီတစ်အိတ်လျှင် ၁၃၅ ယွမ်မှ ၁၃၉ ယွမ်၊ ဧည့်မထ ၅ မှတ်စူပါ တစ်အိတ် ၁၃၂ ယွမ်မှ ၁၃၆ယွမ်၊ဧည့်မထ ၁၀မှတ် မော်ဘီတစ်အိတ်လျှင် ယွမ် ၁၃၀ မှ ၁၃၄ ယွမ်၊ ဧည့်မထ ၁၀ မှတ်စူပါ တစ်အိတ်လျှင် ယွမ် ၁၃၀ မှ ၁၃၁ ယွမ်၊ ဧည့်မထ ၂၅ မှတ် မနောသုခ တစ်အိတ် ၁၁၆ ယွမ်မှ ၁၁၈ ယွမ်၊ ငစိန် ၅ မှတ်တစ်အိတ် ၁၂၂ ယွမ်မှ ၁၂၄ ယွမ်၊ ငစိန် ၁၅ မှတ်တစ်အိတ် ၁၁၈ ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၂၅ မှတ်တစ်အိတ် ၁၁၂ ယွမ်မှ ၁၁၄ ယွမ်ရှိပြီး ယခင်တစ်ပတ်အတိုင်းဈေးနှုန်းမပြောင်းလဲကြောင်း သိရပါ တယ်။

မြို့တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်မှာ မေ ၁၂ ရက်မှ ၁၆ ရက်အထိ ၁၉၄၀၆ တန်ရှိပြီး ဆန်အရောင်းအဝယ် ကောင်းနေတယ်လို့ မူဆယ်ဆန်ဈေးကွက်မှ သိရပါတယ်။

**ယဉ်ယဉ်အေး**

## ပင်လယ်ရေကြောင်းလမ်းမှရော နယ်စပ်လမ်းမှပါ ဆန်ပိုမိုတင်ပို့ ဈေးကွက်သစ် အင်ဒိုရာနိုင်ငံသို့ ပေါင်းဆန်နှင့်ဧည့်မထဆန်တင်ပို့

မေ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းတစ်ပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂၄၆ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၃၈၆၉၄ တန်ခန့် တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၁၂၇၁၆ တန်ခန့်နဲ့ ဧည့်မထဆန် ၁၆၂၀၄ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၂၀၁ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၉၂၆၂ တန်ကျော်နဲ့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်အပြင် ကောက်ညှင်းဆန် ၂၉၃ တန်ခန့်ပါ တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှလည်း ဧည့်မထဆန် ၁၇ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ် ကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့မှုမှာ ယခင်တစ်ပတ်တင်ပို့မှုထက် ၇၂၇၈ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။

ဆန်အပြင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၂ သန်းတန်ဖိုးရှိ ဆန်ကွဲ ၅၅၅၃ တန်တင်ပို့ခဲ့ပြီး မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ၃၆၂၃ တန်၊ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၁၉၃၀ ခန့်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၅၂၃၇ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၁၆ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မေ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၈၁ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၉၄၄၀ ကို အာရှ၊ အာဖရိက၊ ဥရောပနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ တောင်အာဖရိကနိုင်ငံသို့တင်ပို့မှုမှာ ဧည့်မထဆန်တန်၁၂၅၀၊ ရုရှားနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၂၀၀၊တိုဂိုနိုင်ငံသို့ဧည့်မထဆန်တန်ချိန် ၁၅၀၀၊ မက်ဒါးဂါးစကားနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၂၉၄၀၊ တရုတ်နိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၃၀၀၊ ဟောင်ကောင်သို့ ငစိန်ဆန်တန်ချိန် ၅၀၊ အီးယူနိုင်ငံများသို့ ပေါင်းဆန်တန်ချိန် ၆၅၀ နဲ့ ဧည့်မထဆန် ၁၀၂၅ တန်၊ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၁၂၀၀ တင်ပို့ ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ဈေးကွက်သစ်ဖြစ်တဲ့ အင်ဒိုရာနိုင်ငံသို့ ပေါင်းဆန် ၇၅ တန်နဲ့ ဧည့်မထဆန်တန်ချိန် ၂၅၀ တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းမှ ဆန် ၈၅၁၈ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ဆန် ၉၂၅ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ် ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၆၉ သန်းတန်ဖိုးနဲ့ တန်ချိန် ၆၁၀၀ ဖြစ်ပြီး စင်ကာပူနိုင်ငံသို့ တန်ချိန် ၂၀၀ နဲ့ အီးယူနိုင်ငံများသို့ တန်ချိန် ၅၉၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၈၈၂၅ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၇၂၅ တန်လျော့နည်းတင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။ ယခုတစ်ပတ်မှာ ကုန်သွယ်ရေးစခန်းများနဲ့ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဆန်ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၉-၅-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်မြူ ၁၀၀ % | ၄၀၀ | ၄၃၃ | △ | - | - | - | - | - | - | - | - | - |
| ဆန်မြူ ၅% | ၃၉၃ | ၄၁၉ | △ | ၃၅၂ | ၃၅၂ | □ | ၃၉၀ | ၃၉၀ | □ | ၄၂၀ | ၄၂၀ | □ |
| ဆန်မြူ ၁၀% | ၃၉၁ | ၄၁၀ | △ | - | - | - | - | - | - | - | - | - |
| ဆန်မြူ ၁၅% | ၃၈၅ | ၄၀၇ | △ | ၃၄၂ | ၃၄၂ | □ | - | - | - | ၃၁၀ | ၃၁၀ | □ |
| ဆန်မြူ ၂၅% | ၃၇၇ | ၃၉၇ | △ | ၃၃၀ | ၃၃၀ | □ | ၃၇၀ | ၃၇၀ | □ | ၃၇၀ | ၃၇၀ | □ |
| ပေါင်းဆန် | ၄၁၃ | ၄၃၃ | △ | - | - | - | ၃၈၀ | ၃၈၀ | □ | ၄၁၅ | ၄၁၅ | □ |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၁၉-၅-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၄၄၅၀ | □ | ၁၇၀၀၀ | □ | ၆၅၃၂ | □ | ၃၂၅၀၀ | □ |
| ပုသိမ် | ၄၃၂၀ | □ | ၁၈၅၀၀ | □ | ၇၄၀၀ | □ | ၃၄၀၀၀ | □ |
| ပဲခူး | ၄၁၀၀ | □ | ၁၆၅၀၀ | □ | ၆၄၀၀ | □ | ၃၂၀၀၀ | □ |
| ရွှေဘို | ၆၀၀၀ | □ | ၂၅၀၀၀ | ▽ | ၁၀၀၀၀ | ▽ | ၃၅၀၀၀ | □ |
| စစ်တွေ | ၃၈၅၀ | □ | ၁၇၀၀၀ | □ | ၇၀၀၀ | □ | ၃၀၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၄၈၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၀၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၉၀၀ | □ | ၁၆၈၀၀ | □ | - | - | ၃၁၀၀၀ | □ |
| မန္တလေး | ၆၃၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| မကွေး | ၆၈၀၀ | □ | ၂၀၅၀၀ | □ | - | - | ၃၆၅၀၀ | □ |
| မော်လမြိုင် | ၄၄၀၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၆၃၀၀ | □ | ၃၂၀၀၀ | □ | - | - | ၄၃၀၀၀ | □ |
| မြိတ် | ၃၀၀၀ | □ | ၂၁၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| ဘားအံ | ၄၀၀၀ | □ | ၁၈၅၀၀ | □ | - | - | ၃၈၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၁၅-၅-၂၀၁၇ မှ ၁၉-၅-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 544 | 31,501,398.885 |
| 2 | Form D | 95 | 6,064,672.065 |
| 3 | Form E | 102 | 3,181,439.528 |
| 4 | Korea GSP | 4 | 89,756.000 |
| 5 | Form AK | 55 | 2,504,613.479 |
| 6 | Form AJ | 10 | 383,352.950 |
| 7 | Form AI | 104 | 6,057,874.830 |
| 8 | Form AANZ | 16 | 128,209.410 |
| 9 | Form DFTP | - | - |
| Grand Total | | 930 | 49,911,317.147 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၉-၅-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၂/၅ | ၁၉/၅ | ပြောင်းလဲမှု | ၁၂/၅ | ၁၉/၅ | ပြောင်းလဲမှု | ၁၂/၅ | ၁၉/၅ | ပြောင်းလဲမှု | ၁၂/၅ | ၁၉/၅ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၅၉၀ | ၁၅၆၃ | ▼ | ၁၇၁၇ | ၁၅၅၀ | ▼ | ၁၅၃၅ | ၁၅၆၅ | ▲ | ၁၆၂၅ | ၁၅၇၅ | ▼ |
| ပဲစင်းငုံ | ၁၀၉၇ | ၁၀၇၀ | ▼ | ၁၀၂၀ | - | - | ၁၀၅၀ | ၁၀၇၅ | ▲ | ၁၀၃၀ | ၁၀၁၅ | ▲ |
| ပဲတီစိမ်း | ၁၄၀၀ | ၁၄၀၀ | ■ | ၁၀၉၃ | ၁၉၃၀ | ▲ | ၁၀၉၃ | ၁၉၃၇ | ▲ | ၁၇၄၀ | ၁၀၄၂ | ▲ |
| ကုလားပဲရိုးရိုး | ၂၇၀၀ | ၂၇၀၀ | ■ | ၂၀၀၉ | ၂၂၀၁ | ▲ | - | ၂၂၁၀ | - | ၂၀၀၀ | ၂၀၁၅ | ▲ |
| ပဲလွန်းဖြူ | ၁၃၅၀ | ၁၄၀၀ | ▲ | ၁၃၃၃ | ၁၃၃၃ | ■ | ၁၃၃၃ | - | - | ၁၇၁၀ | ၁၅၂၆ | ▼ |
| ထောပတ်ပဲ | ၁၃၀၀ | ၁၂၅၀ | ▼ | ၁၃၆၉ | ၁၃၀၇ | ▲ | ၁၃၆၉ | - | - | ၁၁၀၅ | ၁၁၀၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၉-၅-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၁၂/၅ | ၁၉/၅ | ပြောင်းလဲမှု | ၁၂/၅ | ၁၉/၅ | ပြောင်းလဲမှု | ၁၂/၅ | ၁၉/၅ | ပြောင်းလဲမှု |
| မတ်ပဲ | ၇၂၀ | ၇၃၀ | ▲ | ၈၄၀ | ၇၉၂ | ▼ | ၈၄၀ | ၇၈၅ | ▼ |
| ပဲစင်းငုံ | ၄၈၀ | ၅၂၀ | ▲ | ၅၉၉ | ၅၆၉ | ▼ | ၆၄၅ | ၆၂၃ | ▼ |
| ပဲတီစိမ်း | ၆၃၀ | ၆၃၀ | ■ | ၆၈၄ | ၆၁၁ | ▼ | ၇၆၂ | ၇၂၃ | ▼ |
| ကုလားပဲဖြူလုံးကြီး | ၁၀၄၀ | ၁၀၄၀ | ■ | ၉၂၁ | ၈၈၅ | ▼ | ၈၉၈ | ၈၆၉ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၆.၅.၁၇)ထိ | ယခုတစ်ပတ် (၁၃.၅.၁၇)ထိ | (၁.၁.၁၇) မှ (၁၃.၅.၁၇) ထိ |
| မတ်ပဲ | ၁၄၆၈၃၁ | ၁၅၃၄၅ | ၁၆၂၁၇၆ |
| ပဲတီစိမ်း | ၆၈၇၃၇ | ၄၂၅၃ | ၇၂၉၉၀ |
| ပဲစင်းငုံ | ၉၄၇၈၉ | ၆၈၉၀ | ၁၀၁၆၇၉ |
| ကုလားပဲ | ၂၀၈၈၅ | ၂၁၄၄ | ၂၃၀၂၉ |
| ပဲလွန်းဖြူ | ၉၅၇၄ | ၄၄၄ | ၁၀၀၁၈ |
| မြေထောက်ပဲ | ၆၆၅၁ | ၂၈၄ | ၆၉၃၅ |

## ပြည်ပဲကြီးဈေးကွက် ဈေးမြင့်တက်

ပြည်ပဲဈေးကွက်အတွင်း မေလလယ်မှစ၍ ပြည်တွင်းဝယ်လက်အဓိက အရောင်းအဝယ်ဖြစ်နေတဲ့ ပဲသီးနှံများအနက် ပဲကြီးသီးနှံဟာ ဈေးမြင့်တက်လာခဲ့လို့ ပဲဈေးကွက်အတွင်း ဈေးအမြင့်ဆုံး ဖြစ်နေခဲ့တာကိုတွေ့ရပါတယ်။ ယခင်တစ်ပတ်က(ရွှေကျွန်း) တစ်တင်း ကျပ် ၄၀၀၀၀၊ (ကမ်းနား) ပဲတစ်တင်းကျပ် ၃၈၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခုတစ်ပတ်မှာ ဈေးဆက်မြင့်တက်ခဲ့လို့(ရွှေကျွန်း) တစ်တင်းကျပ် ၄၃၀၀၀ မှ ကျပ်၅၀၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၄၀၀၀၀ မှ ကျပ် ၄၃၀၀၀ ဖြင့်ပဲ ကြော်ဖိုသမားနှင့် လှော်သမားများဝယ်ယူခဲ့တာတွေ့ရပါတယ်။ ပန်းတောင်း၊ မင်းတုန်း၊ ကံမမြို့နယ်များမှ အိတ် ၁၅၀ မှ ၂၀၀ ကျော် ဝင်ရောက်လျက်ရှိတယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## လက်လီပဲဈေးကွက်အတွင်း ပြည်ထောပတ်ပဲဈေးငြိမ်

မေလလယ်မှာပြည်ပဲဈေးကွက်အတွင်းလက်လီရောင်းဝယ်မှုသာဖြစ်နေတဲ့ ပဲများအနက် ထောပတ်ပဲသီးနှံလည်းပါဝင်ပြီး ပဲအဝင်မရှိဘဲလက်ကျန်ပဲအနည်းငယ်ဖြင့် ရောင်းဝယ်နေတာကို တွေ့ရပါတယ်။ ဒါကြောင့်လက်လီသမားများဖြင့် အိတ်အနည်းငယ်နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲဈေးမှာလည်း အတက်အကျမရှိဘဲ တစ်တင်းကျပ် ၂၄၀၀၀ ဖြင့် ဈေးငြိမ်နေခဲ့ပါတယ်။ ယခင်နှစ်က မေလအတွင်း ပဲဈေးကွက်ထဲမှာ တစ်တင်းကျပ် ၁၅၀၀၀ ခန့်သာရရှိလို့ ဈေးအနိမ့်ဆုံးဖြစ်ခဲ့ပေမယ့် ယခုနှစ်ဈေးမှာ ဈေးငြိမ်နေတယ်ဆိုပေမယ့် ယခင်နှစ်က ဈေးထက်တော့ ကျပ်တစ်သောင်းနီးပါးပိုရခဲ့တာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း**

## မေတတိယပတ် မုံရွာကုန်စည်ဒိုင်ရှိ ပဲမျိုးစုံဈေးကွက် ဈေးအနည်းငယ်ပြန်မြင့်

ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင်သို့ ပဲမျိုးစုံသီးနှံများ ဝင်ရောက်လျက်ရှိရာ ကုလားပဲသီးနှံ အဝင်ရှိသလောက် အဝယ်သွက်လျက်ရှိကြောင်းသိရပါတယ်။ ကုလားပဲသီးနှံကို မုံရွာ၊ ဘုတလင်၊ ယင်းမာပင်၊ ဆားလင်းကြီးမြို့နယ်များမှ မုံရွာကုန်စည်ဒိုင်သို့ နေ့စဉ်အိတ်၁၅၀၀ကျော်အဝင်ရှိပြီး ဝင်သလောက်အဝယ်ရှိကြောင်းသိရပါတယ်။ ကုလားပဲဖြူလုံးကြီးကို ရန်ကုန်ဝယ်လက်မှ အဝယ်များပြီး (929) ကို မုံရွာမြို့နယ်ကြာဆန်စက်၊ ပဲခွဲစက်များနှင့် မန္တလေးဝယ်လက်က ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် ကုလားပဲမျိုးစုံ တစ်တင်းပေါက်ဈေးမှာ ကုလားပဲဖြူလုံးကြီး ကျပ် ၄၈၀၀၀၊ (929) ကျပ် ၃၈၂၀၀၊ ထိုင်ဝမ် ကျပ် ၃၇၀၀၀ နှုန်းပေါက်ဈေးရှိပါတယ်။ ပြည်ပဝယ်လက်ပဲများဖြစ်တဲ့ မတ်ပဲသီးနှံတစ်တင်းပေါက်ဈေးမှာ ကျပ် ၃၁၃၀၀ ပေါက်လျက် နေ့စဉ်အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး ပဲစင်းငုံ သီးနှံကတော့ ဈေးနှုန်းမှာဈေးအနည်းငယ်မြင့်တက်လာကာ တစ်တင်းကို ကျပ်နှစ်သောင်းဝန်းကျင်ခန့်တွင် ဈေးငြိမ်လျက်ရှိပြီး ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာ ကျပ် ၂၁၅၀၀ နှုန်းပေါက်ပြီး အိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ပဲတီစိမ်းသီးနှံကတော့ ပဲအသစ်များ နေ့စဉ်အိတ် ၁၀၀၀ ခန့်အဝင်ရှိပြီး မန္တလေးဝယ်လက်ရှိတာကြောင့် အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ် ပဲတီစိမ်းသီးနှံတစ်တင်းပေါက်ဈေးမှာ ကျပ် ၃၆၈၀၀ နှုန်းပေါက်လျက်ရှိပြီး ပဲကြီးတစ်တင်းပေါက်ဈေးမှာ ကျပ် ၄၂၅၀၀ နှုန်းနှင့် နေ့စဉ်အိတ် ၅၀၀ ခန့်၊ စွန်တာနီပဲတစ်တင်းပေါက်ဈေးမှာကျပ် ၂၀၀၀၀၊ ပဲနီလုံးကြားတစ်တင်းပေါက်ဈေးမှာ ကျပ် ၂၁၅၀၀ နှုန်းပေါက်ပြီး နေ့စဉ်နှစ်မျိုးပေါင်းအိတ် ၆၀၀ ခန့်၊ ပုဂံပဲတစ်တင်းပေါက်ဈေးမှာ ကျပ် ၃၀၀၀၀ နှုန်းဖြင့် အိတ် ၁၀၀ ခန့်၊ ပဲယင်းတစ်တင်းပေါက်ဈေးမှာ ကျပ် ၁၆၅၀၀ နှုန်းဖြင့် အိတ် ၃၀၀ ခန့်၊ ထောပတ်ပဲ တစ်တင်းပေါက်ဈေးမှာ ကျပ် ၂၂၀၀၀ နှုန်းဖြင့် အိတ် ၃၀၀ ခန့်၊ မြေထောက်ပဲ တစ်တင်းပေါက်ဈေးမှာ ကျပ် ၃၀၀၀၀ နှုန်းဖြင့် အိတ် ၅၀၀ခန့်၊ CP ပြောင်း တစ်တင်းပေါက်ဈေးမှာ ကျပ် ၇၂၀၀ နှုန်းအိတ် ၅၀၀ခန့်၊ ဂျုံဖြူသန့် တစ်တင်းကျပ် ၂၀၀၀၀၊ ထွက် တိုးတစ်တင်း ကျပ် ၁၅၅၀၀ နှုန်းများပေါက်ပြီး နှစ်မျိုးပေါင်းအိတ်၁၀၀၀ ခန့်အရောင်းအဝယ်များဖြစ်လျက်ရှိကြောင်းသိရပါတယ်။

ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲလုံးဆန်များအိတ် ၁၅၀၀ကျော် အဝင်ရှိပြီး ဝယ်လက်အဆွဲရှိ၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ် မြေပဲလုံးဆန်တစ်ပိဿာပေါက် ဈေးနှုန်းမှာ ကျပ် ၂၅၀၀ နှုန်းဖြင့် အိတ် ၃၀၀၊ လုံးဆန်နီတစ်ပိဿာ ကျပ် ၂၃၀၀ နှုန်းဖြင့် အိတ် ၅၀၀၊ ဆီဆန် တစ်ပိဿာ ကျပ် ၂၂၀၀ နှုန်းဖြင့် အိတ် ၂၀၀ခန့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## ဟသ်ာတမြို့တွင် မတ်ပဲဈေး အတက်အကျများ ဝယ်လိုအား ကျဆင်း

ယခုအခါတွင် ဟင်္သာတမြို့၌ မတ်ပဲပေါ်ချိန်ရောက်နေပြီဖြစ်သော်လည်း ဈေးအတက်အကျများဖြစ်နေ၍ ဝယ်လိုအားကျဆင်းလျက်ရှိ ကြောင်း မတ်ပဲဈေးကွက်အတွင်းမှ သိရသည်။ မတ်ပဲရာသီရောက်ရှိနေပြီဖြစ်ရာ မတ်ပဲတစ်တင်းလျှင် ကျပ် ၃၅၀၀၀ မှ၃၆၀၀၀ ဖြင့် ရောင်းချလျက်ရှိသည်။ သို့သော်ဈေးကြိုက်သည့်ကုန်သည်များက ဝယ်ယူသိုလှောင်လျက်ရှိကြသော်လည်း စိုက်ပျိုးထုတ်လုပ်သူများမှာမူ ကြိုက်ဈေးမရသဖြင့် မရောင်းချသေးသူများလည်း အများအပြားရှိနေကြောင်းသိရသည်။

မတ်ပဲပေါ်စအချိန်တွင် အချိန်အခါမဟုတ် မိုးရွာသွန်းလျက်ရှိရာထွက်ရှိနေသည့်မတ်ပဲများ၏အရည်အသွေးအနည်းငယ်ကျဆင်းသည့်အတွက် ဈေးကွက်ဝယ်လိုအား ကျဆင်းလျက်ရှိကြောင်း၊ ဝယ်ယူသိုလှောင်သူများနှင့် စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့်လည်း သင့်တင့်သော ဈေးနှုန်းတစ်ခုကိုရရှိနိုင်ရေးအတွက် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ဟင်္သာတခရိုင်အတွင်း မတ်ပဲစိုက်ဧက ၄၄၅၂၇၅ ဧကရှိရာ မတ်ပဲအထွက် တင်းပေါင်း ၁၆၃၃၇၅၀ (မက်ထရစ် တန် ၁ ဒသမ ၂ သိန်း)ခန့်ထွက်ရှိမည်ဟုခန့်မှန်းထားကြောင်းသိရသည်။

**လှိုင်ထွဋ်(ဟသ်ာတ)**

## ပြည်ပဝယ်လက်ပဲများထက် ပြည်စားတော်ပဲ ဈေးကောင်းပိုရ

ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ပြည်တွင်း၊ ပြည်ပဝယ်လက်ရှိတဲ့ ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခုတစ်ပတ်အတွင်း ပဲဈေးအချို့ဈေးပြန်မြင့်တက်လာတာကို တွေ့ရပေမယ့် တချို့ပဲများကတော့ ဈေးငြိမ်အရောင်းအဝယ်ဖြစ်နေတာ တွေ့ရပါတယ်။ စားတော်ပဲသီးနှံဟာ လက်လီပဲဈေးကွက်မှာ ဈေးအမြင့်ဆုံးရနေခဲ့တာကြောင့် တစ်တင်းကျပ် ၄၀၀၀၀ ဖြင့်တစ်ရက်အိတ် ၂၀ ကျော် ၃၀ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ စားတော်ပဲသီးနှံဈေးဟာ ယခင်နှစ်မေလအတွင်းကလည်း တစ်တင်းကျပ် ၄၀၀၀၀ ရရှိကာ ဈေးကောင်းရခဲ့သလို ယခုနှစ်မှာလည်း ဈေးလျော့နည်းသွားခြင်းမရှိဘဲ ဈေးအမြင့်အတိုင်းရရှိခဲ့လို့ ပြည်ပဝယ်လိုအားရှိသော ပဲများထက်ပင် ဈေးကောင်းနေခဲ့ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

## အခြားပဲများဈေးမြင့်တက်လာပေမယ့် ပြည်ဘိုကိတ်ဈေးလျှော့

ယခုတစ်ပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲမျိုးစုံသီးနှံတော်တော်များများဈေးပိုရလာခဲ့ပေမယ့် ဘိုကိတ်ပဲသီးနှံကတော့ ယခုရက်ပိုင်းမှာ ယခင်တစ်ပတ်ကထက် ဈေးလျော့နည်းနေခဲ့ပါတယ်။ ပဲအဝင်ရှိသေးသော်လည်း အိတ်၄၀မှ ၅၀ ကျော်သာဝင်ရောက်ခဲ့ပြီး လက်လီအရောင်းအဝယ်ပုံမှန်ရှိနေသလို တစ်ခါတစ်ရံ ရန်ကုန်ဝယ်လက်လည်း ဝယ်ယူခဲ့တာတွေ့ရပါတယ်။ ပဲတစ်တင်းကျပ် ၂၂၅၀၀ မှ ကျပ် ၂၃၀၀၀ အတွင်း အရောင်းအဝယ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ကတစ်တင်းကျပ် ၂၄၀၀၀ ရရှိနေတာကြောင့် တစ်တင်းလျှင်ကျပ် တစ်ထောင်ကျော် ဈေးလျော့နည်းသွားခဲ့ပါတယ်။ ယခင်နှစ်ကလည်း တစ်တင်းကျပ် နှစ်သောင်းကျော်သာရရှိလို့ ဘိုကိတ်ပဲသီးနှံဈေးဟာ ယခင်နှစ်နဲ့ ယခုနှစ်ဈေးသိပ်မကွာဘဲ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၈ . ၅ . ၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း | - TUG:HTOO NO(1) | အလုပ်မလုပ် |
| ထီးတန်းဆိပ်ကမ်း(၁) | - PACITA | ကုန်သေတ္တာ ၁၅၁ လုံးကုန်ချဆဲ၊ |
| ထီးတန်းဆိပ်ကမ်း(၂) | - NINOS | ကုန်သေတ္တာ ၆၂၄ လုံးကုန်ချဆဲ၊ ကုန်သေတ္တာ ၄၀၂ လုံးကုန်တင်ဆဲ၊ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - MERATUS GORONTALO | ကုန်သေတ္တာ ၄၈၂ လုံးကုန်ချဆဲ၊ ကုန်သေတ္တာ ၄၇၀ လုံးကုန်တင်ဆဲ၊ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၃) | - KOTA HARTA | အလုပ်မလုပ် |
| အလုံဆိပ်ကမ်း (၂) | - SEVGI | G/C ၁၅၃၁ တန်ကုန်တင်ဆဲ |
| အလုံဆိပ်ကမ်း (၃) | - HAI DUONG-01 | သကြားတန် ၆၈၀၀ ကုန်ချဆဲ |
| စက်မှုဆိပ်ကမ်း (၃) | - ANAN BHUN | ကုန်သေတ္တာ ၄၆၈ လုံးကုန်ချဆဲ |
| ဆူးလေဆိပ်ကမ်း (၃) | - TRUONG PHAT 01-ALCI | စတီး တန်ချိန် ၂၈၈၈ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၇) | - HUA YOU-1 | စတီး တန် ၃၃၀၀၀ ကုန်ချဆဲ |
| Myanmar Integrated | - DENSA DOLPHIN Port Ltd | စတီး တန် ၃၃၀၀၀ ကုန်ချဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၃) | - TETON | စတီးတန် ၃၀၀၀၂ ကုန်ချဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၄) | - DING XIANG HAI | စတီးနှင့် G/C တန် ၃၀၆၂၅ ကုန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| BARGE NO 101 TASU | - | SITTWE- | ၁၉.၅.၂၀၁၇ |
| LEO STAR 1 | ဆန် ၂၀၅၀၀ တန်ကုန်တင်ရန် | | ၁၉.၅.၂၀၁၇ |
| TUG-SINAR SEMINAR-1 +BG;SINAR- | ဓာတ်မြေဩဇာ တန် ၃၀၀၀ ကုန်ချရန် | KAWTHONG | ၁၉.၅.၂၀၁၇ |
| INDUSTRIAL MERCHANT | Piles ၁၉၇၆တန် ကုန်ချရန် | | ၁၉.၅.၂၀၁၇ |
| CANELLIA ACE-2 | စက်ပစ္စည်း ၁၀၀ တန်ကုန်ချရန် | | ၁၉.၅.၂၀၁၇ |
| DZ QINGDAO | (50)Units Truck&Steel ၃၁၆၉၈ တန်ကုန်ချရန် | | ၂၁.၅.၂၀၁၇ |
| SEA DRAGON | ယူရီယား ၅၃၀၅ တန်ကုန်ချရန် | | ၂၁.၅.၂၀၁၇ |
| SIGAP | ဘိလပ်မြေတန်၈၀၀၀ကုန်ချရန် | | ၂၂.၅.၂၀၁၇ |
| BLUE SKY | Seafood ၃၅၃ တန်ကုန်ချရန် | | ၂၂.၅.၂၀၁၇ |
| LE MIN | Steel & Equipment ၁၈၀၅၁ တန်ကုန်ချရန် | | ၂၃.၅.၂၀၁၇ |
| RONG HAI | Steel နှင့် ဓာတ်မြေဩဇာ ၃၁၀၀၀ တန်ကုန်ချရန် | | ၂၃.၅.၂၀၁၇ |
| VIKING CHANCE | စက်ပစ္စည်း ၈၀၄ တန်ကုန်ချရန် | | ၂၄.၅.၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SANTOSA STAR | SINGAPORE | ဗိုလ်အောင်ကျော် | ၁၈.၅.၂၀၁၇ |
| EVER ALLY | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၁၉.၅.၂၀၁၇ |
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၉.၅.၂၀၁၇ |
| SOUL OF LUCK | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၉.၅.၂၀၁၇ |
| MATHU BHUM | SINGAPORE | စက်မှုဆိပ်ကမ်း/သီလဝါ၊ | ၁၉.၅.၂၀၁၇ |
| SAN GIORGOI | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၉.၅.၂၀၁၇ |
| DAWEI | SINGAPORE | ဗိုလ်အောင်ကျော် | ၁၉.၅.၂၀၁၇ |
| KOTA HASIL | SINGAPORE | အေးရှားဝေါလ် | ၂၀.၅.၂၀၁၇ |
| ANDAMAN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၀.၅.၂၀၁၇ |
| INNWA STAR | SINGAPORE | သီလဝါဆိပ်ကမ်း/အေးရှားဝေါလ် | ၂၀.၅.၂၀၁၇ |
| MAERSK ATLANTIC | SINGAPORE | သီလဝါဆိပ်ကမ်း/အေးရှားဝေါလ် | ၂၁.၅.၂၀၁၇ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ် | ၂၂.၅.၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN CHEETAH | ဒီဇယ် | - | ၁၈.၅.၂၀၁၇ |
| MT.MADEIRO | ဒီဇယ် | - | ၁၈.၅.၂၀၁၇ |
| MT.YU RU | ဒီဇယ် | - | ၁၉.၅.၂၀၁၇ |
| MT.GAEA | ဒီဇယ် | - | ၁၉.၅.၂၀၁၇ |
| MT.BTS CAPELLA | ဒီဇယ် | - | ၁၉.၅.၂၀၁၇ |
| MT.FLY MARLIN | ဒီဇယ် | - | ၁၉.၅.၂၀၁၇ |
| MT.GLORY STAR | စားအုန်းဆီ | - | ၂၀.၅.၂၀၁၇ |
| MT.OCEANSUPREME | ဒီဇယ် | - | ၂၀.၅.၂၀၁၇ |
| MT.OCEAN BULL | ဒီဇယ် | - | ၂၀.၅.၂၀၁၇ |
| MT.CHAO ANOMA | ဒီဇယ် | - | ၂၁.၅.၂၀၁၇ |
| MT.AU GEMINI | စားအုန်းဆီ | - | ၂၃.၅.၂၀၁၇ |

## မေလလယ် ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲဈေးပြန်မြင့်လာပြီး လက်လီပဲအချို့ဈေးငြိမ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်အတွင်း ပဲမျိုးစုံသီးနှံဈေးကွက်မှာ နေ့စဉ်ပဲအမျိုးမျိုး အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ပြည်ပဝယ်လက်ပဲထဲမှာ ပဲတီစိမ်းသီးနှံဝင်ရောက်မှုမရှိတော့သလို လက်ကျန်ပဲလည်း မရှိတော့တဲ့အတွက် ယခုလအတွင်း ဈေးကွက်မရှိသလောက်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ မတ်ပဲနှင့်ပဲစင်းငုံသီးနှံကတော့ အရောင်းအဝယ်ဆက်ရှိနေကာ မတ်ပဲသီးနှံမှာ နေ့စဉ် ပဲအဝင်ရှိခဲ့သလို ရန်ကုန်ဝယ်လက်သမားနှင့် လှော်င်သမားများပါ ဝယ်ယူလျက်ရှိတာကြောင့် အိတ် ၅၀၀ ကျော် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပန်းတောင်း၊ပေါင်းတလည်၊ ပေါက်ခေါင်းမြို့နယ်များမှ ဝင်ရောက်ခဲ့သလို လှော်င်ပဲများလည်း လက်ကျန်ရှိနေခဲ့တာတွေ့ရပါတယ်။ ပဲဈေးမှာ လဆန်းရက်က ဈေးဆက်တိုက် ကျခဲ့လို့ တစ်တင်း ကျပ်သုံးသောင်းခန့်သာ ရရှိခဲ့ပြီး ယခုရက်ပိုင်းမှာတော့ ပဲဈေးလှုပ်လာလို့ ဈေးပြန်မြင့်လာကာ တစ်တင်းကျပ်နှစ်ထောင်ကျော် ဈေးပိုရလာခဲ့ပါတယ်။ ဒါပေမယ့် တောင်သူအချို့နဲ့ လှော်င်သမားများက ထုတ်မရောင်းကြဘဲ လှော်င်သမားအချို့က အကျဈေးဖြင့် ဝယ်ယူနေကြတာလည်း တွေ့ရပါတယ်။ ယခင်နှစ်ကာလတူက မတ်ပဲသီးနှံတစ်တင်းကျပ် ငါးသောင်းကျော် ရရှိခဲ့လို့ ပဲဈေးကွက်မှာ ဈေးအမြင့်ဆုံးရနေခဲ့သော်လည်း ယခုနှစ်ဈေးအေးနေတဲ့အတွက် ကုလားပဲ၊ ပဲကြီးသီးနှံတို့ထက်ပင် ဈေးလျော့နည်းနေခဲ့ကြောင်းသိရပါတယ်။

ပဲစင်းငုံသီးနှံမှာ ပဲအဝင်မရှိပေမယ့် လက်ကျန်ပဲရှိခဲ့လို့ နေ့စဉ်အရောင်းအဝယ်မဖြစ်သော်လည်း ရန်ကုန်ဝယ်လက်သမားဝယ်ယူမှုအပေါ် ရက်ခြားရောင်းချမှုရှိခဲ့ပါတယ်။ ဒါကြောင့် အရောင်းအဝယ်ဖြစ်သည့်ရက်မှာ တစ်ရက်အိတ် ၃၀၀ ကျော် ရောင်းဝယ်ခဲ့ကြပြီး ပဲဈေးနှုန်းမှာတစ်တင်း ကျပ် ၂၀၅၀၀ ဖြင့် ယခင်တစ်ပတ်ထက် ကျပ် ၅၀၀ ခန့် ဈေးပြန်ပိုလာတယ်လို့ သိရပါတယ်။

ပြည်တွင်းဝယ်လက်များဖြင့် အဓိကအရောင်းအဝယ်ဖြစ်နေတဲ့ ကုလားပဲသီးနှံက ပန်းတောင်း၊ မင်းတုန်း၊ ကံမမြို့နယ်များမှ နေ့စဉ်အိတ် ၂၀၀ မှ ၃၀၀ ကျော် ဝင်ရောက်ခဲ့သလို ဝယ်လိုအားကလည်း ဒေသတွင်းရှိ ခွဲစက်သမားများ နေ့စဉ်ဝယ်ယူမှုရှိခဲ့ကာ အိတ် ၃၀၀ မှ ၄၀၀ ကျော်အထိ အရောင်းအဝယ်သွက်နေခဲ့ကြောင်း သိရပါတယ်။ ပဲဈေးကွက်အတွင်းမှာ မတ်ပဲသီးနှံပြီးလျှင် ကုလားပဲသီးနှံဟာ အရောင်းအဝယ်အများဆုံးဖြစ်နေခဲ့ပါတယ်။ ပဲဈေးကတော့ တစ်တင်းကျပ် ၄၀၀၀၀ ဖြင့်ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်ပိုရလာပေမယ့် ပဲကြီးဈေးထက်တော့ ဈေးလျော့နည်းလျက်ရှိကြောင်း သိရပါတယ်။ ယခင်နှစ်က ကုလားပဲသီးနှံဈေးဟာ ပဲကြီးဈေးထက်ဈေးသိသိသာသာပိုရခဲ့သော်လည်း ယခုနှစ်မှာ ပဲကြီးသီးနှံဈေးကောင်းခဲ့လို့ ကုလားပဲသီးနှံဟာ ယခင်နှစ်ဈေးနှင့်ကွာခြားမှုမရှိသော်လည်း ပဲကြီးသီးနှံထက် တစ်တင်းကျပ်တစ်သောင်းနီးပါးလျော့နည်းကွာခြားပါတယ်။

လက်လီပဲများထဲမှာတော့ ပဲလွန်းဖြူသီးနှံနဲ့ ပဲနီပြားသီးနှံက ပဲအဝင်မရှိတော့ဘဲ လက်ကျန်သာ အသင့်အတင့်ရှိလို့ နေ့စဉ် အိတ်အနည်းငယ် ရောင်းဝယ်လျက်ရှိကာ ပဲလွန်းဖြူတစ်တင်းကျပ် ၂၈၀၀၀၊ ပဲနီပြားတစ်တင်းကျပ် ၂၄၀၀၀ ဖြင့် ပဲလွန်းဖြူသီးနှံထက် ပဲနီပြားသီးနှံက အရောင်းအဝယ်ပိုဖြစ်လျက်ရှိပါတယ်။ ပဲပုပ်သီးနှံကလည်း လက်လီသာအရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲဈေးအနေဖြင့် ယခင်တစ်ပတ်ကထက် ဈေးလျော့ခဲ့လို့ တစ်တင်းကျပ် ၂၃၀၀၀ ဖြင့် အိတ်အနည်းငယ် ရောင်းချခဲ့ရကြောင်းသိရပါတယ်။ **ခင်ဆွေဝင်း**

## ကလေးမြို့နယ်ထွက် ဆောင်းစိုက်နေကြာ အထွက်နှုန်းနှင့်ဆီပိုမိုထွက်ရှိ

ကလေးမြို့နယ်တွင် ယခုဆောင်းစိုက်နေကြာများမှာ အထွက်နှုန်းနှင့် ဆီထွက်ပါ ပိုမိုထွက်ရှိတဲ့အတွက် နေကြာစိုက်တောင်သူတို့ တွက်ခြေကိုက်ကြောင်း ကလေးမြို့က ဆီစက်ပိုင်ရှင်တစ်ဦးထံမှ သိရှိရပါတယ်။ ယခုနှစ် ကလေးမြို့နယ်တွင် ဆောင်းနေကြာကို ဧကလေးသောင်းငါးထောင်ကျော်စိုက်ပျိုးခဲ့ပြီး အထွက်နှုန်းရော ဆီထွက်ပါ တွက်ခြေကိုက်သဖြင့် တောင်သူများပြုံးပျော်ရတဲ့နှစ်လို့ဆိုပါတယ်။ တစ်ဧကအထွက် ၂၅တင်းမှ ၃၀တင်းကျော် ထွက်ရှိခဲ့ပြီး ဆီထွက်မှာလည်း စိုက်ပျိုးရေးမှ ဖြန့်ဖြူးပေးသည့် ဆင်းရွှေကြာ-၃မျိုးနှင့် ရေဆင်းစပ်မျိုး-၁ တို့ဖြစ်ပြီး ဆီအထွက်မှာသုံးတင်းကြိတ်ခဲ့လျှင် ဆီ ၁၁ ပိဿာခန့်ထွက်ရှိသဖြင့် ယခုနှစ်မှစ၍ တောင်သူများအနေနဲ့ နေကြာကို စားတော်ပဲ ထက် ပိုစိုက်လာကြောင်း သိရပါတယ်။နေကြာတစ်ဧကကုန်ကျစရိတ်မှာ ကျပ် ၉၀၀၀၀ကျော်ရှိပြီး နေကြာတစ်တင်းရောင်းဈေး ကျပ် ၈၅၀၀ ရှိသဖြင့် ပုံမှန် ၂၅ တင်းထွက်ရှိပါက တစ်ဧကအမြတ် ကျပ်တစ်သိန်းကျော် ရရှိပါတယ်။ နေကြာဆီတစ်ပိဿာ ကျပ် ၂၆၀၀ ခန့်ရှိပြီး၊ စားအုန်းဆီဈေးမှာ တစ်ပိဿာ ကျပ် ၂၀၀၀ မှ ကျပ် ၂၃၀၀ ထိ ဈေးရှိသဖြင့် ယခုလိုအထွက်တိုးနေကြာမျိုးများကို တောင်သူများထံ လုံလောက်အောင် နှစ်စဉ်ဖြန့်ဖြူးပေးနိုင်ပါက စားအုန်းဆီ ဈေးကွက်ပျောက်ပြီး နေကြာဆီဈေးကွက် ရောက်လာနိုင်ကြောင်း ဆီစက်ပိုင်ရှင်တစ်ဦးက သုံးသပ်ပြောကြားခဲ့ပါတယ်။ **အောင်မင်း( တန့်ဆည် )**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရက ပြည်ပမှ ဆန်တန်ချိန် ၅၀၀၀၀ တင်သွင်းမည်

ဘင်္ဂလားဒေ့ရှ်နိုင်ငံ Directorate General of Food သည် အရန်ရိက္ခာဖြည့်တင်းရန်နှင့် ဆန်ဈေးနှုန်း တည်ငြိမ်မှုရှိရန်အတွက် ပြည်ပမှ ဆန်တန်ချိန် ၅၀၀၀၀ ဝယ်ယူတင်သွင်းရန် တစ်ပတ်အတွင်း ဒုတိယမြောက် တင်ဒါခေါ်ယူမည်ဟု မေလ ၁၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း ဌာနဆိုင်ရာတာဝန်ရှိသူများက ပြောကြားခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြည်တွင်းဆန်းဈေးနှုန်းများမြင့်တက်ခဲ့ပြီး နိုင်ငံတော်အရန်ဆန်သိုလှောင်ထားမှုမှာလည်း တဖြည်းဖြည်းနည်းပါးလာခဲ့သဖြင့် ပြည်ပမှ တင်ဒါခေါ်၍ ဆန်တင်သွင်းရန် အထွေထွေ စားနပ်ရိက္ခာဦးစီးဌာန က စီစဉ်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရေလွှမ်းမိုးမှုများကြောင့် ရင့်မှည့်နေသည့်စပါးတန်ချိန် ခုနစ်သိန်းခန့်ပျက်စီးဆုံး ရှုံးခဲ့ပြီးနောက် ပြည်ပမှဆန်တန်ချိန် ခြောက်သိန်းတင်သွင်းရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရအနေဖြင့် ဆန်တင်သွင်းမှုအပေါ် တွင် အခွန်လျှော့ပေါ့ကောက်ခံရန် စဉ်းစားထားကြောင်း အထွေထွေ စားနပ်ရိက္ခာဦးစီးဌာန၏ အကြီးအကဲဖြစ်သူ ဘာဒရယ်ဟာဆန်က ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။ တင်ဒါစနစ်ဖြင့် ပြည်ပမှ ဆန်တင်သွင်းရာတွင် လုပ်ထုံးလုပ်နည်းများ များပြားလှသဖြင့် ထိုင်း၊ ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံတို့ကဲ့သို့ အစိုးရချင်း ချိတ်ဆက်၍ ဆန် ဝယ်ယူတင်သွင်းရန် စီစဉ်လျက်ရှိကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်မှာ မေလ ၂၈ ရက်ဖြစ်ပြီး ဝယ်ယူခွင့်ရရှိသည့်လုပ်ငန်းရှင်အနေဖြင့် စာချုပ်ချုပ်ဆိုပြီးသည့်နေ့မှ ရက်ပေါင်း ၄၀ အတွင်း ဆန်တန်ချိန် ငါးသောင်းအား တင်ပို့ရမည်ဖြစ်သည်။

ကမ္ဘာတွင် စတုတ္ထမြောက် ဆန်အများဆုံးထွက်ရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တစ်နှစ်လျှင် ဆန်တန်ချိန် သန်း ၃၀ ကျော်ထွက်ရှိပြီး ထွက်ရှိသမျှအားလုံးနီးပါးကို ပြည်သူသန်း ၁၆၀ က စားသုံးလျက်ရှိသည်။ သို့ရာတွင် ရေကြီးခြင်းနှင့် မိုးခေါင်ခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံများ ပြတ်လပ်မှုဖြစ်ပေါ်သဖြင့် နှစ်စဉ် ပြည်ပမှ တင်သွင်းနေရသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည်။

Source: Reuters

**စန္ဒာထွန်း (TTI)**

## ကြက်သွန်နီ

### ထိုင်းနယ်စပ်မှ ကြက်သွန်နီပိုမိုတင်ပို့ပြီး တရုတ်နယ်စပ်မှကြက်သွန်နီ လျော့နည်းတင်ပို့

မေ ၆ ရက်မှ ၁၂ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၆၁ သန်း တန်ဖိုးရှိ ကြက်သွန်နီ ၆၈၉ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၈၈၆တန်နဲ့နှိုင်းယှဉ်ပါက ၂၁၉၇တန် လျော့နည်းခဲ့ပါတယ်။

အလားတူ မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်နဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၄၁၆၁၅ တန်ဖိုးရှိ ကြက်သွန်နီ ၃၇၁တန်ကို ထိုင်းနိုင်ငံသို့တင်ပို့ခဲ့ပါတယ်။စခန်းအလိုက်တင်ပို့မှုမှာ မြဝတီမှ၁၅တန်နဲ့ တာချီလိတ်မှ ၃၅၆ တန် ဖြစ်ပါတယ်။ ယခင်တစ်ပတ်က တာချီလိတ်မှ ၁၅၆ တန်၊ မြဝတီမှ တန် ၃၀ စုစု ပေါင်း ၁၈၆ တန်တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ် ထိုင်းနိုင်ငံသို့ ကြက်သွန်နီ ၁၈၅ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၊ ဆိပ်ဖြူမြို့နယ် ဒေသများရှိ ကိုင်းစိုက်တောင်သူများက ဈေးကွက်ဝင် ကြက်သွန်နီကို အဓိကစိုက်ပျိုးကြကြောင်း ရေစကြိုမြို့နယ်တွင် ကြက်သွန်ကို နှစ်စဉ်တော်သလင်း၊ သီတင်းကျွတ်တွင် တစ်ကြိမ်၊ တန်ဆောင်မုန်း၊နတ်တော်တွင် တစ်ကြိမ်၊ တစ်နှစ်ကို နှစ်ကြိမ်စိုက်ပျိုးကြကြောင်း ရေစကြို မြို့နယ်မှ ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောပါတယ်။ **မော်မော်အောင်**

### ပြည်ကြက်သွန်နီဈေးကွက် အရောင်းအဝယ်အေး

ယခုတစ်ပတ် ပြည်ကြက်သွန်နီဈေးကွက်တွင် အရောင်းအဝယ်သိသိသာသာ အေးသွားကြောင်း သိရပါတယ်။ ယခုအချိန်ကာလမှာ ကျောင်းဖွင့်ချိန်သို့ရောက်ရှိတော့မည်ဖြစ်ရာ စားသုံးသူပြည်သူများ၊ ဒေသတွင်းဝယ်လက်သမားများနဲ့ အိတ်ဆွဲ ဝယ်ရောင်းသမားများပါမကျန် စားသုံးသူများက ကျောင်းစရိတ်၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာရေးကိရိယာများ ဝယ်ယူနေရတဲ့အတွက် စားဖိုဆောင်ဈေးကွက်မှာ အရောင်းအဝယ်အေးသွားခြင်းဖြစ်ကြောင်း ပွဲရုံလုပ်ငန်းရှင်တစ်ဦးရဲ့ ပြောကြားချက်အရ သိရပါတယ်။ ဈေးကွက်အတွင်းသို့ ကြက်သွန်နီအဓိကထွက်ရှိရာ မကွေးတိုင်း၊ မန္တလေးတိုင်းတို့မှ တစ်နေ့လျှင် ပိဿာ ၃၀ ဝင် အိတ် ၇၀၀ ခန့် ပိုမိုဝင်ရောက်နေကြောင်း သိရပါတယ်။

အဝင်များပေမယ့် တစ်နေ့လျှင် ပိဿာ ၃၀ ဝင်အိတ် ၃၀၀ မှ ၃၅၀ ခန့် သာ အရောင်းအဝယ်ရှိပြီးဈေးနှုန်းမှာ ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင် (ကြီး/ လတ်) ကျပ် ၉၀၀ မှ ကျပ် ၉၅၀၊ (အသေးစ) ကျပ် ၈၀၀ မှ ကျပ် ၈၅၀ ဈေးဖြင့် ရောင်းဝယ်နေတာတွေ့ရပါတယ်။ ဒေသတွင်းလက်လီဈေး အသေးများတွင် တစ်ပိဿာလျှင် (ကြီး/လတ်) ကျပ် ၁၁၀၀၊ ကျပ် ၁၂၀၀ မှ ကျပ် ၁၃၀၀၊ (အသေးစ) ကျပ်၉၅၀မှ ကျပ် ၁၀၀၀ ဖြင့် ရောင်းဝယ်နေကြောင်း သိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

### မုံရွာကြက်သွန်နီဈေးကွက် မေတတိယပတ် ဈေးငြိမ်လျက်ရှိ

မုံရွာ(ပွဲရုံ) စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ်ကြက်သွန်နီဈေးကွက်ရှိကြက်သွန်နီပွဲရုံသို့ နေ့စဉ်ပိဿာချိန် ၂၀၀၀၀ ကျော် အဝင်ရှိပြီး မုံရွာပွဲရုံများမှ ဒေသတွင်းအိတ်ဆွဲများနှင့်ချင်းတွင်းမြစ်ကမ်းတစ်လျှောက် ဟုမ္မလင်း၊ ခန္တီးမြို့များအပြင် ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းဝယ်မှုများရှိပြီး အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ် ကြက်သွန်နီဈေးနှုန်းမှာ မုံရွာပွဲရုံများ၌ လက်ကားတစ်ပိဿာ (ကြီး) ကျပ် ၇၅၀၊ (လတ်)ကျပ် ၇၀၀၊ (သေး) ကျပ် ၆၅၀၊ လက်လီတစ်ပိဿာ(ကြီး) ကျပ်၉၅၀၊ (လတ်) ကျပ် ၈၅၀၊ (သေး) ကျပ် ၈၀၀နှုန်း ပေါက်လျက်ရှိပြီး ယခင် တစ်ပတ် လက်ကားတစ်ပိဿာ (ကြီး)ကျပ် ၈၀၀၊ (လတ်) ကျပ် ၇၅၀၊ (သေး) ကျပ် ၇၀၀ နှုန်းရှိပြီး လက်လီဈေးနှုန်း တစ်ပိဿာ(ကြီး) ကျပ် ၁၀၀၀၊ (လတ်) ကျပ် ၉၀၀၊ (သေး) ကျပ် ၈၀၀ နှုန်းပေါက်လျက်ရှိရာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးအတက်အကျမရှိ ဈေးငြိမ်လျက်ရှိကာ အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရှိရပါတယ်။ ကြက်သွန်ဖြူဈေးကွက်တွင် ကြက်သွန်ဖြူများ မုံရွာပွဲရုံသို့ ပိဿာ ၁၀၀၀ ကျော် အဝင်ရှိပြီး ယခုတစ်ပတ်ကြက်သွန်ဖြူတစ်ပိဿာဈေးနှုန်းမှာ ပွဲရုံဈေး(ဗမာ) ကျပ် ၄၀၀၀၊ (ရှမ်း) ကျပ် ၃၀၀၀၊ လက်လီဈေးနှုန်းမှာ (ဗမာ) ကျပ် ၅၀၀၀၊ (ရှမ်း) ကျပ် ၃၅၀၀ နှုန်းပေါက်ပြီး ယခင်တစ်ပတ်ပွဲရုံဈေး(ဗမာ) ကျပ် ၄၀၀၀၊ (ရှမ်း) ကျပ် ၃၀၀၀ လက်လီကတော့ တစ်ပိဿာ(ဗမာ) ကျပ် ၅၀၀၀၊ (ရှမ်း) ကျပ် ၃၅၀၀ နှုန်းဖြင့် ယခင်တစ်ပတ်ဈေးအတိုင်းဈေးငြိမ်နေပြီး အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှသိရပါတယ်။ **ကြည်ကြည်နွယ်(မုံရွာ)**

## ချင်း

### ပင်လယ်ရေကြောင်းမှ ချင်းပြန်လည်တင်ပို့

မေလ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း ချင်း၁၅ ဒသမ ၉၉၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ဧပြီလ ဒုတိယသီတင်းပတ်မှ စတင်ပြီး တင်ပို့မှုပျောက်ခဲ့တဲ့ ချင်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့နိုင်ခြင်းဖြစ်ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံမှာ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံဖြစ်ပါတယ်။ ဒီတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၉၉၁၄ ဝင်ငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း**

### တရုတ်နယ်စပ်မှ ချင်းခြောက်ပိုမိုတင်ပို့

မေ ၆ ရက်မှ ၁၂ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၀၉၉၇၈ တန်ဖိုးရှိ ချင်းခြောက် ၁၀၂ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၆၁တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၄၁ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ချင်းခြောက်တစ်တန်ကို (ငွေလဲနှုန်းအရ) မိမိဘက်ပေါက် ဈေး ၁၄၅၈၄၉၀ ကျပ်ခန့်ရှိပြီး ၂၀၁၆ မေလမှာ ၂၀၆၃၈၉၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## မန်ကျည်း

### ပြည်မန်ကျည်းမှည့် ဈေးကောင်းသော်လည်း ဒေသတွင်း ဝယ်လက်သာရှိ

ယခုနှစ်ပြည်(ပွဲရုံ)များတွင် မန်ကျည်းမှည့်လှောင်သူများ ယခင်နှစ်များထက် မတူဘဲ အရင်းများများနဲ့လှောင်နေရပြီး ဝယ်လက်မရှိတာကြောင့် အရောင်းအဝယ် အေးတယ်လို့ ဆိုနိုင်ပါတယ်။ ဒေသတွင်းရာသီဥတု အပူချိန်ကြောင့် ဖျော်ရည်သမားများ၊ လုပ်ငန်းတွင်းအသုံးပြုသူများကြောင့်သာ အရောင်းအဝယ် ဖြစ်နေကြောင်းသိရပါတယ်။ မြန်အောင်၊ ကြံခင်းနဲ့ဒေသတွင်းမှ ထွက်ရှိသော မန်ကျည်းမှည့်များ ဝင်ရောက်နေပြီး ဈေးကျလာတာ မတွေ့ရဘဲဈေးငြိမ် နေတာတွေ့ရပါတယ်။ ပွဲရုံဈေးနှုန်းတွေကတော့(ကြံခင်း)မန်ကျည်းမှည့် ကျပ် ၂၄၀၀ နဲ့ (ဒေသထွက်) မန်ကျည်းမှည့်ကတော့ ကျပ် ၂၀၀၀ ဈေးသာပေါက်ပြီး၊ ရောင်းဝယ်နေတာဖြစ်ပါတယ်။ ဒေသတွင်း လက်လီဈေးနှုန်းတွေကတော့ မန်ကျည်း မှည့်တစ်ပိဿာ ကျပ် ၂၅၀၀ (အစေ့အနည်းငယ်ပါ) နဲ့(အသားချည်း) ကျပ် ၃၂၀၀ ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိပါတယ်။ မန်ကျည်းမှည့် စိုက်ပျိုးသူတွေ ဈေးကောင်းရပေမယ့် နယ်ဝယ်လက်မရှိတာကြောင့် ဖျော်ရည်သမားများလောက်သာ အဆွဲရှိပြီး အရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။ **နီနီဝင်း**

### မန်ကျည်း ဆက်လက်တင်ပို့

မေလ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း၄၅၇ ဒသမ ၉၉၅ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၇၂ တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၅၀၊ မလေးရှားနိုင်ငံသို့ ၄၈ တန် နဲ့ စင်ကာပူနိုင်ငံသို့ ၁၈၇ ဒသမ ၉၉၅ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာမန်ကျည်းစေ့နဲ့ မန်ကျည်းသီးအသစ်တို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် က တင်ပို့ခဲ့တဲ့တန်ချိန် ၄၃၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မန်ကျည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၈၄၉၈၆ ဝင်ငွေရရှိခဲ့ပါတယ်။ **သီတာဝင်း**

### ပြည်ပွဲရုံများသို့ ကြက်သွန်ဖြူအသစ်များ ဝင်ရောက်မှုကြောင့် ဈေးဆက်ကျ

ပြည်ပွဲရုံများတွင် ကြက်သွန်ဖြူအသစ်တွေ ဆက်တိုက်ဝင်နေတာတွေ့ရပါတယ်။ ကြက်သွန်ဖြူ(ရှမ်းစ)တွေကတော့ အရွယ်အစားရော၊ အရည်အသွေးပါ ကောင်းမွန်ပြီး ဈေးနှုန်းလည်းအသင့်အတင့်ကျလာပါတယ်။တရုတ်လိုင်း ဝင်ရောက်လာတဲ့ (ကြူကုတ်) ကြက်သွန်ဖြူတွေကတော့ ဈေးကျပေမယ့် အစိုဓာတ် အလွန်များပြီး ဝင်ရောက်လာတာကြောင့် အရောင်းအဝယ်လည်း အနည်းငယ်သာ ဖြစ်နေတာ တွေ့ရပါတယ်။ ယခုတစ်ပတ်ကြက်သွန်ဖြူဈေးနှုန်းတွေကတော့ (ပွဲရုံဈေး) တစ်ပိဿာလျှင် ရှမ်းစ ကျပ် ၃၄၀၀၊ ကျပ် ၃၆၀၀ နဲ့ ကျပ်၄၀၀၀ဈေးအထိ အရွယ်စုံဝင်ရောက်ပြီး ကြူကုတ်စ တစ်ပိဿာလျှင် ကျပ် ၄၅၀၀ မှ ကျပ် ၄၈၀၀ ဈေးတို့ဖြစ်ကြောင်းသိရပါတယ်။ ဒေသတွင်းဈေးများတွင် (လက်လီဈေး) ဈေးနှုန်းများမှာ ရှမ်းစ ကျပ် ၄၀၀၀မှ ကျပ် ၄၅၀၀ဈေးနှင့် ကြူကုတ်စများကိုတော့ ကျပ် ၅၅၀၀ မှ ကျပ် ၆၀၀၀ အထိရောင်းချနေပါတယ်။ အရောင်းအဝယ်အနေဖြင့် အရည်အသွေးပေါ် မူတည်ပြီး အရောင်းအဝယ်ဖြစ်နေကြောင်းသိရပါတယ်။ **နီနီဝင်း**

## နနွင်း

### မလေး၊ စင်ကာပူ၊ အိန္ဒိယနဲ့အင်ဒိုနီးရှား နိုင်ငံများသို့ နနွင်းတင်ပို့

မေလ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၂၅၁ ဒသမ ၇၁တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ ၁၄၂ ဒသမ ၇၁ တန်၊ မလေးရှားနိုင်ငံသို့ ၅၆ တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ ၄၅ တန်နဲ့ စင်ကာပူနိုင်ငံသို့ ၈ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပြီး မလေးရှားနိုင်ငံသို့ ဒုတိယအများဆုံးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့နနွင်း ၁၅၉ တန်ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ၉၂ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၆၅၅၁၈ ဝင်ငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း**



### မူဆယ်မှ နနွင်း လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ မေ ၆ ရက်မှ ၁၂ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၇၁၆၄၉ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၅၅၄ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၆၂၁တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၆၇တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက်တစ်တန်ရဲ့ (ငွေလဲနှုန်းအရ) မိမိဘက်ပေါက် ဈေးမှာ ၂၀၁၇ မေလမှာ ၉၀၉၈၆၀ ကျပ်ဝန်းကျင်ခန့်ရှိပြီး ကာလတူ ၂၀၁၆ မေလမှာ တော့ ၉၁၉၅၆၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

# ၂၁ ရာစု ပိုးလမ်းမကြီး စီမံကိန်း (One Belt One Road, OBOR) နှင့်

# မြန်မာ့စီးပွားရေး လားရာ

■ ဇေယျာဆွေ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့မှာ ပြီးခဲ့တဲ့ မေလ ၁၄ ရက်နဲ့ ၁၅ ရက်တွေမှာ Belt and Road နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ကို ကျင်းပခဲ့ရာမှာ မြန်မာနိုင်ငံက နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် ခဲ့ပါတယ်။ အဲဒီ ဖိုရမ်ကို ကမ္ဘာ့စီးပွားရေး အင်အားကြီး နိုင်ငံကြီးတွေဖြစ်တဲ့ ရုရှားနိုင်ငံက သမ္မတဗလာဒီမာ ပူတင်၊ တူရကီနိုင်ငံက သမ္မတ Recep Tayyip Erdogan၊ အီတလီ ဝန်ကြီးချုပ် Paolo Gentiloni တို့ အပါအဝင် နိုင်ငံ့ခေါင်းဆောင် ၂၈ ဦးတို့အပြင် နိုင်ငံတကာအဖွဲ့အစည်း ခေါင်းဆောင်တွေဖြစ်တဲ့ ကမ္ဘာ့ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် Mr.Antonio Guterres၊ နိုင်ငံတကာငွေကြေးရန်ပုံငွေ အဖွဲ့ အကြီးအကဲ Christine Lagarde တို့အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်း အသီးသီးက ခေါင်းဆောင် ၇၀ ကျော်နဲ့ အခြားနိုင်ငံပေါင်း ၁၃၀ ကျော်က ကိုယ်စားလှယ်ပေါင်း ၁၅၀၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရတဲ့အတွက် ကမ္ဘာ့စီးပွားရေးအတွက် အလွန် အရေးပါတဲ့ ဖိုရမ်ကြီးဖြစ်ကြောင်း သုံးသပ်ရပါတယ်။

ဘာလို့ ဒီဖိုရမ်ကြီးက အရေးကြီးရတာလဲ. .၊ ဘာ့ကြောင့် ကျင်းပရတာလဲ. . .၊ ဘယ်လို စတင် ဖြစ်ပေါ်လာတာလဲ လေ့လာကြည့်ကြပါစို့။

**မူလပထမ ပိုးလမ်းမကြီး**

တရုတ်ပြည်ရဲ့ဟန်မင်းဆက်လက်ထက် (206 BC-220AD) တရုတ်ပြည်က ပိုးကုန်သည်တွေဟာ သူတို့ရဲ့ပိုးထည်တွေကို အရှေ့အာရှနိုင်ငံတွေနဲ့ ရုရှားနိုင်ငံတို့ကိုဖြတ်ပြီး ဥရောပမြောက်ပိုင်းအထိ ကုန်သွယ်မှုခြေဆန့်တဲ့ လမ်းကြောင်းအဖြစ် အသုံးပြုခဲ့တဲ့ လမ်းမကြီးဖြစ်ပြီး အခုလက်ရှိ အချိန်အထိ ဒီလမ်းမကြီးဟာ တရုတ်နိုင်ငံရဲ့ကုန်သွယ်မှုနဲ့ ပတ်သက်ရင် နှလုံးသွေးကြောတစ်ခုဆိုရင် မမှားပါဘူး။ ဒါကြောင့် ဒီလမ်းမကြီးရဲ့သွားလာရာ လမ်းကြောင်းကို ပိုမိုကောင်းမွန်အောင် အဆင့်မြှင့်တင်ဖို့ စိတ်ကူးကို စတင်အကောင်အထည်ဖော်သူကတော့ တရုတ်သမ္မတ ရှီကျင့်ဖျင်ပဲဖြစ်ပါတယ်။

**ကုန်းလမ်းရေလမ်း ပိုးသားလမ်း**

တရုတ်နိုင်ငံနဲ့ ကုန်းတွင်း နယ်နိမိတ်ချင်း ထိစပ်နေတဲ့ နိုင်ငံပေါင်း ၁၄ နိုင်ငံ ရှိပြီး ရေနယ်နိမိတ်ချင်း ဆက်စပ်နေတဲ့ နိုင်ငံပေါင်း ငါးနိုင်ငံရှိရာမှ ဗီယက်နမ်နိုင်ငံဟာ တရုတ်နိုင်ငံရဲ့ကုန်းနဲ့ရေ နယ်နိမိတ်နှစ်ခုလုံး ထိစပ်နေတဲ့ တစ်ခုတည်းသော နိုင်ငံဖြစ်ပါတယ်။ ဒီလိုမျိုး ထိတွေ့ဆက်သွယ်မှုတွေ ရှိနေတဲ့ အားသာနေတဲ့ တရုတ်နိုင်ငံရဲ့သမ္မတ ရှီကျင့်ဖျင်ဟာ ၂၀၁၃ ခုနှစ်မှာတော့ အာရှအလယ်ပိုင်းနိုင်ငံဖြစ်တဲ့ ကာဇက်စတန်နိုင်ငံမှာ အာရှရဲ့ပုလင်းလည်ပင်းလိုဖြစ်နေတဲ့ ဆက်သွယ်ရေးလမ်းကြောင်းတွေကို အဆုံးသတ်ကြပါစို့ဆိုတဲ့ ကြွေးကြော်သံနဲ့ အတူသူ့ရဲ့ကုန်းလမ်းရေလမ်း နှစ်သွယ် ယှက်နွယ်မယ့် ၂၁ ရာစု ပိုးသားလမ်းမကြီး စီမံကိန်းကို စတင်ကြေညာခဲ့ပါတယ်။ စီမံကိန်းကို ပါဝင်ကြမယ့် နိုင်ငံတွေအနေနဲ့ ပူးပေါင်းဆွေးနွေးခြင်း၊ တည်ဆောက်ခြင်းတို့နဲ့အတူ ကောင်းမွန်တဲ့ ရလဒ်များကို မျှဝေခံစားကြပါစို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်ကြဖို့လည်း သူက တိုက်တွန်းခဲ့ပါတယ်။ ကုန်းလမ်းကတော့ မူလပထမ ပိုးလမ်းမကြီးကို အမြန်ရထားလမ်း၊ ကားလမ်း၊ ဆိပ်ကမ်း၊ လေဆိပ်၊ ရေနံနဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းတွေနဲ့ ကြေးနန်း ဆက်သွယ်ရေး ဖိုင်ဘာကြိုးလိုင်းတွေ ယှက်နွယ် တည်ဆောက်ပြီး အဆင့်မြှင့်တင်တာ ဖြစ်ပြီး၊ ရေကြောင်းပိုးလမ်းမကတော့ တရုတ်ကနေ ဥရောပဈေးကွက်ကို ရောက်ဖို့အတွက် သူနဲ့ဆက်စပ်နေတဲ့ ဗီယက်နမ်ကနေ အင်ဒိုနီးရှား၊ အိန္ဒိယ၊ သီရိလင်္ကာ၊ အရှေ့အာဖရိကနဲ့ စူးအက်တူးမြောင်းကို ဖြတ်ပြီး ချိတ်ဆက်မယ့် လမ်းကြောင်းဖြစ်တာကို တွေ့ရမှာဖြစ်ပါတယ်။




စီမံကိန်းမှာ ပါဝင်တဲ့ လမ်းကြောင်းတွေကို လေ့လာမယ်ဆိုရင် ကုန်းလမ်းကြောင်း ခြောက်ခုနဲ့ ရေလမ်းကြောင်း တစ်ခုပါဝင်တာကို တွေ့ရမှာဖြစ်ပါတယ်။ လမ်းကြောင်းတွေကတော့

**ကုန်းလမ်းကြောင်း(၁)** - တရုတ်နိုင်ငံ အနောက်ပိုင်းကနေ ရုရှား အနောက်ကို ဆက်သွယ်တဲ့လမ်း။

**ကုန်းလမ်းကြောင်း(၂)** - တရုတ်နိုင်ငံမြောက်ပိုင်းကနေ ရုရှားနိုင်ငံ အရှေ့ပိုင်းကို ဆက်သွယ်မယ့် တရုတ်-မွန်ဂိုလီးယား-ရုရှားစင်္ကြံလမ်းကြောင်း။

**ကုန်းလမ်းကြောင်း(၃)** - တရုတ်နိုင်ငံ အနောက်ပိုင်းကနေ တူရကီကို ဆက်သွယ်မယ့် တရုတ်-အာရှအလယ်ပိုင်း-အနောက်အာရှ စင်္ကြံလမ်းကြောင်း။

**ကုန်းလမ်းကြောင်း(၄)** - တရုတ်နိုင်ငံတောင်ပိုင်းကနေ စင်္ကာပူကို ဆက်သွယ်မယ့် တရုတ်-အင်ဒိုချိုင်းနားကျွန်းဆွယ် စင်္ကြံလမ်းကြောင်း။

**ကုန်းလမ်းကြောင်း(၅)** - တရုတ်နိုင်ငံ အနောက်တောင်ပိုင်းကနေ ပါကစ္စတန်ကို ဆက်သွယ်မယ့် တရုတ်-ပါကစ္စတန် စင်္ကြံ လမ်းကြောင်း။

**ကုန်းလမ်းကြောင်း(၆)** - တရုတ်တောင်ပိုင်းကနေ အိန္ဒိယကို ဆက်သွယ်မယ့် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ စင်္ကြံလမ်းကြောင်း။

**ရေလမ်းကြောင်း(၁)** - တရုတ်ဆိပ်ကမ်းမှ စင်ကာပူနဲ့ အိန္ဒိယသမုဒ္ဒရာကိုဖြတ်ပြီး မြေထဲပင်လယ် လမ်းကြောင်းတို့ဖြစ်ပါတယ်။

စီမံကိန်းကြီးဟာ ကမ္ဘာ့လူဦးရေရဲ့ ၆၅ ရာခိုင်နှုန်းကို အကျိုးပြုနိုင်မှာ ဖြစ်ပြီး စီမံကိန်း ဆောင်ရွက်နိုင်တဲ့ ပမာဏဟာ ကမ္ဘာ့ GDP စုစုပေါင်းရဲ့ သုံးပုံတစ်ပုံ ရှိလာမယ်လို့ သိရပါတယ်။

**စီမံကိန်းအတွက် ဘဏ္ဍာငွေ**

စီမံကိန်းမှာ ပါဝင်တဲ့ အာရှဒေသရဲ့ အခြေခံအဆောက်အအုံတွေကို ဖွံ့ဖြိုးတိုးတက်ဖို့ဆောင်ရွက်ရာမှာ ၂၀၁၀ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိကာလအတွင်း အမေရိကန်ဒေါ်လာ ရှစ်ထရီလီယံလောက် ကုန်ကျမှာဖြစ်ကြောင်း ခန့်မှန်းထားပါတယ်။ တရုတ်နိုင်ငံဟာ ၂၁ ရာစု ပိုးလမ်းမကြီးစီမံကိန်းကြီးကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက် လိုအပ်တဲ့ ဘဏ္ဍာကို နည်းလမ်းလေးသွယ်နဲ့ စီစဉ်ထားတာကို တွေ့ရပါတယ်။ ပထမအစီအစဉ်ကတော့ Asia Infrastructure Investment Bank(AIIB) ဆိုတဲ့ အာရှဒေသ အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် ထူထောင်ဖို့ ၂၀၁၃ ခုနှစ်က စတင်ဆောင် ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှာ ကနဦး ထူထောင်သူနိုင်ငံ ၂၁ နိုင်ငံနဲ့ လုပ်ငန်းများ စတင် လည်ပတ်ခဲ့ကြောင်း သိရပါတယ်။ လက်ရှိ အချိန်မှာတော့ အဖွဲ့ဝင်နိုင်ငံ ၅၃ နိုင်ငံ ပါဝင်လျက်ရှိပြီး စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ သုံးစွဲဖို့ လျာထားကြောင်း လေ့လာ တွေ့ရှိရပါတယ်။

ဒုတိယနည်းလမ်းကတော့ ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နဲ့ တောင်အာဖရိကနိုင်ငံတို့ပါဝင်တဲ့ New Development Bank က အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀၊ တတိယ နည်းလမ်းကတော့ ပိုးသားလမ်းမကြီး ရန်ပုံငွေ အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀နဲ့ စတုတ္ထနည်းလမ်းကတော့ တရုတ်နိုင်ငံရဲ့ Exim Bank၊ ADBC နဲ့ CDB ဘဏ်တွေကနေ အမေရိကန်ဒေါ်လာဘီလီယံ ၁၀၀ အသီးသီး သုံးစွဲဖို့ စီမံ ဆောင်ရွက်ထားတာကိုလည်း တွေ့ရပါတယ်။

**အာရှမှာ ဆောင်ရွက်မည့် လုပ်ငန်းများ**

ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ဆုံးဖြစ်တဲ့ ကာရာကိုရမ် နိုင်ငံတကာအဝေးပြေးလမ်းကြီးကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းဝီဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကနေ Kashi နယ်မြေမှတစ်ဆင့် ပါကစ္စတန်မြောက်ပိုင်း Thakot မြို့အထိ ဖောက်လုပ်ဆောင်ရွက်နေပါတယ်။ ဒ့ါအပြင် ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံကို ဆက်သွယ်တဲ့ ကီလိုမီတာ ၈၀၀ အရှည် ရထားလမ်း စီမံကိန်း၊ တရုတ်-ဗီယက်နမ်၊ တရုတ်-မြန်မာ-အိန္ဒိယ ရထားလမ်း စီမံကိန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက် သွားမယ်လို့ သိရပါတယ်။

**မြန်မာ့စီးပွားရေးအလားအလာ**

မြန်မာနိုင်ငံဟာ အိမ်နီးချင်းငါးနိုင်ငံနဲ့ ထိတွေ့ဆက်စပ်နေပြီး အင်အားကြီး နှစ်နိုင်ငံရဲ့ကြားမှာလည်း မဟာဗျူဟာကျစွာ ရောက်ရှိနေတဲ့အတွက်လည်း စီးပွားရေးကဏ္ဍမှာ အပေါင်းလက္ခဏာနဲ့ အနုတ်လက္ခဏာဆောင်တဲ့ အချက်တွေရှိနေတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လာရောက် ဆောင်ရွက်နေတဲ့ ပြည်ပ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းရဲ့ ၄၀ ရာခိုင်နှုန်းဟာ တရုတ်နိုင်ငံဖြစ်တဲ့ အပြင် ၂၁ရာစု ပိုးလမ်းမကြီး စီမံကိန်းအတွက် မဟာဗျူဟာမြောက်တဲ့ လုပ်ငန်းနှစ်ခုဖြစ်တဲ့ ကျောက်ဖြူရေနက်ဆိပ်ကမ်းနဲ့ ရခိုင်မှ တရုတ်နိုင်ငံကို သွယ်တန်းထားတဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို ရရှိပိုင်ဆိုင်ထား ပါတယ်။ ဒါဟာ တရုတ်နိုင်ငံ ယူနန်ပြည်နယ်အတွက် နိုင်ငံတကာကိုကူးလူးဆက်သွယ်ဖို့ အဓိကထွက်ပေါက်ဖြစ်တဲ့အပြင် ယူနန်ပြည်နယ်နဲ့ ဆက်စပ်နေတဲ့ တရုတ်နိုင်ငံ ကုန်းတွင်းပိုင်းကျတဲ့ အခြားပြည်နယ်တွေကလည်း အားထားရမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် တရုတ်နိုင်ငံ အနောက်တောင်ပိုင်း အနေနဲ့မြန်မာပြည်ကိုဖြတ်ပြီး ဘင်္ဂလားဒေ့ရှ်နဲ့ အိန္ဒိယကို ကုန်သွယ်ဖို့ဆိုတာဟာ မြန်မာပြည်ကို ဖြတ်သန်းသွားရမှာ ဖြစ်လို့ တရုတ်တို့ရဲ့ ကုန်သွယ်မှု တိုးမြှင့်ဖို့ ကြိုးစားလေလေ မြန်မာနိုင်ငံအတွင်းက သယ်ယူပို့ဆောင်ရေး ဆက်သွယ်ရေးလမ်းကြောင်းတွေကို ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ပေးလေလေ ဖြစ်မှာလို့ သုံးသပ်ရပါတယ်။

ဒါပေမဲ့ ကျင်းပပြီးခဲ့တဲ့ Belt and Road နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်ရေး ဖိုရမ် ကို အိန္ဒိယက မတက်ရောက်ဘဲ သပိတ်မှောက်ခဲ့တာကို ကြည့်ရင်တော့ တရုတ်က ပါကစ္စတန်နဲ့ ပူးပေါင်းပြီး တရုတ်-ပါကစ္စတန် စီးပွားရေး စင်္ကြံ- China-Pakistan Economic Corridor (CPEC) ကို တည်ဆောက်ပြီး ပါကစ္စတန်နဲ့ အိန္ဒိယ ပိုင်ဆိုင်မှု အငြင်းပွားနေကြတဲ့ ကက်ရှ်မီးယားဒေသ ပါဝင်တဲ့ ပါကစ္စတန်ပိုင်ဆိုင်တဲ့ ကက်ရှ်မီးယားဆိုတဲ့ (PoK) စီမံကိန်း အစီအစဉ်ကြောင့်ဖြစ်တယ်လို့ သိရပါတယ်။ ဒါကြောင့် ၂၁ ရာစု ပိုးလမ်းမကြီး စီမံကိန်း အကျိုးဆက်ကြောင့် မြန်မာနိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆိုတာဟာ အိမ်နီးချင်း အင်အားကြီး နိုင်ငံတွေရဲ့နိုင်ငံရေး ရာသီဥတုပေါ်မှာလည်း တည်မှီနေပါကြောင်း လက်ရှိ အခြေအနေ အရပ်ရပ်တွေပေါ်မှာ သုံးသပ်တင်ပြလိုက်ရပါတယ်။

## ဓာတ်ဆီ/ဒီဇယ်

### ယခုတစ်ပတ် ဒီဇယ်ရော ဓာတ်ဆီပါ အဝင်ပို

မေလ ၇ရက်မှ ၁၃ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၀၃၆၈၀၀၅ တန်ဖိုးရှိ ဒီဇယ် ၆၁၆၃၀ ဒသမ ၀၄၄ တန်နဲ့ အမေရိကန်ဒေါ်လာ ၁၉၂၆၃၈၂၈ တန်ဖိုးရှိ ဓာတ်ဆီ ၃၃၃၇၅ ဒသမ ၆၁၈ တန်၊ စုစုပေါင်း ၉၅၀၀၅ ဒသမ ၆၆၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်ကတင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၃၉၄၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၂၁၀၀ ကျော် တင်သွင်းမှုပိုခဲ့သလို ဓာတ်ဆီမှာလည်း ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၃၃၂၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၂၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်ရော ဓာတ်ဆီပါ အဝင်ပိုခဲ့ပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၀၁၅၂၆၈ တန်ဖိုးရှိ ဒီဇယ် ၂၀၄၀ တန်နဲ့ အမေရိကန်ဒေါ်လာ ၇၂၃၅၈၀ တန်ဖိုးရှိ ဓာတ်ဆီ တန်ချိန် ၁၃၀၀ ကိုလည်းကောင်း၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ၁၄၄၁၈၆၅ တန်ဖိုးရှိ ဒီဇယ် ၃၀၆၆ ဒသမ ၁၁၇ တန်နဲ့ အမေရိကန်ဒေါ်လာ ၉၂၃၁၀၉ တန်ဖိုးရှိဓာတ်ဆီ ၁၆၈ ဒသမ ၆၀ တန်ကိုလည်းကောင်း၊ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ၄၁၆၉၀ တန်ဖိုးရှိ ဓာတ်ဆီ ၈၄ တန် ကို လည်းကောင်း တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီရောဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်းနဲ့(92)တို့ဈေးငြိမ်နေပြီး (95) မှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ကျပ် ၆၉၀၊ အောက်တိန်း (92) ကျပ် ၆၉၀ ၊ အောက်တိန်း (95) ကျပ် ၇၄၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၂၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မေ ၁၅ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ်၁၄၀၀၀၀၊ ရောင်းဈေး ကျပ် ၁၄၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ မှနောက်ရက်များတွင် ဝယ်ဈေး ဈေးငြိမ်သော်လည်း ရောင်းဈေး ကျပ် ၁၀၀၀ ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင် သီတင်းပတ်ကဈေးနဲ့ နှိုင်းယှဉ်ရင် ဝယ်ဈေး၊ ရောင်းဈေး အပြောင်းအလဲသိပ်မရှိဘူးလို့ သိရပါတယ်။ မေ ၁၅ ရက်မှာ ဓာတ်ဆီဝယ်ဈေးကျပ်၁၅၈၀၀၀၊ ရောင်းဈေး ကျပ် ၁၆၀၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ နောက်ရက်များတွင် ဝယ်ဈေး၊ ရောင်းဈေး ကျပ် ၂၀၀၀ ဝန်းကျင်ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဝယ်ဈေး၊ ရောင်းဈေး အပြောင်းအလဲမရှိဘူးလို့ သိရပါတယ်။ ပြင်ပလက်လီ တစ်ဂါလံဈေးများမှာ ဒီဇယ် ကျပ် ၂၉၀၀၊ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါ တယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ၊အောက်တိန်း (92)နဲ့ အောက်တိန်း (95) မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ကျပ် ၈၅၀၊ ဒီဇယ် ကျပ် ၇၃၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၅၀၊ အောက်တိန်း (92) ကျပ် ၇၅၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေ တဲ့ပီပါဈေးများမှာ မေ ၁၅ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၄၀၀၀၀၊ ရောင်းဈေး ကျပ် ၁၄၃၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ပြီး မေ ၁၇ ရက်တွင် ဝယ်ဈေး ကျပ် ၁၄၃၀၀၀၊ ရောင်းဈေး ကျပ် ၁၄၆၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ မေ ၁၅ ရက်တွင် ဝယ်ဈေး ကျပ် ၁၆၀၀၀၀၊ ရောင်းဈေးကျပ် ၁၆၂၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဒီဇယ်ဈေး နည်းနည်းမြင့်ခဲ့ပေမယ့် ဓာတ်ဆီဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များရဲ့ တစ်ဂါလံဈေးမှာ ဒီဇယ် ကျပ် ၃၀၀၀၊ ဓာတ်ဆီ ကျပ်၃၅၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်ပြီး ဓာတ်ဆီဈေးငြိမ်နေပေမယ့် အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92 ) နဲ့ အောက်တိန်း (95 ) တို့ ဈေးအနည်းငယ်မြင့်လာတယ် လို့သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလံဈေးများမှာ ဓာတ်ဆီကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် ၃၃၈၅ ကျပ်၊ အောက်တိန်း(92) ကျပ် ၃၃၄၀၊ အောက်တိန်း (95) ကျပ် ၃၅၃၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၄၀၀၊ အောက်တိန်း (92)တစ်ဂါလံ ကျပ် ၃၄၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၆၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

## ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်မြင့်တက်

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက မြင့်တက်ခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်မြင့်တက်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ကမ္ဘာ့ဈေးကွက်တွင် ဒေါ်လာအညွှန်းကိန်းများ ကျဆင်းလျက်ရှိသော်လည်း ပြည်တွင်းဈေးကွက်တွင်မူ မြင့်တက်လျက်ရှိသည်ဟုဆိုသည်။

ထို့ပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ၎င်း၏ရည်ညွှန်းငွေလဲနှုန်းကို မေ ၁၅ရက်တွင် ၁၃၆၂ ကျပ်၊ မေ ၁၇ရက်တွင် ၁၃၆၄ ကျပ်၊ မေ ၁၈ရက်နှင့် ၁၉ ရက်တွင် ၁၃၆၇ ကျပ်အသီးသီးသတ်မှတ်ခဲ့သည်။ ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းများကို မြင့်တင်သတ်မှတ်ခဲ့သော်လည်း ပြည်တွင်း ငွေလဲစင်တာများတွင်မူ ဗဟိုဘဏ် ရည်ညွှန်းငွေလဲနှုန်းအောက်တွင်သာ ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

“ဗဟိုဘဏ်က သူ့ရဲ့ရည်ညွှန်းငွေလဲနှုန်းကို မြင့်တင်သတ်မှတ်ခဲ့ပေမယ့် ကျွန်တော်တို့ ငွေလဲစင်တာမှာတော့ ပုံမှန်အတိုင်းပဲ အရောင်းအဝယ်လုပ်နေပါတယ်။ ဈေးကွက်ထဲမှာတော့ အဝယ်ပြန်လိုက်လာပါတယ်။ အဝယ်လိုက်လာလို့လည်းဈေးမြင့်တက်လာတာပါ”ဟု ငွေလဲစင်တာတစ်ခုမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ပြည်တွင်းငွေလဲစင်တာများတွင် မေ ၁၅ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၅၈ကျပ်၊ ဝယ်ဈေး ၁၃၅၅ကျပ်ရှိခဲ့ပြီး မေ ၁၈ရက်တွင် ရောင်းဈေး ၁၃၆၂ ကျပ်၊ ဝယ်ဈေး ၁၃၅၉ ကျပ်ရှိခဲ့သည်။ မေ ၁၉ ရက်တွင် အနည်းငယ်ပြန်လည်ကျဆင်းလာခဲ့ကာ ရောင်းဈေး ကျပ် ၁၃၆၀၊ ဝယ်ဈေး ၁၃၅၇ ကျပ်ရှိခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းရွှေဈေး ကျပ် ၉၁၀၀၀၀ အထိရောက်ရှိ

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေး ကျပ် ၉၁၀၀၀၀ အထိ ရောက်ရှိခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ကမ္ဘာ့ရွှေဈေးမြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေးများလည်း မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း ရွှေကုန်သည်များက ပြောကြားခဲ့သည်။

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေးသည်တစ်အောင်စလျှင် အမေရိကန် ၁၀ ဒေါ်လာခန့် မြင့်တက်သွားခဲ့သဖြင့် ပြည်တွင်းရွှေဈေးသည်လည်း ကျပ် ၉၁၀၀၀၀ သို့ ရောက်ရှိသွားခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ပြည်တွင်းရွှေဈေးများ မြင့်တက်လာမှုကြောင့် ရွှေဈေးကွက်အတွင်း လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားခဲ့ပြီး ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

“ဒီတစ်ပတ်ထဲမှာ ကမ္ဘာ့ရွှေဈေးတက်လာတော့ ပြည်တွင်းရွှေဈေးလည်း တက်လာတယ်။ ပြီးခဲ့တဲ့တစ်ပတ်တုန်းက ရွှေဈေးက အကျဈေးကနေ အတက်ပြန်ပြလာတဲ့အတွက် ဈေးကွက်ထဲမှာ ရွှေဈေးပြန်တက်တော့မယ့်နိမိတ်တွေ ဖြစ်လာတယ်။ တကယ်လည်းတက်လာတဲ့အတွက် ရွှေဝယ်ရောင်းသမားတွေ အလုပ်ဖြစ်ကုန်ကြတယ်”ဟု ရွှေကုန်သည် ဦးစံမြင့်ကဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် မေ ၁၅ ရက်က ကျပ် ၈၉၃၅၀၀ ရှိခဲ့ပြီး မေ ၁၈ရက်တွင် ကျပ် ၉၁၀၀၀၀သို့မြင့်တက်ခဲ့သည်။ မေ ၁၉ ရက်တွင် အနည်းငယ်ပြန်လည်ကျဆင်းလာခဲ့ပြီး ကျပ် ၉၀၅၀၀၀ ရှိခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် မေ ၁၅ ရက်က တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၃၀ ရှိခဲ့ပြီး မေ ၁၈ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၆၀ သို့မြင့်တက်ခဲ့သည်။ မေ ၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၅၁ သို့ ပြန်လည်ကျဆင်းခဲ့သည်။

**မယ်သီတာ**

## MTSH နှင့် FPB တို့၏ ရှယ်ယာဈေးနှုန်းများ ကျဆင်း ကနဦးစတင်သတ်မှတ်သည့်ဈေးနှုန်းအောက်သို့ ရောက်ရှိလာ

ယခုတစ်ပတ်အတွင်း ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်တွင် ရောင်းချလျက် ရှိသည့်အစုရှယ်ယာများအနက် MTSH ၏ အစုရှယ်ယာဈေးနှုန်းများ ကျဆင်းလာခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

MTSH ၏အစုရှယ်ယာဈေးနှုန်းများသည် မူလသတ်မှတ်ထားသည့် အစုရှယ်ယာတစ်စုလျှင် ကျပ် ၄၀၀၀ အောက်သို့ ပထမဦးဆုံးအကြိမ်ကျဆင်းခြင်းဖြစ်ပြီး ကျပ် ၃၉၀၀ သို့ရောက်ရှိခဲ့သည်။ ထို့နောက် ဈေးကွက်ပိတ်ချိန်တွင် ကျပ် ၃၉၅၀ ဖြင့် ရောင်းချခဲ့သည်။

အစုရှယ်ယာဈေး ကျဆင်းလာမှုကြောင့် MTSH ၏ ရှယ်ယာများအားဝယ်ယူသူ များပြားလာခဲ့ပြီး အရောင်းစာရင်းတင်ထားသည့်အစုရှယ်ယာများအားလုံး ရောင်းချခဲ့ရကြောင်း သိရသည်။ အလားတူ FPB ၏ အစုရှယ်ယာဈေးနှုန်းမှာလည်း ကျပ် ၃၀၀၀၀မှ ကျပ် ၂၇၀၀၀ အထိ ကျဆင်းခဲ့သည်။

အစုရှယ်ယာဈေးနှုန်းများ ကျဆင်းလာမှုကြောင့် အရောင်းအဝယ်များလည်း ယခင်ထက်ပိုမိုများပြားလာခဲ့ကြောင်း အစုရှယ်ယာဈေးကွက်အတွင်းမှ သိရသည်။ **မယ်သီတာ**

## Currency Exchange Rate

May 19, 2017
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.34 |
| BDT | Bangladesh Taka | 80.62 |
| CAD | Canada Dollars | 1.36 |
| CNY | China Yuan Renminbi | 6.89 |
| EUR | Euro | 0.90 |
| H KD | Hong Kong Dollars | 7.78 |
| I NR | India Rupees | 64.84 |
| I DR | Indonesia Rupiahs | 13395.66 |
| JPY | Japan Yen | 111.35 |
| MYR | Malaysia | 4.33 |
| PKR | Pakistan Rupees | 104.86 |
| PHP | Philippines Pesos | 49.89 |
| RUB | Russia Rubles | 57.34 |
| SGD | Singapore Dollars | 1.39 |
| KRW | South Korea Won | 1126.01 |
| LKR | Sri Lanka Rupe | 152.91 |
| THB | Thailand Baht | 34.51 |
| GBP | United Kingdom Pounds | 0.77 |
| VND | VietnamDon | 22706.22 |

*Source:xe.com*

## World Gold Price

May - 2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 15 | 1231 | 1231 | 1230 |
| 16 | 1234 | 1235 | 1235 |
| 17 | 1247 | 1244 | 1244 |
| 18 | 1261 | 1258 | 1258 |
| 19 | 1250 | 1251 | 1251 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 15-5- 2017 | 895.00 | 894.80 |
| 16-5-2017 | 899.50 | 899.60 |
| 17-5- 2017 | 905.00 | 904.20 |
| 18-5 -2017 | 908.00 | 907.50 |
| 19-5- 2017 | 903.00 | 902.70 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မေလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 15 | 6 .90 | 34.62 | 80.97 | 64.08 |
| 16 | 6. 89 | 34.50 | 80.56 | 64.13 |
| 17 | 6 .89 | 34.51 | 80.65 | 64.09 |
| 18 | 6 .89 | 34.50 | 80.60 | 64.35 |
| 19 | 6.89 | 34.51 | 80.62 | 64.84 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 15- May | 16.60 | 2546.06 | 1898.09 | 5576.56 | 927.00 |
| 16- May | 16.69 | 2528.21 | 1896.76 | 5551.22 | 932.00 |
| 17- May | 16.85 | 2542.98 | 1912.41 | 5589.34 | 940.00 |
| 18- May | 16.72 | 2532.40 | 1899.85 | 5538.65 | 939.00 |
| 19-May | 16.65 | 2583.17 | 1949.25 | 5675.04 | 930.00 |

Source:kitco.com

## Energy NYMEX 19-5-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 49.83 | 0.48 | 0.97 |
| Brent Crude Futr (USD/bbl) | 52.96 | 0.45 | 0.86 |
| Gasoline Rbob Fut (Cent/gal) | 161.36 | 0.73 | 0.45 |
| Natural Gas Futr (USD/MMBtu) | 3.20 | 0.02 | 0.60 |
| Heating Oil Futr (Cent/gal) | 155.94 | 1.41 | 0.91 |

## ဘိလပ်မြေ

# ယခုတစ်ပတ် ဘိလပ်မြေအဝင်နည်း

မေလ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈၄၆၁၅ တန်ဖိုးရှိ ဘိလပ်မြေ ၄၇၀ ဒသမ ၆၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ၂၇၅ ဒသမ ၃၆ တန်၊ ဂျပန်နိုင်ငံမှ သုည ဒသမ ၂ တန်နဲ့ တရုတ်နိုင်ငံမှ ၁၉၅ ဒသမ ဝ၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေ တန်ချိန် ၈၃၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၇၈၀၀ ကျော် အဝင်နည်းခဲ့တယ်လို့ သိရပါတယ်။ ကာလတူဖြစ်တဲ့ ၂၀၁၆ မေ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်မှာတော့ တန်ချိန် ၂၁၀၀၀ ကျော်တင်သွင်းခဲ့တာကြောင့် ယခုနှစ် ဒီသီတင်းပတ်မှာ ဘိလပ်မြေ တင်သွင်းမှုနည်းခဲ့တယ်လို့ သိရပါတယ်။

# ဘိလပ်မြေဈေးကွက်အရောင်းသွက်

မေလ ၇ ရက်မှ ၁၃ ရက် အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၄၇၀ကျော်အဝင်ရှိခဲ့ပြီးယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၈၃၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၇၈၀၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ တန်ချိန် ၃၄၁၃၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ တန်ချိန် ၂၄၈၀၀ ကျော်ရှိခဲ့တာ ကြောင့်ဒီတစ်ပတ်မှာ တန်ချိန် ၉၃၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်ပိုခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီရက်ပိုင်းဘိလပ်မြေ အရောင်းအဝယ်သွက်ပြီးဈေးငြိမ်နေတယ်လို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း)ကျပ် ၅၆၀၀၊ စိန်(ထိုင်း) ကျပ်၅၇၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၆၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ် ကောင်(စိမ်း) ကျပ် ၅၂၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ**အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဘိလပ်မြေဈေးကဒီတစ်ပတ်မှာလည်းဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် (ထိုင်း) ကျပ် ၆၂၀၀၊ အပါချီ (ထိုင်း) ကျပ် ၅၂၀၀၊ ကြံ့ ကျပ် ၅၃၀၀၊မြင်းခေါင်း ကျပ် ၅၃၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်ပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ကျပ်၅၆၀၀၊ စိန်(ထိုင်း) ကျပ် ၅၆၀၀၊ ကြံ့(မြိုင်ကလေး) ကျပ်၄၉၅၀၊ မြန်မာဆင် ကျပ် ၅၁၀၀နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်ပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၂၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၇၀၀၊ ကမ္ဘောဇ ကျပ် ၄၉၀၀၊ နဂါးကျပ် ၄၉၀၀၊ ဆင်(ထိုင်း) ကျပ် ၆၆၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

# ယခင်သီတင်းပတ်ထက် ဓာတ်မြေဩဇာ တန်ချိန် ၃၀၀၀ ကျော်ပိုမိုတင်သွင်း

မေ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၃၇၉၉၇၃ တန်ဖိုးရှိမြေဩဇာ ၅၁၆၁ ဒသမ ဝ၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ နိုက်တြိုဂျင်၊ အမိုးနီးယား ဆာလဖိတ် ၂၁ ရာခိုင်နှုန်း၊ မဂ္ဂနီးဆာလဖိတ်အမှုန့်၊ ဇင့် ဆာလဖိတ်၊ ပိုတက်ဆီယမ် ဆာလဖိတ်၊ ကွန်ပေါင်း၊ ပိုတက်၊ ဖလော်ရာ ၂၁း၂၁း၂၁၊ ဖလော်ရာ ၆း၃၂း၃၅ နဲ့ ဩဂဲနစ် စတဲ့ အမျိုးအစားများဖြစ်ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၁၆၇၉ ဒသမ ၇၀ တန်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၃၀၀၊ လာအိုနိုင်ငံမှ တန်ချိန်၁၀၀၀၊ရုရှားနိုင်ငံမှ ၁၅၄၁ ဒသမ ၆၉ တန်၊ ထိုင်းနိုင်ငံမှ ၄၂၉ဒသမ ၆၉ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၁၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၂၀၉၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၃၀၇၀ ကျော် ပိုမို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

# မန္တလေးမြေဩဇာဈေးကွက် အရောင်းသွက်

မေ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းတစ်ပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေဩဇာ တန်ချိန် ၅၁၆၀ ကျော် အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၂၀၉၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၃၀၇၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ် နယ်စပ်လမ်းမှ မြေဩဇာ အဝင်မှာ တန်ချိန် ၄၂၆၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၃၁၈၀၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၀၇၀၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် မြေဩဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်မှာ အရောင်းအေးပြီး၊ မန္တလေးမှာ အရောင်းသွက်ကာ ရန်ကုန်နဲ့ တောင်ကြီးမှာ အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ် အေးနေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပုလဲ-အသေးနဲ့ တီစူပါမြေဩဇာများက ဈေးငြိမ် နေပေမယ့် ကွန်ပေါင်းမြေဩဇာက ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီလိုဈေးမြင့်ရတာကလည်း အရောင်းအဝယ်သွက်လို့မဟုတ်ဘဲ ကုမ္ပဏီဈေးမြင့်လို့ ဈေးမြင့်ရတာဖြစ်တယ်လို့ စိုက်ပျိုးရေးပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၁၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၅၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၀၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၂၀၀၀၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ် ပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ စိုက်ပျိုးရေးပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀၊ ပိုတက် (အိန္ဒိယ) ကျပ် ၂၃၅၀၀၊ ကွန်ပေါင်း ၁၅ ပတ်လည် ကျပ် ၃၇၇၀၀၊ ကွန်ပေါင်း ၁၆ ပတ်လည် ကျပ် ၄၀၇၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၂၅၀၀၊ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၂၅၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၃၈၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၃၀၀၀၊ ပိုးသတ်ဆေး ကျပ် ၁၉၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၈၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၉၀၀၀၊ ဓာတ်ဆား(တရုတ်) ကျပ် ၁၃၅၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၁၈၀၀၀၊ မြွားကမ္ဘာ ကျပ် ၁၅၄၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ် နည်းနည်းကောင်းပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား(ရွှေတောင်-ပုလဲ) ကျပ် ၂၁၉၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၂၈၀၀၊ တီစူပါ ၄၆% ကျပ် ၁၉၆၀၀၊ မြွားသီးစုံ ကျပ် ၁၄၆၀၀၊ ပန်းသီးစုံ ကျပ် ၁၅၆၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# နို့ဆီတန်ချိန် ၈၀၀ နီးပါးနဲ့ နို့မှုန့်တန်ချိန် ၁၀၀ နီးပါးတင်သွင်း

မေလ ၇ ရက်မှ ၁၃ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၉၉၅၁၃၃ တန်ဖိုးရှိ နို့ဆီ ၇၇၉ ဒသမ ၃၉၉ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၃၄၁ ဒသမ ၆၄ တန်နဲ့ စင်ကာပူနိုင်ငံမှ ၄၃၇ ဒသမ ၇၅၉ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ အိုကေနို့ဆီနဲ့ တီးပေါ့နို့ဆီတို့ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က နို့ဆီတင်သွင်းမှုမရှိဘဲ ဒီတစ်ပတ်မှ ပြန်လည်တင်သွင်းခဲ့ခြင်း ဖြစ်ပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှ ၂၅ ဒသမ ၆၀ တန်၊ ဩစတြေးလျနိုင်ငံမှ သုည ဒသမ ၃၀ တန်နဲ့ မလေးရှားနိုင်ငံမှ ၇၁ ဒသမ ၄၄တန်၊ စုစုပေါင်း ၉၇ ဒသမ ၃၄ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်တင်သွင်းခဲ့တဲ့ တန်ချိန် ၂၈၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၈၀ ကျော် အဝင်လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၅ မှ ၁၂/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၉/၄ မှ ၅/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၄၉၂.၃၀ | ၄၄၈.၄၅ | (+) | ၄၃.၈၅ |
| ၂။ | လွယ်ဂျယ် | ၁၀၂၀.၀၀ | ၁၁၄၉.၅၀ | (-) | ၁၂၉.၅၀ |
| ၃။ | ချင်းရွှေဟော် | - | ၄၆.၅၀ | (-) | ၄၆.၅၀ |
| ၄။ | ကန်ပိုက်တီ | ၉၅၈၀.၅၀ | ၅၅၂၆.၅၀ | (+) | ၄၀၅၄.၀၀ |
| ၅။ | တာချီလိတ် | ၁၁၁၀၀.၀၀ | ၅၀၀၀.၀၀ | (+) | ၆၁၀၀.၀၀ |
| ၆။ | မြဝတီ | ၅၇၃.၁၆ | ၃၃၈.၈၀ | (+) | ၂၃၄.၃၆ |
| ၇။ | ကော့သောင်း | ၁၁၀၆၉.၆၀ | ၁၂၀၂၅.၀၀ | (-) | ၉၅၅.၄၀ |
| ၈။ | မြိတ် | ၃၃၅၀.၀၀ | ၃၀၀.၀၀ | (+) | ၃၀၅၀.၀၀ |
| | စုစုပေါင်း | ၃၇၁၈၅.၅၆ | ၂၄၈၃၄.၇၅ | (+) | ၁၂၃၅၀.၈၁ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၅ မှ ၁၂/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၉/၄ မှ ၅/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၃၉၉၉.၂၆ | ၂၇၁၁၇.၂၅ | (+) | ၆၈၈၂.၀၁ |
| ၂။ | လွယ်ဂျယ် | ၁၀၇၇.၀၀ | ၄၆၄.၅၀ | (+) | ၆၁၂.၅၀ |
| ၃။ | ချင်းရွှေဟော် | ၄၇၆၇.၅၀ | ၂၀၅၉.၇၅ | (+) | ၂၇၀၇.၇၅ |
| ၄။ | ကန်ပိုက်တီ | ၁၀၀.၀၀၀ | ၁၅၀.၀၀ | (-) | ၅၀.၀၀ |
| ၅။ | မြဝတီ | ၁၉၀၄.၁၀ | ၁၄၀၉.၄၂ | (+) | ၄၉၄.၆၈ |
| ၆။ | ကော့သောင်း | ၄၅.၀၀ | ၁၁၀.၀၀ | (-) | ၆၅.၀၀ |
| ၇။ | မြိတ် | ၁၄၀.၀၀ | ၁၂၅.၀၀ | (+) | ၁၅.၀၀ |
| ၈။ | ရိဒ် | ၆၀၀.၀၀ | ၄၅၅.၂၆ | (+) | ၁၄၄.၇၄ |
| | စုစုပေါင်း | ၄၂၆၃၂.၈၆ | ၃၁၈၉၁.၁၈ | (+) | ၁၀၇၄၁.၆၈ |

ခင်မိုးသူ

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

## နှမ်း

# တရုတ်နိုင်ငံသို့ နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ မေ ၆ ရက်မှ ၁၂ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၃၇၈ သန်းတန်ဖိုးရှိ နှမ်းနက် ၂၀၇ တန်ကျော်နဲ့ နှမ်းဖြူ (အခွံချွတ်) ၈၆ တန်ကျော် စုစုပေါင်း ၂၉၄ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ နှမ်းနက် ၆၆ တန်နဲ့ နှိုင်းယှဉ်ပါက ၂၂၈တန်ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၆၀၀ သန်းတန်ဖိုးရှိ နှမ်းနက် ၄၆၉ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ နှမ်းနက် ၃၂၅ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၁၄၄ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဧပြီ ၂၉ ရက်မှ မေ ၅ ရက်သီတင်းပတ်မှာ နှမ်းဖြူတစ်တန် ၁၃၂၃၀၇၇ ကျပ်နဲ့ နှမ်းနက်တစ်တန် ၂၀၉၂၃၀၈ ကျပ်ရှိရာမှ မေ ၆ ရက် မှ ၁၂ ရက်သီတင်းပတ်မှာ နှမ်းဖြူဈေး ၁၃၂၈၁၈၅ ကျပ်နဲ့ နှမ်းနက်ဈေး ၂၁၀၀၃၈၆ ကျပ်သို့ ဈေးအနည်းငယ် မြင့်တက်ခဲ့ကြောင်း၊မန္တလေး-မူဆယ်ကုန်သယ်ခမှာ နှမ်းတစ်ပိဿာ ၆၃-၆၈ကျပ်ရှိကြောင်း၊ တရုတ်ဝယ်လက်တွေအဆွဲများလို့ နှမ်းဈေးတွေ မြင့်တက်နေကြောင်း၊နှမ်းနက်နဲ့နှမ်းဖြူကို အဝယ်များကြောင်း မူဆယ်ကုန်စည်ဒိုင်မှသိရပါတယ်။**မော်မော်အောင်**

## ဝယ်လက်ရှိလို့ ပြည်နှမ်း ပုံမှန်အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ်ပြည်ဈေးကွက်တွင် နှမ်းနီနဲ့နှမ်းနက်ဈေးတူနေပြီး စမုံနက်နှမ်းဈေးငြိမ်နေတာ တွေ့ရပါတယ်။ အဝင်မရှိဘဲ လှော်ငနှမ်းများဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ မန္တလေးဝယ်လက်များက နှမ်းနက်ကို ဝယ်ယူပြီး နှမ်းနီကို မြို့တွင်းဆီစက်များနှင့် မကွေးဆီစက်သမားများက ဝယ်ယူနေတာကြောင့် ဈေးငြိမ်နေတာတွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးမှာ နှမ်းနီရော နှမ်းနက်ပါ တစ်တင်းလျှင် ကျပ် ၃၃၀၀၀ နဲ့ ဈေးတူရောင်းဝယ်နေတာတွေ့ရပါတယ်။ ယခင်တစ်ပတ်က နှမ်းနက်ဈေးမှာ နှမ်းနီဈေးထက်နည်းနေတာ တွေ့ရပါတယ်။ စမုံနက်နှမ်းဈေးမှာလည်း ယခင်တစ်ပတ်က အတိုင်း တစ်တင်းလျှင် ကျပ် ၄၀၀၀၀ ဈေးဖြင့် တစ်နေ့လျှင် အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

# ပြည်တွင်းပြည်ပ ဝယ်လိုအား မြင့်တက်မှုကြောင့် မလေးရှား စားအုန်းဆီဈေးနှုန်း တစ်ဟုန်ထိုးမြင့်တက်

ပြည်တွင်းပြည်ပမှ ဝယ်လိုအား မြင့်တက်မှုကြောင့် မေ ၁၇ ရက် ညနေဘက်က စားအုန်းဆီဈေးသည် ၁ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည့်အတွက် စားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးကွက်တွင် မလေးရှားစားအုန်းဆီဈေးက ရက်သတ္တတစ်ပတ်အတွင်း အမြင့်ဆုံးနှုန်းသို့ ရောက်ရှိခဲ့ကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြသည်။

ဘာဆာမလေးရှား ကုန်စည်ဒိုင်( Bursa Malaysia Derivatives Exchange ) တွင် ဩဂုတ်လအတွက် ရောင်းချရန်ချုပ်ဆိုသော စားအုန်းဆီစံထားဈေးနှုန်းမှာ မေ ၁၇ ရက်က တစ်တန်ကို ၂၆၄၃ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၁၁ ဒသမ ၆၆ ) ရှိခဲ့သည်။ စုစုပေါင်းရောင်းချသော စားအုန်းဆီပမာဏမှာ ၂၅ တန်ရှိ အတွဲပေါင်း ၅၂၂၉၁ တွဲရှိခဲ့သည်။

" လက်ငင်းဈေးကွက်မှာ ဝယ်လိုအား မြင့်တက်လာတဲ့အတွက် ဈေးနှုန်းတွေ မြင့်တက်လာတာ ဖြစ်ပါတယ်" ဟု ကွာလာလမ်ပူ အခြေစိုက် ကုန်သည်တစ်ဦးက ပြောသည်။ Ramadan ပွဲတော်မတိုင်မီ ဝယ်လိုအားမြင့်တက်ခြင်းကြောင့် ဈေးနှုန်းများမြင့်တက်ခြင်းဖြစ်မည်ဟု သူက ရည်ညွှန်းပြောကြားသည်။



မလေးရှား စားအုန်းဆီ တင်ပို့မှုသည် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ယခုနှစ် မေတွင် ၇ ရာခိုင်နှုန်းမှ ၈ ဒသမ ၉ ရာခိုင်နှုန်းကြား မြင့်တက်ခဲ့ကြောင်း ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့တစ်ခု၏ ကိန်းဂဏန်းများအရ သိရသည်။ စားအုန်းဆီဈေးမြင့်တက်ရခြင်းမှာ ပြည်တွင်းဝယ်လိုအား မြင့်တက်မှု၏ အထောက်အပံ့ကြောင့်ဖြစ်ပြီး ဈေးကွက်တစ်ခုလုံးကို ခြုံငုံသုံးသပ်မည်ဆိုပါက မြင့်တက်မည့်အလားအလာနည်းကြောင်း အခြားကုန်သည်တစ်ဦးက ပြောသည်။

စားအုန်းဆီဈေးနှုန်းသည် ငါးနှစ်အတွင်း အမြင့်ဆုံးအထိရောက်ရှိခဲ့ရာမှ ယခုနှစ် နှစ်ဦးပိုင်းတွင် ပြန်လည်ကျဆင်းခဲ့သည်။ ထုတ်လုပ်မှုမြင့်မားလာခြင်းက ဈေးနှုန်းအပေါ်တွင် အကျိုးသက်ရောက်မှုရှိမည်ဟု ခန့်မှန်းကြသည်။

ကမ္ဘာပေါ်တွင် စားအုန်းဆီထုတ်လုပ်ရာ၌ နံပတ် (၂) နေရာတွင်ရှိနေသော မလေးရှားနိုင်ငံ၏ စားအုန်းဆီ ထုတ်လုပ်မှုသည် ရာသီအလိုက် ဖြစ်ပေါ်နေသော အလားအလာများကြောင့်လည်းကောင်း၊ ထုတ်လုပ်မှုကို အဟန့်အတားဖြစ်စေသော အယ်လ်နီညိုအကျိုးသက်ရောက်မှုများ လျော့ပါးလာသည့်အတွက်ကြောင့်လည်းကောင်း၊ ယခုနှစ် တတိယသုံးလပတ်အထိ ဆက်လက်မြင့်တက်မည်ဟုခန့်မှန်းကြသည်။

မလေးရှား စားအုန်းဆီ၏ ဩဂုတ်အတွက် ကြိုရောင်းဈေးသည် တစ်တန်ကို ၂၅၇၈ ရင်းဂစ်မှ ၂၆၁၄ ရင်းဂစ်နှုန်းအကြားတွင်သာ အတက်အကျရှိမည်ဟု ရိုက်တာသတင်းဌာနမှ လေ့လာဆန်းစစ်ရေးမှူး ဝမ်တောင်းက ပြောသည်။

ပဲပုပ်ဆီဈေးနှုန်းအခြေအနေကို ကြည့်ပါက ချီကာဂိုကုန်သွယ်ရေး ဘုတ်အဖွဲ့တွင် ပဲပုပ်ဆီဈေးက သုညဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ပြီး တရုတ်နိုင်ငံ ဒါလီယံ ကုန်စည်ဒိုင်တွင် စက်တင်ဘာအတွက် စားအုန်းဆီဈေးက သုညဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၁၉-၅-၂၀၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၅၀ | ၁၉၅၀ | □ |
| ရန်ကုန် | ၄၈၀၀ | ၄၈၀၀ | □ | ၃၆၀၀ | ၃၈၀၀ | □ | ၁၈၂၀ | ၁၈၀၀ | ▽ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၁၀ | ၁၉၃၀ | △ |
| ပဲခူး | ၄၂၀၀ | ၄၂၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မကွေး | ၄၂၀၀ | ၄၀၀၀ | ▽ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မုံရွာ | ၄၂၀၀ | ၄၂၀၀ | □ | ၃၇၀၀ | ၃၇၀၀ | □ | ၁၉၄၀ | ၁၉၄၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၉-၅-၂၀၁၇ US$/Ton

| အမျိုးအစား | မေဒုတိယပတ် | မေတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၆၂.၅၀ | ၆၇၂.၅၀ | △ |
| RBD P.Olein | ၆၇၅.၀၀ | ၆၉၀.၀၀ | △ |
| RBD P.Stearin | ၆၀၀.၅၀ | ၆၀၆.၅၀ | △ |

*Source: bepi.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၉-၅-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၆၆၄·၀၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀·၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀·၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၄·၁၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈·၃၂ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉·၀၀ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄·၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၀·၄၁ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀·၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀·၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၂·၆၁ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆·၇၀ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၈၂၁·၀၈၃ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၉-၅-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၃၅ဒေါ်လာနှင့် USD ဈေး ၁၃၆၇ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၉-၅-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၇ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။



# နယ်စပ်ဒေသမှ ဆန်နှင့်ဆန်ကွဲ ပိုမိုတင်ပို့နိုင်မှု အလားအလာ

♦ နေမင်းသစ် ♦

မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုကဏ္ဍသည် ပင်လယ်ရေကြောင်းကုန်သွယ်မှု သာမက နယ်စပ်ကုန်သွယ်မှုကဏ္ဍတွင်လည်း နှစ်စဉ်မြင့်မားတိုးတက်လျက်ရှိရာ ကုန်သွယ်မှုပမာဏ တိုးတက်လာသည်နှင့်အမျှ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကုန်သွယ်မှု လမ်းကြောင်းတစ်လျှောက်နဲ့ ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိမှု၊ နည်းပညာ စီးဝင်မှုများ ဖြစ်ပေါ်လာမည် ဖြစ်ပါတယ်။ ကုန်သွယ်မှုပမာဏ စဉ်ဆက်မပြတ်တိုးတက်စေရေးနှင့် ကုန်သွယ်မှုလွယ်ကူလျင်မြန် ချောမွေ့စေရေးတို့အတွက်လည်း အစိုးရနဲ့ ပုဂ္ဂလိက ပေါင်းစပ်ညှိနှိုင်း၍ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

ကုန်သွယ်မှုပမာဏ တိုးတက်လာမှုအရ မြန်မာ့လယ်ယာထွက် ကုန်ပစ္စည်းများအနက်မှ ကမ္ဘာ့နိုင်ငံ အသီးသီးသို့ တင်ပို့လျက်ရှိသည့် ဆန်နှင့်ဆန်ကွဲဈေးကွက်အား တစေ့တစောင်းလေ့လာကြည့်မည်ဆိုပါက ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစ၍ နှစ်စဉ် ပင်လယ်ရေကြောင်းလမ်းနှင့် နယ်စပ်လမ်းကြောင်း နှစ်ခုပေါင်းမှ ဆန်နှင့် ဆန်ကွဲတန်ချိန် ၁ ဒသမ ၄ သန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်လည်း ပင်လယ်ရေကြောင်းလမ်းနှင့် နယ်စပ်လမ်းကြောင်း နှစ်ခုပေါင်းမှ ဆန်တန်ချိန် ၁ ဒသမ ၇ သန်းကျော်၊ တန်ဖိုးအနေဖြင့် အမေရိကန်ဒေါ်လာ ၅၅၃ သန်းကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ မေ ၁၂ ရက်အထိ ပင်လယ်ရေကြောင်း ကုန်သွယ်မှုတွင် ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁ ဒသမ ၁ သိန်းကျော်၊ နယ်စပ်ကုန်သွယ်မှုတွင် ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၇ သိန်းကျော်၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့မှု တန်ချိန် ၂ ဒသမ ၈ သိန်းနှင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၈၅ သန်းကျော် တင်ပို့ထားရှိပြီး ယခင်နှစ်ကာလတူထက် ဆန်နှင့်ဆန်ကွဲတန်ချိန် ၂ ဒသမ ၁ သိန်းခန့်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၉ သန်း ပိုမိုတင်ပို့နိုင်တာ တွေ့ရှိရပါတယ်။

ပြည်ပဆန်တင်ပို့မှု အခြေအနေမှာ နှစ်စဉ်ပင်လယ်ရေကြောင်းမှ ဆန်နှင့်ဆန်ကွဲ တင်ပို့မှုထက် နယ်စပ်လမ်းကြောင်းမှ ပိုမိုတင်ပို့လျက်ရှိကြောင်း ဖော်ပြပါစာရင်းဇယားများအရ တွေ့ရှိရပါတယ်။

ယင်းသို့ နယ်စပ်လမ်းကြောင်းမှ ပိုမိုတင်ပို့ရခြင်းမှာ ပင်လယ်ရေကြောင်းမှ သယ်ယူခ ကုန်ကျစရိတ်ထက် နယ်စပ်မှတင်ပို့မှုမှာ ပိုမိုသက်သာသည့်အတွက် ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ အဓိက ဆန်တင်ပို့လျက်ရှိသည့် မူဆယ်ဒေသတွင် ဖြစ်ပေါ်လျက်ရှိသော ဈေးနှုန်းများအရ ဆန်သယ်ယူစရိတ် ကားခ တစ်ပိဿာ (မန္တလေး-မူဆယ်) ၆၅ ကျပ်၊ အလုပ်သမား တင်ချခ (၅၀ ကီလို) တစ်အိတ်လျှင် ၄၀ ကျပ်ကျသင့်ပြီး Logistic အရ လမ်းကြောင်းသာသည့်အတွက် ပိုမိုတင်ပို့နိုင်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ပင်လယ်ရေကြောင်းမှ တင်ပို့လျှင် ပို့ကုန်တင်ဆောင်သော ကုန်သေတ္တာတင်ယာဉ်များအား ရန်ကုန်မြို့၏ လက်ရှိ ယာဉ်ကြောပိတ်ဆို့မှု အခြေအနေများအရ ညအချိန်မှသာ သွားလာခွင့်ပြုပြီး သွင်းကုန်တင်ဆောင်သော ကုန်တင်ယာဉ်များအား နေ့ရောညပါ သွားလာခွင့်ပြုတဲ့အတွက် ညအချိန်မှသာ ကုန်ပစ္စည်း တင်ရခြင်းတို့ကြောင့် ပို့ကုန်ပစ္စည်းများ၏ ကုန်ကျစရိတ်များ ယခင်ကထက် ပိုမိုကုန်ကျလာခဲ့ကြောင်း စုံစမ်းသိရှိရပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအနေဖြင့် ပို့ကုန်တင်ပို့မှု ဦးစားပေးသည့် နိုင်ငံဖြစ်သည့်အတွက် ကုန်တင်ယာဉ်များ သွားလာခွင့်ပြုရာတွင် ပို့ကုန် ကုန်တင်ယာဉ်များအား ဦးစားပေး သွားလာခွင့်ပြုပေးဖို့ လိုအပ်မှာဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ကမ္ဘာ့ဆန်ဈေးကွက် အခြေအနေအား လေ့လာကြည့်ပါက ၂၀၁၇ ခုနှစ်၊ မေလ ၁၅ ရက်နေ့ ဈေးနှုန်းများအရ ထိုင်းနိုင်ငံမှ ထွက်ရှိသည့်ဆန်ဖြူ ၅ မှတ် (White Rice 5%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၃၊ ဆန်ဖြူ ၂၅ မှတ်(White Rice 25%) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၇၇၊ ဗီယက်နမ်နိုင်ငံမှ ထွက်ရှိသည့် ဆန်ဖြူ ၅ မှတ် (White Rice 5%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀၊ ဆန်ဖြူ ၂၅ မှတ် (White Rice 25%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၅၊ ပါကစ္စတန်နိုင်ငံမှ ထွက်ရှိသည့် ဆန်ဖြူ ၅ မှတ် (White Rice 5%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀၊ ဆန်ဖြူ ၂၅ မှတ် (White Rice 25%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၀၊ အိန္ဒိယနိုင်ငံမှ ထွက်ရှိသည့် ဆန်ဖြူ ၂၅ မှတ် (White Rice 25%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၀ ဈေးနှုန်းရှိကြောင်း လေ့လာသိရှိရပါတယ်။

နယ်စပ် မျက်နှာစာအလိုက်ဖြစ်ပေါ်လျက်ရှိသော ဈေးနှုန်းများအရ ဧည့်မထ ၂၅ မှတ် ဆန်တစ်တန် ဈေးနှုန်းများမှာ တရုတ်မျက်နှာစာဘက်တွင် ယွမ် ၂၃၆၀ (အမေရိကန်ဒေါ်လာ ၃၄၂)၊ ထိုင်းမျက်နှာစာဘက်တွင် ဘတ် ၁၃၄၅၉ (အမေရိကန်ဒေါ်လာ ၃၉၆)၊ ဘင်္ဂလားဒေ့ရှ် မျက်နှာစာဘက်တွင် တာကာ ၂၉၀၀၃ (အမေရိကန်ဒေါ်လာ ၃၅၄)၊ အိန္ဒိယ မျက်နှာစာဘက်တွင် ရူပီး ၂၂၇၅၀ (အမေရိကန်ဒေါ်လာ ၃၅၀) ဖြစ်ကြောင်း စုံစမ်းသိရှိရပါတယ်။

ဆန် (FOB) ရန်ကုန်ဈေးနှုန်းများမှာ ၂၀၁၇ ခုနှစ်၊ မေ ၁၂ ရက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၅-၄၂၀၊ ဧည့်မထ ၁၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀-၄၀၅၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀-၃၅၅ ဖြစ်ကြောင်း စုံစမ်းသိရှိရပြီး ပင်လယ်ရေကြောင်းမှ ဧည့်မထ ၂၅ မှတ် ဆန်အပါအဝင် တန်းမြင့်ဆန်နှင့် ပေါင်းဆန်များ တင်ပို့မှုအားကောင်း၍ အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း ကြားသိရပါတယ်။

မြန်မာ နိုင်ငံနယ်စပ် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကုန်သွယ်ရေးဇုန်များ၊ ကုန်သွယ်ရေးစခန်းများဖွင့်လှစ်၍ ကုန်သွယ်မှုလုပ်ငန်းများ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိရာ နယ်စပ်ကုန်သွယ်မှု တစ်ရပ်လုံး၏ ၇၀ရာခိုင်နှုန်းကျော် ကုန်သွယ်မှု ပြုလုပ်ဆောင်ရွက်လျက်ရှိသည့် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် နှစ်စဉ်ကုန်သွယ်မှုပမာဏများ တိုးတက်မြင့်မားစေရေး၊ ကုန်သွယ်မှု လမ်းကြောင်းမှန်ပေါ် ရောက်ရှိစေရေး၊ ကုန်သွယ်မှုလျှော့ထားချက် ပြည့်မီကျော်လွန်စေရေး ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီမှ မေ ၁၁ ရက်အထိ တစ်ဖက်နိုင်ငံသို့ ဆန်၊ ဆန်ကွဲနှင့် ကောက်ညှင်းဆန်တင်ပို့မှုမှာ စုစုပေါင်း ယာဉ်စီးရေ ၄၉၂၃ စီး၊ တန်ချိန် ၁၁၆၁၅၅ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၃၅ သန်းကျော် တင်ပို့နိုင်ခဲ့သဖြင့် ယခင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကာလတူထက် ယာဉ်စီးရေ ၃၂၁၆ စီး၊ တန်ချိန် ၇၈၄၉၅ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁ သန်းကျော် ပိုမို တင်ပို့ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

မူဆယ်ဒေသနေ ကုန်သည်လုပ်ငန်းရှင်အချို့ထံ စုံစမ်းမေးမြန်းချက်အရ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ တင်ပို့လျက်ရှိသည့်ဆန်ဈေးကွက်မှာ ဈေးနှုန်းကောင်းမွန်လျက် ရှိသည့်အပြင် အရောင်းအဝယ်သွက်လျက်ရှိကြောင်း၊ ဧည့်မထဆန် ၅ မှတ်မှာ ၅၀ကီလို တစ်အိတ်လျှင် ဆန်အရည်အသွေးကောင်းမွန်ပါက ၁၄၀-၁၄၁ ယွမ်ခန့် ဈေးရရှိကြောင်း၊ အရည်အသွေး နိမ့်ပါက ၅၀ ကီလို တစ်အိတ်လျှင် ၁၃၄-၁၃၅ ယွမ်ခန့် ဈေးရရှိကြောင်း၊ တရုတ်နိုင်ငံမှ လုပ်ငန်းရှင်အချို့ကလည်း ဈေးကွက်ဝယ်လိုအား ကောင်းမွန်သဖြင့် သကြံန်မတိုင်မီနှင့် သကြံန်ပြီးသည့်ကာလများတွင် မြန်မာနိုင်ငံအတွင်းရှိ ဆန်ထွက်ရှိရာ ဒေသများသို့လာရောက်၍ ဝယ်ယူလျက်ရှိကြောင်း၊ ယင်းကဲ့သို့ ဝယ်ယူခြင်းမှာ မိမိဘက်ဈေးကွက်ဖြစ်ပေါ်ခြင်းသည် ကောင်းမွန်ကြောင်း၊ ဆန်ဈေးကွက်မှာ မူဆယ်ဒေသတွင်သာမက လွယ်ဂျယ်ဒေသဘက်မှလည်း တင်ပို့လျက်ရှိကြောင်း စုံစမ်းသိရှိရပါတယ်။

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်ပြီး မြန်မာ့ဆန်ဈေးကွက် ပိုမိုတင်ပို့ ထုတ်လုပ်လာသည်နှင့်အမျှ မျိုးကောင်းမျိုးသန့်များကို ပိုမိုစိုက်ပျိုး ထုတ်လုပ်ခြင်းဖြင့် နိုင်ငံအတွင်းရှိ ဆန်စပါး ထုတ်လုပ်သူတောင်သူများ၊ ဆက်စပ် စီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူပြည်သူများ အကျိုး ခံစားခွင့် ရရှိမှာဖြစ်ပါတယ်။ နိုင်ငံတော်မှချမှတ်ထားသည့် စီးပွားရေး မူဝါဒနှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ စားနပ်ရိက္ခာ ဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် ပို့ကုန်လျာထားချက် ပြည့်မီကျော်လွန်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး၊ ကျေးလက်နေ ပြည်သူများဘဝ ရပ်တည်မှု မြင့်မားစေရေးတို့အတွက်လည်း အထောက်အကူပြုလာမှာဖြစ်ပါတယ်။ ထို့ကြောင့် ကမ္ဘာ့အလယ်မှ မြန်မာ့ဆန်ဟု တင်စားခေါ်ဝေါ်လာနိုင်စေရေး အရည်အသွေးကောင်းတန်းမြင့်ဆန်များ ပိုမိုတင်ပို့ထုတ်လုပ်နိုင်ရေး၊ ဈေးကွက်နိုင်ငံများနှင့် Regular Supplier and Buyer တည်ဆောက်နိုင်ရေး ဈေးကွက်အတွင်း ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါတယ်။

**ဘဏ္ဍာနှစ်အလိုက် ဆန်နှင့် ဆန်ကွဲ တင်ပို့မှုအခြေအနေ**

| စဉ် | အကြောင်းအရာ | ပင်လယ် ရေကြောင်း | | ဆောင်ရွက်နိုင်မှု | နယ်စပ် | | ဆောင်ရွက်နိုင်မှု | စုစုပေါင်း | | ဆောင်ရွက်နိုင်မှု |
|---|---|---|---|---|---|---|---|---|---|---|
| | | တန်ချိန် | တန်ဖိုး | ရာခိုင်နှုန်း | တန်ချိန် | တန်ဖိုး | ရာခိုင်နှုန်း | တန်ချိန် | တန်ဖိုး | ရာခိုင်နှုန်း |
| ၁ | ၂၀၁၂-၂၀၁၃ | ၆၀၈၈၂၅ | ၂၁၃ | ၃၉ % | ၈၁၄၈၇၆ | ၃၃၈ | ၆၀% | ၁၄၂၃၇၀၁ | ၅၅၁ | ၁၀၀% |
| ၂ | ၂၀၁၃-၂၀၁၄ | ၃၉၀၈၁၈ | ၁၃၄ | ၂၈ % | ၈၇၁၇၉၉ | ၃၄၁ | ၇၂ % | ၁၂၆၂၆၁၇ | ၄၇၅ | ၁၀၀% |
| ၃ | ၂၀၁၄-၂၀၁၅ | ၄၆၁၁၂၄ | ၁၅၁ | ၂၃ % | ၁၃၇၉၄၃၆ | ၅၀၉ | ၇၇ % | ၁၈၄၀၅၆၀ | ၆၆၀ | ၁၀၀% |
| ၄ | ၂၀၁၅-၂၀၁၆ | ၃၁၈၅၁၄ | ၁၀၂ | ၁၉ % | ၁၁၇၄၇၃၁ | ၄၂၄ | ၈၁ % | ၁၄၉၃၂၄၅ | ၅၂၆ | ၁၀၀% |
| ၅ | ၂၀၁၆-၂၀၁၇ | ၆၉၁၁၃၉ | ၂၀၂ | ၂၈ % | ၁၀၅၉၄၂၂ | ၃၅၁ | ၇၂ % | ၁၇၅၀၅၆၁ | ၅၅၃ | ၁၀၀% |
| ၆ | ၂၀၁၇-၂၀၁၈ (၁၂-၅-၂၀၁၇ ထိ) | ၁၁၂၁၂၅ | ၃၂ | ၃၈ % | ၁၇၅၄၆၄ | ၅၃ | ၆၂ % | ၂၈၇၅၈၉ | ၈၅ | ၁၀၀% |

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# The Belt&Road Initiative သို့ပါဝင်ရန် တရုတ်နိုင်ငံက အမေရိကန်အားဖိတ်ခေါ်

တရုတ်နိုင်ငံက အကောင်အထည်ဖော်လျက်ရှိသည့် The Belt & Road Initiative တွင် အမေရိကန် အား ပူးပေါင်းပါဝင် ရန် ဖိတ်ခေါ်ကြောင်း၊ တရုတ်၏ အတွေ့အကြုံနည်းပညာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အမေရိကန်ကုမ္ပဏီများနှင့် အခြေခံအဆောက်အအုံလုပ်ငန်းများအတွက် အခွင့်အလမ်းကောင်းတစ်ခုဖြစ်ကြောင်း အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပသည့် International Finance and Infrastructure Forum တွင် အမေရိကန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Cui Tiankai က ပြောကြားခဲ့ပါသည်။

The Belt & Road Initiative သည် ပထဝီဝင်အနေအထားအရ ဆောင်ရွက်သော မဟာဗျူဟာမဟုတ်ဘဲ ဖွံ့ဖြိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် လမ်းဖွင့်ဆောင်ရွက်သည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း၊ လမ်းကြောင်းတစ်လျှောက်ရှိ နိုင်ငံများအား ဆက်သွယ်ပေါင်းစည်းမှုမြှင့်တင်ခြင်းဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးရရှိမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ထို့အပြင် အဆိုပါ Initiative သည် ၂၁ ရာစုတွင် ကမ္ဘာ့နိုင်ငံအသီးသီး၏ စီးပွားရေး၊ လူမှုရေးနှင့် နည်းပညာ လိုအပ်ချက်များအတွက် ရည်ရွယ်ခြင်းဖြစ်ပြီး ဖွံ့ဖြိုးမှု၊ ကြွယ်ဝချမ်းသာမှုနှင့် တည်ငြိမ်မှုရရှိအောင် ကမ္ဘာတစ်ဝန်းပူးပေါင်း၍ မိတ်ဖက်ဆောင်ရွက်မှုတစ်ခုဖြစ်ကြောင်း သိရပါသည်။ တရုတ်-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးကို အပြုသဘောဆောင်ရွက်ရုံမျှမက နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းများမှာလည်း ယခုထက်ပို၍ ကမ္ဘာကိုဦးဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် Tiankai ကအကြံပြုခဲ့ကြောင်း သိရှိရပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ပေကျင်းမြို့**

# ၂၀၃၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် ဂျပန်နှင့် ဂျာမနီနိုင်ငံတို့ကိုကျော်လွန်ကာ ကမ္ဘာ့တတိယအကြီးဆုံး ဖြစ်လာနိုင်ကြောင်း USDA က ခန့်မှန်း

အိန္ဒိယနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံကြီးလေးနိုင်ငံဖြစ်သည့် ဂျပန်၊ ဂျာမနီ၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့ကို သာလွန်ကာ ကမ္ဘာ့တတိယအကြီးဆုံး စီးပွားရေးဖြစ်လာနိုင်သည့် အနေအထားတွင် ကောင်းစွာရှိနေကြောင်း အမေရိကန်အစိုးရ အေဂျင်စီတစ်ခု၏ အဆိုအရ သိရှိရပါသည်။

ကမ္ဘာ့ဘဏ်နှင့်အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) တို့က ကောက်ယူစုဆောင်းထားသည့် အချက်အလက်များကို အခြေခံကာ အမေရိကန်စိုက်ပျိုးစီးပွားရေးသုတေသနဝန်ဆောင်မှုအဖွဲ့ (USDA)၏ ခန့်မှန်းချက်အရ အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် နှစ်စဉ် ၇ ဒသမ ၄ ရာခိုင်နှုန်းဖြင့် နှစ်စဉ်ပျမ်းမျှတိုးတက်မည်ဆိုပါက ၂၀၃၀ ပြည့်နှစ်တွင် GDP ပမာဏမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၈၄ ထရီလီယံသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း၊ ယင်းပမာဏသည် ဂျပန်နှင့် ဂျာမနီနိုင်ငံတို့၏ စီးပွားရေးပမာဏဖြစ်သည့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၇ ထရီလီယံနှင့် ၄ ဒသမ ၃၈ ထရီလီယံတို့ထက် ပိုမိုကြီးမားလာစေမည်ဖြစ်ကြောင်း၊ ထိုမျှသာမက ပိုမိုစိတ်ဝင်စားဖွယ်ကောင်းသည်မှာ အိန္ဒိယနိုင်ငံ၏ နှစ်စဉ်စီးပွားရေးပမာဏသည် လာမည့် ၁၅ နှစ်အတွင်း ဗြိတိန်နှင့် ပြင်သစ်တို့၏ စီးပွားရေးပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ထရီလီယံနှင့် ၃ ဒသမ ၄၄ ထရီလီယံ တို့နှင့်နှိုင်းယှဉ်ပါက နှစ်ဆနီးပါးခန့် ရှိလာလိမ့်မည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

IMF ၏ ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်သူ ခရစ်စတင်းလားဂတ်က အိန္ဒိယနိုင်ငံအား လင်းလက်နေသည့် ကြယ်တစ်ပွင့်အဖြစ် အကြိမ်ကြိမ်တင်စားပြောဆိုခဲ့ပြီး၊ ၂၀၃၀ ပြည့်နှစ်တွင် ဂျာမနီ၏ စီးပွားရေးကိုကျော်လွန်မည်ဟု ခန့်မှန်းထားကြောင်း၊ အိန္ဒိယနိုင်ငံ၏ လျင်မြန်စွာတိုးတက်နေသော လူငယ်ဦးရေသည် နိုင်ငံစီးပွားရေးလုပ်ငန်းများကို မြှင့်တင်ရန်နှင့် သက်တမ်းရင့်နေသည့် ဖွံ့ဖြိုးပြီးနိုင်ငံကြီး၏ စီးပွားရေးအား ကျော်လွန်နိုင်စေရန် အဓိကကျသည့် အချက်ဖြစ်ပြီး မိုလ်ဘိုင်းဖုန်း၊ လျှပ်စစ်ပစ္စည်း၊ မော်တော်ကားနှင့် နေအိမ်လိုအပ်ချက်များမှာလည်း နိုင်ငံအတွင်း မြင့်တက်လာမည်ဖြစ်ကြောင်း ပြောကြားပါသည်။

အစိုးရဦးဆောင်သော အတိုင်ပင်ခံအဖွဲ့ (think-tank) အဖွဲ့အစည်းကြီးဖြစ်သည့် Niti Aayog ကလည်း အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် အနာဂတ်တွင် အလွန်လင်းလက်တောက်ပနေပြီး လာမည့် ၁၅ နှစ်အတွင်း နှစ်စဉ်ပျမ်းမျှ ရှစ်ရာခိုင်နှုန်းဖြင့် တိုးတက်နိုင်ကြောင်း၊ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ၏ စီးပွားရေးပမာဏမှာ ရူပီးကုဋေ ၁၃၇ သိန်းသာရှိရာမှ ၁၅ နှစ်၊ ၁၆ နှစ်ကြာမြင့်ပါက ရူပီးကုဋေ ၄၆၉ သိန်းအထိ ရှိလာလိမ့်မည်ဟု မေ ၂၃ ရက်က ခန့်မှန်းပြောကြားခဲ့ကြောင်း သိရှိရပါသည်။

၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံသည် နှစ်စဉ်စီးပွားရေးပမာဏ (GDP) အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၈ ထရီလီယံဖြင့် ကမ္ဘာ့စီးပွားရေး ထိပ်တန်းခေါင်းဆောင်အဖြစ် ဆက်လက်နေရာယူလိမ့်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ထိုသို့တွက်ချက်ခြင်းမှာ ၎င်း၏ ၂၀၁၆ ခုနှစ်က ရရှိထားသော GDP ပမာဏဖြစ်သည့် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၉၇ ထရီလီယံအား နှစ်စဉ်ပျမ်းမျှ တိုးတက်မှုနှုန်းမှာ ၂ ဒသမ ၁ ရာခိုင်နှုန်းဖြင့် အခြေခံ၍တွက်ချက်ထားခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်ရှိ GDP ပမာဏမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၄ ထရီလီယံရှိပြီး တိုးတက်မှုနှုန်း ၅ ဒသမ ၃ ရာခိုင်နှုန်းအတိုင်း ဆက်လက်တိုးတက်မည်ဆိုပါက ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၂ ထရီလီယံသို့ ရောက်ရှိမည်ဖြစ်ကာ အမေရိကန်၏ စီးပွားရေးပမာဏနှင့် ကွာဟချက် ကျဉ်းမြောင်းလာမည်ဖြစ်ကြောင်း ခန့်မှန်းထားပါသည်။

စီမံခန့်ခွဲမှု အကြံပေးအဖွဲ့အစည်းကြီးဖြစ်သည့် Price Water Coopers (PwC) ကလည်း အမေရိကန်နှင့် တရုတ်နိုင်ငံတို့ပြီးနောက် အိန္ဒိယနိုင်ငံအနေဖြင့် အင်အားကြီးနိုင်ငံ တစ်နိုင်ငံအဖြစ် ရောက်ရှိလာနိုင်သည်ဟု ပြီးခဲ့သည့်လက ဖော်ပြခဲ့ကြောင်း၊ အဆိုပါအဖွဲ့ကြီးက ထုတ်ဝေသည့် "The World in 2050 " အစီရင်ခံစာ၌ Purchasing Power Parity (PPP) အရ တွက်ချက်သည့် GDP အရ အိန္ဒိယနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် ဒေါ်လာ ၈ ဒသမ ၇ ထရီလီယံသာ ရှိရာမှ ၂၀၄၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ထရီလီယံ ၃၀ သို့ တိုး တက်လာမည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၆ ထရီလီယံမှ ၂၈ ဒသမ ၃ ထရီလီယံသို့ တိုးတက်လာလိမ့်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့်မူ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၃ ထရီလီယံမှ ၄၇ ဒသမ ၄ ထရီလီယံသို့ မြင့်တက်လာမည်ဖြစ်ပြီး၊ ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လိမ့်မည်ဖြစ်ကြောင်း ဖော်ပြ ထားပါသည်။

သို့ရာတွင် အမေရိကန်ဒေါ်လာဖြင့် တွက်ချက်သည့် GDP အရမူ ၂၀၅၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံ၏ GDP ပမာဏမှာ အမေရိကန်ဒေါ်လာ ၄၉ ဒသမ ၉ ထရီလီယံ၊ အမေရိကန်၏ GDP ပမာဏမှာ အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၁ ထရီလီယံတို့၏နောက်တွင် အိန္ဒိယနိုင်ငံသည် အမေရိကန်ဒေါ်လာ ၂၈ ထရီလီယံဖြင့် GDP ပမာဏအရ ကမ္ဘာ့တတိယအများဆုံး အဖြစ် ရှိနေလိမ့်မည်ဟု PwC က ပြောကြားထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ပို့ကုန်တိုးမြှင့်ရေးကို အထောက်အကူပြုနိုင်ရန်အတွက် နိုင်ငံခြားကုန်သွယ်မှုမူဝါဒကို အိန္ဒိယအစိုးရက ပြင်ဆင်မည်

ကမ္ဘာ့ဝယ်လိုအား ကျဆင်းနေခြင်းနှင့် ရူပီးငွေဈေးနှုန်း ခိုင်မာအားကောင်းနေခြင်းတို့၏ ရိုက်ခတ်မှုဒဏ်ကို ခံစားနေရသည့် အိန္ဒိယပို့ကုန်ကဏ္ဍကို အထောက်အကူပြုစေရန်အတွက် အားပေးမြှင့်တင်မှုများပြုလုပ်ရန်နှင့် နိုင်ငံခြားကုန်သွယ်မှုမူဝါဒအား ပြန်လည်လေ့လာသုံးသပ်မှုများ ပြုလုပ်နိုင်ရန်အတွက် အိန္ဒိယအစိုးရက စီစဉ်နေကြောင်း၊ အိန္ဒိယအစိုးရသည် ၂၀၁၅-၂၀၂၀ ခုနှစ်၊ နိုင်ငံခြားကုန်သွယ်မှုမူဝါဒ၏ ငါးနှစ်သက်တမ်းဝက်ကာလ ပြန်လည်သုံးသပ်မှုအား လာမည့် စက်တင်ဘာ၌ ပြုလုပ်ရမည်ဖြစ်ရာ မူဝါဒပြုပြင်ပြောင်းလဲရေးနှင့် စပ်လျဉ်း၍ အကြံဉာဏ်များပေးရန် သက်ဆိုင်ရာ တာဝန်ရှိသူများထံ တိုက်တွန်းမေးမြန်းတောင်းခံထားကြောင်း သိရှိရပါသည်။

၂၀၁၅ ခုနှစ်က စတင်ကြေညာခဲ့သည့် အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုမူဝါဒမှာ ငါးနှစ်တာကာလ ပြည့်မြောက်သည့် ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံ၏စုစုပေါင်းပို့ကုန်ပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ဘီလီယံ ၉၀၀ သို့ ရောက်ရှိရန် ရည်မှန်းထားရာ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်၌ အိန္ဒိယနိုင်ငံ၏ သင်္ဘောတင်ပမာဏမှာ အမေရိကန်ဒေါ်လာ ၂၇၅ ဘီလီယံခန့်သာရှိခဲ့ကြောင်း၊ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ်တွင် မျှော်မှန်းထားသည့် နိုင်ငံခြားကုန်သွယ်မှုမူဝါဒ ရည်မှန်းချက်ကို ပြည့်မီရန်အတွက် ပို့ကုန်ပမာဏ တိုးတက်မှုနှုန်းမှာ နှစ်စဉ် ၁၄ ရာခိုင်နှုန်းဖြင့် တိုးတက်ရမည်ဖြစ်ကြောင်း၊ သို့ရာတွင် အမေရိကန်နှင့် အချို့သော ဖွံ့ဖြိုးပြီးနိုင်ငံများက ကုန်သွယ်မှုတွင် အကာအကွယ်ပြုမှုများ တိုးတက်လျက်ရှိသည့် ယခုကဲ့သို့ အချိန်မျိုး၌ အိန္ဒိယနိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် အဆိုပါနှုန်းထားဖြင့် တိုးတက်မှုရရှိရန်မှာ လွယ်ကူလိမ့်မည်မဟုတ်ကြောင်း အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး နီမလာ စီသာရာမန်က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

၎င်းက ဆက်လက်ပြောကြားရာ၌ ပို့ကုန်ကဏ္ဍ တိုးတက်ရေးအတွက် ၂၀၁၄ ခုနှစ်မှ လက်ရှိကာလအတွင်း အပြောင်းအလဲများစွာကို ပြုလုပ်ခဲ့ရာ ကမ္ဘာ့ကုန်သွယ်မှုကျဆင်းသည့် အနေအထား၌ ရှိနေသော်လည်း အိန္ဒိယနိုင်ငံအနေဖြင့် ယင်းအခြေအနေအား ဖြတ်ကျော်နိုင်ခဲ့ပြီး ယခုအခါ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်း၊ "Made in India " အစီအစဉ်သည်လည်း ပြည်တွင်းပစ္စည်း ပါဝင်မှုပမာဏများသည့် ထုတ်ကုန်များအား ဆွဲဆောင်မှု မက်လုံး/သက်သာခွင့်များ ပိုမိုဖန်တီးပေးခြင်းအားဖြင့် နိုင်ငံပို့ကုန်တိုးတက်ရေးအတွက် အထောက်အကူပြုစေနိုင်ကြောင်း၊ ထို့ပြင် လာမည့် ဇူလိုင်လတွင် စတင်ကျင့်သုံးနိုင်ရန် ရည်မှန်းထားသည့် Goods and Service Tax ဥပဒေနှင့် လိုက်လျောညီထွေမှုရှိစေရန်အတွက် နိုင်ငံခြားကုန်သွယ်မှုမူဝါဒအား ပြုပြင်မွမ်းမံခြင်း များကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၀–၅–၂၀၁၇)

ဇော်ဝင်း

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ် အရောင်းအဝယ်ပုံမှန်ရှိ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေး ငြိမ်နေကြောင်း သိရပါတယ်။ ပြောင်းဈေးက ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာ ကျပ် ၄၂၀( တစ်တန်ကျပ် ၂၅၇၂၀၀) နဲ့ ဆက်လက်ဈေးငြိမ်ကာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုပမာဏမှာ ယခင်တစ်ပတ်က ပိဿာချိန် ၃၄၈၈၇၀၀ ရှိခဲ့ပြီး ယခုတစ်ပတ်မှာလည်း ပိဿာချိန် ၃၄၇၃၂၀၀ ရှိတာကြောင့် အရောင်းအဝယ် ပုံမှန်ရှိနေကြောင်း သိရပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှ မူဆယ်အထိ ပြောင်းတစ်ပိဿာကို ၃၃ ကျပ်ရှိကြောင်းလည်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေး တက်ရိပ်ပြ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေးနှုန်း ဆက်လက်တက်ရိပ်ပြခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ (RC) တစ်တန်ကို ကျပ် ၉၆၅၀၀၀ ထိ ပြန်လည်ဈေးနှုန်းမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်တန်ကို ကျပ် ၉၇၂၀၀၀ ထိ ဆက်လက်မြင့်တက်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် တစ်တန်ကို ကျပ် ၇၀၀၀ ဈေးမြင့်ခဲ့ပါတယ်။ မတ်ပဲ SQ(RC) ကလည်း ယခင်တစ်ပတ်က တစ်တန်ကိုကျပ် ၁၂၁၃၅၀၀ ထိ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်တန်ကို ကျပ် ၁၂၂၄၅၀၀ ထိ ဆက်လက်ဈေးမြင့်ခဲ့ပြီး ယခင်တစ်ပတ်ထက် တစ်တန်ကို ကျပ် ၁၁၀၀၀ ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်တန် ကျပ် ၆၆၃၀၀၀ ထိ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်တန်ကို ကျပ် ၆၇၆၀၀၀ ထိ ဆက်လက်ဈေးမြင့်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် တစ်တန်ကို ကျပ် ၁၃၀၀၀ ဆက်လက် ဈေးမြင့်လာခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးငြိမ်ပြီး အရောင်းအဝယ် ပုံမှန်ဖြစ်

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေး ငြိမ်နေကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ ယခင်တစ်ပတ်က ၅၀ ကီလိုတစ်အိတ်ကို ယွမ် ၇၀ မှ ယွမ် ၈၀ ရှိသလို ယခုတစ်ပတ်မှာ ၅၀ ကီလိုတစ်အိတ်ကို ၇၄ ယွမ်မှ ယွမ် ၈၀ ( တစ်တန်ယွမ် ၁၄၈၀ မှယွမ် ၁၆၀၀) ဖြစ်ခဲ့တာမို့ ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။ ပြောင်းဈေးငြိမ်သလို တစ်ဘက်နိုင်ငံသို့ တင်ပို့နိုင်မှုမှာလည်း တန်ချိန် ၂၄၀၀၀ ကျော် တင်ပို့နိုင်ခဲ့ တာကြောင့် ပုံမှန်တင်ပို့နေကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီ ဆက်လက်ဈေးမြင့်

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဆက်လက်ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ကျပ် ၁၅၆၀ ထိဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၁၆၁၀ ( တစ်တန်ကျပ် ၉၅၈၉၄၀) ထိ ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ မတ်ပဲ ဈေးမြင့်တက်လာတဲ့ အပြင် မြို့ခံပဲခွဲစက်များ၊ ရန်ကုန်ဝယ်လက်နဲ့ မန္တလေးဝယ်လက်များက ဝယ်လိုအားများတာကြောင့် အရောင်းအဝယ်သွက်ခဲ့ကြောင်း သိရပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၁၀၂၅ ကျပ်နဲ့ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၀၇၅ ကျပ် (တစ်တန် ကျပ် ၆၅၈၃၂၀) ထိ ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ ပဲစင်းငုံဈေး မြင့်လာသလို ရန်ကုန်ဝယ်လက်နဲ့ လှော်လက်များက ဝယ်လိုအား ရှိပေမယ့် ရောင်းသူများက တက်ဈေးမျှော်နေတဲ့အတွက် အရောင်းပုံမှန်သာရှိကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီး ထိပ်စကလည်း ဈေးကွက်အတွင်း ဝင်ရောက်မှုနည်းပါးသဖြင့် ဈေးမြင့်လာခဲ့ပြီး မန္တလေးဝယ်လက်က ဝယ်ယူခဲ့ကြတာကြောင့် ယခင် တစ်ပတ်က ၁၈၆၈ ကျပ်သာရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ် ပိဿာ ၁၉၄၇ ကျပ် (တစ်တန် ကျပ် ၁၁၉၂၃၂၀) ထိ ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးက ယခင်တစ်ပတ်ထက် ဈေးနိမ့်ကာ တစ်ပိဿာ ကျပ် ၂၂၁၁ (တစ်တန် ကျပ် ၁၃၅၃၉၉၀) နဲ့ ယခင်တစ်ပတ်က ကုလားပဲထိုင်ဝမ် တစ်ပိဿာ ၁၈၈၅ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၉၄၇ ကျပ် (တစ်တန် ကျပ် ၁၁၉၂၃၂၀) နဲ့ ဈေးမြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်းကတော့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေခဲ့ကာ တစ်ပိဿာ ၄၃၅ ကျပ် (တစ်တန် ကျပ် ၂၆၆၃၉၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးကျပြီး အရောင်းအဝယ်အေး

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပြောင်းဈေး တစ်ပိဿာ ကျပ် ၃၆၀ ရှိခဲ့ရာက ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၃၅၀ (တစ်တန် ကျပ် ၂၁၄၃၃၀) ထိဈေးကျခဲ့ပါတယ်။ အရောင်း အဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ပိဿာချိန် ၅၀၀၀၀၀ ကျော် ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ ပိဿာချိန် ၄၀၀၀၀၀ ကျော် ရှိတာကြောင့် ဈေးကျသလို အရောင်းအဝယ်လည်း ကျခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲတီစိမ်းရွှေဝါနဲ့ ပဲစင်းငုံနီ ဈေးဆက်လက် တက်ရိပ်ပြ

ယခုတစ်ပတ်မှာတော့ မန္တလေးဈေးကွက်မှာ ပဲတီစိမ်းရွှေဝါနဲ့ ပဲစင်းငုံနီဈေး ဆက်လက်တက်ရိပ် ပြခဲ့ကြောင်း သိရပါတယ်။ တရုတ်နိုင်ငံသို့ တင်ပို့သူကုန်သည်များက ဝယ်လိုအားများခဲ့တာကြောင့် ဈေးမြင့်ပြီး အရောင်းအဝယ်များခဲ့တဲ့ ပဲတီစိမ်းရွှေဝါက ယခင်တစ်ပတ်က တစ်ပိဿာ ၂၀၃၆ ကျပ်နဲ့ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၂၀၆၂ကျပ် (တစ်တန်ကျပ် ၁၂၆၂၇၄၀) နဲ့ ဆက်လက်ဈေးမြင့်ခဲ့ပြီး တစ်နေ့အိတ် ၁၅၀၀ နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ရန်ကုန်ဝယ်လက် ပဲလှော် လက်များက ဝယ်လိုအားများခဲ့တဲ့ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၁၀၀၀ ထိဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၀၄၅ ကျပ်( တစ်တန်ကျပ် ၆၃၉၉၄၀) ထိ ဆက်လက်ဈေးမြင့်ခဲ့ကာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ၁၆၁၇ ကျပ်ထိ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၅၈၃ ကျပ် (တစ်တန်ကျပ် ၉၆၉၄၁၀) နဲ့ ဈေးနိမ့်ခဲ့ပြီး တစ်နေ့အိတ် ၅၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံကတော့ ယခုတစ်ပတ်မှာ ဈေးကျခဲ့ပြီး နှမ်းနက်စမုံ တစ်ပိဿာ ၂၇၃၃ ကျပ် (တစ်တန် ကျပ် ၁၆၇၃၆၆၀) နဲ့ နှမ်းနက်ရိုးရိုး တစ်ပိဿာ ၂၁၇၈ ကျပ်(တစ်တန် ၁၃၃၃၇၈၀ ကျပ်)နဲ့ နှမ်းဖြူထိပ်စ တစ်ပိဿာ ၂၂၈၉ကျပ် (တစ်တန်ကျပ် ၁၄၀၁၇၆၀) နဲ့ နှမ်းမျိုးစုံတစ်နေ့ အိတ် ၉၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာပဲစင်းငုံနီ ဈေးတက်ပြီး ပဲတီစိမ်းဈေး ဆက်လက်ဈေးငြိမ်

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေး ဆက်တက်ခဲ့သလို ပဲတီစိမ်းဈေးကလည်း ဆက်လက်ဈေးငြိမ်နေခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၁၀၂၅ ကျပ်နဲ့ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၁၀၅၀ (တစ်တန် ကျပ် ၆၄၃၀၀၀) နဲ့ ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ ပဲတီစိမ်းဈေးကလည်း တစ်ပိဿာ ၁၅၇၅ ကျပ် (တစ်တန် ကျပ် ၉၆၄၅၁၀) နဲ့ ရက်သတ္တလေးပတ်ဆက်တိုက် ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနက် နှမ်းနီတစ်ပိဿာ ကျပ် ၂၀၀၀ (တစ်တန် ကျပ် ၁၂၂၄၇၈၀) နဲ့ ဆက်လက်ဈေးငြိမ်နေခဲ့ပြီး သိပ္ပံနှမ်းနက်တစ်ပိဿာ ၂၆၂၅ ကျပ်(တစ်တန် ကျပ် ၁၆၀၇၅၂၀) နှမ်းနက်ပုံမှန်စတစ်ပိဿာ ၂၁၁၀ ကျပ်(တစ်တန် ကျပ် ၁၂၉၂၁၄၀) နဲ့ ယခင်တစ်ပတ်ထက် ဈေးနိမ့်ကာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်း ဈေးတက်ပြီး နှမ်းဖြူ ဈေးငြိမ်

ယခုတစ်ပတ် မကွေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်းတို့ ဆက်လက်ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၁၅၇၅ ကျပ်နဲ့ ပြန်လည်ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၆၀၅ ကျပ် (တစ်တန် ကျပ် ၉၈၂၈၈၀) နဲ့ ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ အလားတူ ယခင်တစ်ပတ်က ပဲတီစိမ်း တစ်ပိဿာ ကျပ် ၁၇၄၀ နဲ့ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၈၄၂ကျပ် (တစ်တန်ကျပ် ၁၁၂၈၀၂၀) ထိ ဆက်လက်ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနက် နှမ်းနက်စမုံဈေးတက်ခဲ့ပြီး တစ်ပိဿာ ကျပ် ၂၅၈၀ (တစ်တန် ကျပ် ၁၅၇၉၉၆၀) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းဖြူထိပ်စကတော့ ယခင်တစ်ပတ်က ဈေးအတိုင်း တစ်ပိဿာ ၂၃၅၅ ကျပ်နဲ့( တစ်တန်ကျပ် ၁၄၄၂၁၇၀ )နဲ့ ဆက်လက် ဈေးငြိမ်နေကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲနဲ့ အစေ့ထုတ်ပြောင်း ဈေး ဆက်လက်တက်ရိပ်ပြ

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲနဲ့ အစေ့ထုတ်ပြောင်း ဈေးဆက်လက်တက်ရိပ်ပြခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ကျပ် ၁၆၀၀ ထိဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၆၂၅ ကျပ် (တစ်တန် ကျပ် ၉၉၅၁၃၀) ထိ ဆက်လက်ဈေးမြင့်ခဲ့ကာ တစ်နေ့အိတ် ၄၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အလားတူ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်း တစ်ပိဿာ ၃၃၅ ကျပ် ဈေးရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၃၆၅ ကျပ် (တစ်တန်ကျပ် ၂၂၃၅၂၀) နဲ့ ဆက်လက်ဈေးမြင့်ပြီး တစ်နေ့ အိတ် ၃၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



## စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး ကမ္ဘာ့ဘဏ် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးသည် ကမ္ဘာ့ဘဏ်မှ Trade and Competitiveness ၏ Senior Economist ဖြစ်သူ Mr. Sjamsu Rahardja နှင့်အဖွဲ့အား မေ ၁၈ ရက်တွင် စားသုံးသူရေးရာဦးစီးဌာန ရုံးအမှတ်(၅၂) ရုံးချုပ်အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက ဦးစီးဌာနစတင်ဖြစ်ပေါ်လာပုံ၊ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီနှင့် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်မှုများ၊ စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်းသည့် ပညာပေးဟောပြောပွဲ၊ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများ ဖွင့်လှစ်သည့် အခြေအနေများ၊ စားသုံးသူကာကွယ်ရေးဥပဒေ ပြင်ဆင်ရေးဆွဲနေသည့် အခြေအနေများနှင့်ပြင်ဆင်ရေးဆွဲရသည့် အကြောင်းအရာများ၊ ပြည်တွင်း ကုန်သွယ်မှုဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲအသစ်တိုးချဲ့၍ ပြန်လည်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည့် ဌာနဖွဲ့စည်းပုံ အခြေအနေများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများနှင့် အမျိုးသားအဆင့် စားသုံးသူရေးရာ မဟာဗျူဟာဆောင်ရွက်ရန် အဆိုပြုခြင်းများအပေါ် ရင်းနှီးပွင့်လင်းစွာ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) ဦးမြင့်လွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) ဦးအောင်မောင်းနှင့် ဌာနခွဲအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**ဇေယျာဆွေ(သတင်း/အရည်အသွေး)**

## စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ(မူကြမ်း) အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ် (၅၂)၌ မေ ၉ ရက်က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ ၂၀၁၄ ထက် ပိုမိုအားကောင်း ပြည့်စုံပြီး စားသုံးသူများအား စားသုံးသူအခွင့်အရေးများ အပြည့်အဝ ရရှိစေရေး၊ ဘေးအန္တရာယ်ကင်းရှင်းသောကုန်စည်၊ ဝန်ဆောင်မှုများ ထုတ်လုပ်ဆောင်ရွက်နိုင်ရေးတို့အတွက် စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဥပဒေအစားထိုး ပြင်ဆင်ရေးဆွဲရေး အဖွဲ့ဝင်များ၊ USAID မှ Country Director၊ အပြည်ပြည်ဆိုင်ရာ စားသုံးသူရေးရာ ဥပဒေများ ကျွမ်းကျင်ပညာရှင်၊ Project Manager များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ ပါဝင်သော စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ(မူကြမ်း)နှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အောက်တွင် စားသုံးသူရေးရာဦးစီးဌာနကို ဖွဲ့စည်း၍ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံး လွှမ်းခြုံကာ တိုင်းဒေသကြီး /ပြည်နယ်များတွင် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင်ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီကို ဖွဲ့စည်းကာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးကော်မတီ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှု ကော်မတီများမှ စားသုံးသူများ၏ အခွင့်အရေးများ အပြည့်အဝရရှိရေး၊ နစ်နာဆုံးရှုံးမှုများ ကုစားဖြေရှင်းခြင်း လုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထမအဆင့်အနေဖြင့် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ ကုန်စည်၊ ဝန်ဆောင်မှုများ ပြုလုပ်သူလုပ်ငန်းရှင်များကိုလည်း ဘေးအန္တရာယ် ကင်းရှင်းသော ကုန်စည်၊ ဝန်ဆောင်မှုများ ထုတ်လုပ်ဆောင်ရွက်ကြရန် ပညာပေး ဟောပြောဆွေးနွေးခြင်း၊ သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပူးပေါင်းကာ စစ်ဆေးကြပ်မတ်ဖြေရှင်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ထိုက်သင့်သော အောင်မြင်မှုများ ရရှိခဲ့ပါကြောင်း၊ ဒုတိယအဆင့်အနေဖြင့် အားကောင်းပြည့်စုံခိုင်မာသည့် စားသုံးသူ ကာကွယ်ရေးဥပဒေ၊ နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သည့် USAID၊ GIZ-EU တို့၏ အကူအညီများကို ရယူကာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ပညာရှင်များ၊ ဌာနဆိုင်ရာများ ပါဝင်သောဆွေးနွေးပွဲများ၊ အစည်းအဝေးများ အကြိမ်ကြိမ် ကျင်းပပြုလုပ်၍ အကြံပြုချက်များရယူကာ ဥပဒေ(မူကြမ်း)အားပြုစု၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ အကြံပြုချက်ရရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရေးတို့အတွက် တစ်ပြိုင်တည်း ဆောင်ရွက်သွားမည်ဖြစ်ပါ၍ တက်ရောက်လာကြသူများမှ ဝိုင်းဝန်းဆွေးနွေး အကြံပြုကြပါရန် ဖိတ်ခေါ် ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသော စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ USAID မှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများမှ အသီးသီး ဖြည့်စွက်ဆွေးနွေး အကြံပြုခဲ့ကြကြောင်း သတင်းရရှိပါသည်။

**နိုင်ဦး၊ မြင့်မြင့်ချို**

## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သောအဖွဲ့ တရုတ်နိုင်ငံမှ လယ်ယာထွက်ကုန်လုပ်ငန်းရှင်များအား လက်ခံတွေ့ဆုံ

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါနှင့် ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangxi Bama Hongwang Yijia Ecological Agri Co.,Ltd ဥက္ကဋ္ဌဖြစ်သူ Mr.Jiang Yuanwang ဦးဆောင်သော အဖွဲ့ဝင် ၄၅ ဦးပါ လယ်ယာထွက်ကုန် လုပ်ငန်းရှင်ကိုယ်စားလှယ်အဖွဲ့အား မေ ၁၈ ရက်က စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၅၂)၊ အစည်းအဝေးခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် တရုတ်-မြန်မာနှစ်နိုင်ငံ ကုန်သွယ်မှု၊ နယ်စပ်ကုန်သွယ်ရေးဇုန်များ တည်ဆောက်မည့်ကိစ္စ၊ လယ်ယာထွက်ကုန် ကဏ္ဍတွင် ဆန်စပါးနှင့်အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများ၊ လယ်ယာကဏ္ဍတွင် စက်ပစ္စည်းများ အသုံးပြုဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးခဲ့ပါသည်။ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံမှ လယ်ယာသုံး စက်ကိရိယာပစ္စည်းများကို အများ ဆုံး တင်သွင်းလျက်ရှိနေကြောင်း၊ အရည်အသွေးပြည့်မီသော ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးများ တင်သွင်းရေးတို့ကိုလည်း ညှိနှိုင်းခဲ့ပါသည်။

ထို့နောက် တရုတ်ကိုယ်စားလှယ် လုပ်ငန်းရှင်များဘက်မှ ပြန်လည်ဆွေးနွေးရာတွင် ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံတွင် ဝါးပင်များပေါများသည့်အတွက် ဝါးအသုံးပြုလူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရန်ရင်းနှီးမြှုပ်နှံလိုပါကြောင်း၊ မြန်မာလုပ်ငန်းရှင်များနှင့်ပူးပေါင်းပြီး ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ကူညီထောက်ပံ့၍ ဆန်မျိုးကောင်းများ စမ်းသပ်စိုက်ပျိုးလိုပါကြောင်း ဆွေးနွေးခဲ့ပြီး ထွက်ရှိလာသည့် ဆန်များကို ပြန်လည်ဝယ်ယူလိုကြောင်း၊ မြန်မာ့ထွက်ကုန်များဖြစ်သည့် ပျားရည်၊ သီဟိုဠ်စေ့နှင့် တိုင်းရင်းဆေးဝါးများကို တရုတ်လူမျိုးများက နှစ်ခြိုက်စွာ ဝယ်ယူသုံးစွဲလျက်ရှိပါကြောင်း၊ ကုန်သွယ်ရေးကဏ္ဍတွင် နှစ်နိုင်ငံပူးတွဲဆောင်ရွက်ခြင်းဖြင့် နှစ်ဦးနှစ်ဖက် အပြန်အလှန် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် နှစ်နိုင်ငံမှ တာဝန်ရှိသူများသည် အပြန်အလှန် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြပါသည်။ အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်း ကိုယ်စားလှယ်ရုံးမှ စီးပွားရေးသံမှူး ဒေါက်တာသက်လွင်ဦး၏ စည်းရုံးမှုဖြင့် နေပြည်တော်သို့ ရောက်ရှိပြီးနောက် မန္တလေးမြို့တွင် ကျင်းပပြု လုပ်မည့် “4th Myanmar Mango Festival,1st Myanmar Tea Festival and Mandalay Horti Trade Fair 2017” တက်ရောက်ကြမည်ဖြစ်ကြောင်း သိရှိရပါသည်။

**လင်းလင်းထွန်း (TD)**

## Build Tech Yangon 2017 (BTY) ပြပွဲကျင်းပ

မြန်မာဆောက်လုပ်ရေးကဏ္ဍကို စိမ်းလန်းသော သဘာဝပတ်ဝန်းကျင်အတွက် ဦးတည်စေမည့် မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးကဏ္ဍ ပိုမိုတိုးတက်ကောင်းမွန်စေရန်၊ နိုင်ငံတကာနှင့်ချိတ်ဆက်နိုင်ရန် ရည်ရွယ်၍ "Build Tech Yangon 2017 (BTY)" ပြပွဲကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Convention Center ခန်းမတွင် မေ ၁၈ ရက်ကကျင်းပခဲ့ကြောင်း သိရပါသည်။

အဆိုပါပြပွဲသို့ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း (MCEA- Myanmar Construction Entrepreneurs Association) မှ ဥက္ကဋ္ဌ ဦးသာဌေး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီမှ အထွေထွေအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါပြပွဲတွင် စင်ကာပူ၊ ကနေဒါ၊ မလေးရှားနိုင်ငံတို့မှ ကုမ္ပဏီခြောက်ခု အပါအဝင် ထိုင်း၊ မြန်မာ၊ တရုတ်၊ ဩစတြေးလျ၊ တောင်ကိုရီးယား၊ ဗီယက်နမ်နိုင်ငံတို့မှ ကုမ္ပဏီပေါင်း ၄၀ ကျော်၊ ပြခန်းပေါင်း ၅၀ ကျော်ဖြင့် ကမ္ဘာ့နောက်ဆုံးပေါ် ဆောက်လုပ်ရေးလုပ်ငန်းသုံးဆိုင်ရာ ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၊ ဆန်းသစ်သည့် နည်းပညာရပ်များနှင့် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို ပြသခဲ့ပါသည်။

ယင်းပြပွဲကို စင်ကာပူနိုင်ငံ ပရက်(စ်) ဟိုးဒင်း၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော Sphere Exhibits က ကြီးမှူးကျင်းပပြီး မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း (MCEA - Myanmar Construction Entrepreneurs Association) ၏ ပူးပေါင်းပံ့ပိုးမှုဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

**Aye Aye (YGN)**

Vol: 17, No.19 Monday May 22 2017

# မော်တော်ယာဉ်နှင့် ယာဉ်ပေါ်ပါ ကျောက်စိမ်းတုံးများအား ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းတွင်ဖမ်းဆီးရမိ





တရားမဝင် ကုန်ပစ္စည်းများတင်ဆောင်သွားလာလျက် ရှိနေကြောင်း သတင်းအရ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးမိုးဇော်ဦး ဦးစီးအဖွဲ့သည် မေ ၁၃ ရက်က မြစ်ကြီးနားဘက်မှ တရုတ်နိုင်ငံဘက်သို့ ထွက်ခွာမည့် HONDAA CTY HA6 PICK UP ယာဉ်အမှတ် (9K/xxxx) အား (OSS) ပူးပေါင်းအဖွဲ့မှ ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်ရှေ့ခန်းရှိ ယာဉ်မောင်းထိုင်ခုံအောက်တွင် အံ့ဗုက်ပြုလုပ်၍တင်ဆောင်လာသော ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံးအကြီးအသေးရောရာ ၄၆ တုံးပါ အထုပ် ကိုးထုပ်ကို မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အဆိုပါဖမ်းဆီးရမိပစ္စည်းများအား အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန် (OSS) အကောက်ခွန်ဦးစီးဌာနသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ အပ်နှံဆောင်ရွက်နိုင်ခဲ့တယ်လို့ သိရပါတယ်။

ဖမ်းဆီးရမိသော ပစ္စည်းတန်ဖိုးမှာ မော်တော်ယာဉ်၏ ခန့်မှန်းတန်ဖိုး ကျပ် ၅၀၀၀၀၀၀ နှင့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးများ၊ အလေးချိန်အားဖြင့် တန်ချိန် ၃၄၇ ကီလို၊ ခန့်မှန်းတန်ဖိုး ကျပ် ၂၄၂၉၀၀ ဖြစ်၍ စုစုပေါင်းဖမ်းဆီးရမိ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၅၂၄၂၉၀၀ ဖြစ်ပြီး အဆိုပါ ဖမ်းဆီးရမိပစ္စည်းများအား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ပါတယ်။ ကန်ပိုက်တီကုန်သွယ်ရေးစခန်း (OSS) စခန်းအဖွဲ့အနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ မတ်မှ ဧပြီအတွင်း ဖမ်းဆီးရမိမှု အမှုတွဲငါးမှု ခန့်မှန်းတန်ဖိုးအားဖြင့် ကျပ် ၁၂ ဒသမ ၆၁၉ သန်း ဖမ်းဆီးရမိကြောင်း သိရှိရပါတယ်။

ဒါ့အပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အများဆုံး ဖမ်းဆီးရမိခဲ့တဲ့ ကုန်ပစ္စည်းများအနက် ကျောက်စိမ်း ဖမ်းဆီးရမိမှု အမှုတွဲနှစ်မှု၊ အလေးချိန် သုည ဒသမ ၉၈၆ တန်၊ ခန့်မှန်းတန်ဖိုး ကျပ် ၁ ဒသမ ၀၇၀ သန်း၊ မော်တော်ယာဉ် ဖမ်းဆီးရမိမှု အမှုတွဲနှစ်မှု၊ ခန့်မှန်းတန်ဖိုး ကျပ် ၅ သန်း၊ ကန့်မှုန့် ဖမ်းဆီးရမိမှု အမှုတွဲ တစ်မှု၊ ၁၅ ဒသမ ၇၅၀ တန် ဖမ်းဆီးရမိပြီး ခန့်မှန်းတန်ဖိုး ကျပ် ၆ ဒသမ ၅၄၉ သန်း ဖမ်းဆီးနိုင်ခဲ့ကြောင်းလည်း သိရပါတယ်။

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနဲ့ ကုန်သွယ်မှုပမာဏ မြင့်မားတိုးတက်ရေးအတွက် တရားမဝင် နည်းလမ်းဖြင့် အကောက်ခွန်မဲ့သယ်ဆောင်မှုများကို တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်မှ ကုန်သွယ်မှု ပြုလာစေရေးအတွက် ဒေသ၊ ဌာန၊ အဖွဲ့အစည်းအသီးသီးက ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြဖို့လည်း လိုအပ်လျက်ရှိပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အခများ၊ ဆုံးရှုံးနစ်နာမှု မရှိစေရေး၊ တရားဝင်အခွန်အခပေးဆောင်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိကြတဲ့ လုပ်ငန်းရှင်များ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း ထိခိုက်မှုမရှိစေရေး၊ တရားဝင်ကုန်သွယ်မှုလမ်းကြောင်းမှန်ပေါ်မှ ကုန်သွယ်မှုပြုတတ်လာစေရန်အတွက် ဖြေလျှော့သင့်သည်များကို ဖြေလျှော့ဆောင်ရွက်လျက်ရှိပါတယ်။

ယခုကဲ့သို့ ဖြေလျှော့ပေးသင့်သည်များကို ဖြေလျှော့ပေးခြင်း၊ ကုန်သည်အသင်းများ၊ လုပ်ငန်းရှင်များနှင့် ကုန်သွယ်ရေးစခန်းများတွင် လစဉ်ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးများကျင်းပပြီး ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ကြသော်လည်း တရားမဝင်လမ်းကြောင်းမှ ဆောင်ရွက်နေသည်များရှိနေဆဲဖြစ်သဖြင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အခများ ဆုံးရှုံးနစ်နာမှုမရှိစေရေး၊ တရားမဝင် ဆောင်ရွက်မှုများ လျှော့နည်းပပျောက်စေရေး၊ နည်းမှန် လမ်းမှန်ဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ကုန်သွယ်မှုလုပ်ငန်းစဉ်များ ဖြစ်ထွန်းတိုးတက်လာစေရေးအတွက် လုပ်ငန်းရှင်များ၊ ကုန်သည်အသင်းများ၊ အဖွဲ့အစည်းအသီးသီးနှင့် မိတ်ဖက်ဌာနစုံများမှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းနှိုး ဆော်လိုက်ရပါတယ်။

အေးအေးဝင်း

နယ်ရုံး(ကုန်သွယ်/ဦးစီး)

## မူဆယ်မှ ကော်ဖီစေ့ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် မေ ၆ ရက်မှ ၁၂ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၅၃၉၀ တန်ဖိုးရှိ ကော်ဖီစေ့ ၅၁ တန်ကျော်ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၃ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၁၈ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။

မြန်မာနိုင်ငံတွင် ကော်ဖီကို မန္တလေးတိုင်းဒေသကြီးရှိ ပြင်ဦးလွင်၊ ရှမ်းပြည်နယ်ရှိ ရွာငံမြို့၊ မိုးကုတ်၊ နောင်ချိုနဲ့ ချင်းပြည်နယ်တွေမှာ အများဆုံးစိုက်ပျိုးကြပြီး အာရေဘီးကားနှင့် ရိုဘတ်စတာကော်ဖီအမျိုးအစားတွေကို အဓိကစိုက်ပျိုးကြကြောင်း၊ နိုင်ငံတကာမှ ကော်ဖီဝယ်သူတွေက မြန်မာ့ကော်ဖီကို စိတ်ဝင်စားမှုမြင့်တက်လာကြောင်း၊ ပြည်တွင်းကော်ဖီလုပ်ငန်းတွေမှာ ကော်ဖီသီးအစိုရော၊ လှော်ပြီးသား ကုန်ကြမ်းပါ ဝယ်လိုအားမြင့်တက်လာကြောင်း ပြင်ဦးလွင်မြို့ရှိ ကော်ဖီစိုက်ပျိုးသူတစ်ဦးထံမှ သိရပါတယ်။

**မော်မော်အောင်**

## တရုတ်နယ်စပ်ရော ဘင်္ဂလားဒေ့ရှ် နယ်စပ်မှပါ သရက်သီးတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ မေ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၉၆၈ သန်း တန်ဖိုးရှိ စိန်တစ်လုံးသရက်သီး တန်ချိန် ၂၈၃၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန်ချိန် ၁၇၂၀ နဲ့ နှိုင်းယှဉ်ပါက တန်ချိန် ၁၁၁၀ ပိုမို တင်ပို့ခဲ့ပါတယ်။ မူဆယ်မှ သရက်သီး တင်ပို့မှုအပြင် အမေရိကန်ဒေါ်လာ ၁၇၇၆၇ တန်ဖိုးရှိ သရက်ပြားခြောက် ၃၄ တန်ခွဲကိုလည်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ အလားတူ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တော ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၈၃၆ တန်ဖိုး ရှိ သရက်သီး (အကြမ်း) သုံးတန်ကျော် တင်ပို့ခဲ့ရာ ယခင် တစ်ပတ်ကလည်း သုံးတန်ကျော်တင်ပို့ခဲ့လို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သရက်သီးပုံမှန်တင်ပို့မှုရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## မြန်မာ-အိန္ဒိယနယ်စပ်မှ ကွမ်းသီးလျော့နည်းတင်ပို့

မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးနဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ မေ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၆၁၄ သန်း တန်ဖိုး ရှိ ကွမ်းသီး ၇၂၄ တန်ကျော်ကို အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုကိုကြည့်ပါက တမူးမှ ၃၅၉ တန်ကျော်နဲ့ ရိဒ်မှ ၃၆၄ တန်ကျော်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၇၆၃ တန်နဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ အိန္ဒိယနိုင်ငံကို ကွမ်းသီး ၃၉ တန်ခန့် လျော့နည်းတင်ပို့ခဲ့ပါတယ်။

တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် နန့်ဖာလုံ အမယ်စုံပစ္စည်းများနဲ့ စီးကရက်တို့ကို အမေရိကန်ဒေါ်လာ သုည ဒသမ ၃၇၃ သန်းဖိုး၊ ရိဒ်ကုန်သွယ်ရေးစခန်းမှ မုန့်မျိုးစုံနဲ့ စီးကရက်တို့ကို အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၁ သန်းဖိုး အိန္ဒိယနိုင်ငံကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ခင်မိုးသူ**

## မူဆယ်မှ ရေထွက်ကုန်တန်ချိန် ပိုမိုသော်လည်း တန်ဖိုးလျော့နည်း

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ မေ ၆ ရက်မှ ၁၂ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၀၄ သန်းတန်ဖိုးရှိ ရေထွက်ကုန် တန်ချိန် ၁၈၂၃ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၁၇ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၇၂၀ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန်အားဖြင့် ၁၀၃ တန်ပိုမိုခဲ့သော်လည်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၁၃ သန်း လျော့နည်းခဲ့ပါတယ်။

ယခင်တစ်ပတ်က တင်ပို့မှုမရှိခဲ့တဲ့ ငါးစီဖောင်း၊ ပုစွန်နဲ့ ပုစွန်ခြောက်တို့ကို ယခုတစ်ပတ်တွင် တင်ပို့ခဲ့ပေမယ့် ကဏန်း၊ ငါးမျိုးစုံ၊ ငါးပူတင်း အရေခွံခြောက်နဲ့ ငါးမြစ်ချင်းစီဖောင်း တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

တစ်ဖက်နိုင်ငံမှာ ငါးရှဉ့်ဈေး တစ်တန်လျှင် ယွမ် ၃၁၀၀၀ နဲ့ ကဏန်းဈေး ၅၃၉၃၄ ယွမ်ဈေးရှိတယ်လို့ မူဆယ် ရေထွက်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

## တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ သီဟိုဠ်စေ့တင်ပို့

မေ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၅၄ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ရှစ်တန်ခွဲကို တရုတ်နိုင်ငံသို့ လည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၂ တန်ဖိုးရှိ သီဟိုဠ်စေ့ ၁၆ တန်ကျော်ကို ထိုင်းနိုင်ငံသို့ လည်းကောင်း အသီးသီးတင်ပို့ခဲ့ကြပါတယ်။ ယခင်သီတင်းပတ်က မြဝတီမှ ၁၆ တန်ကျော်တင်ပို့ခဲ့လို့ ပုံမှန်တင်ပို့မှုရှိပြီး မူဆယ်မှယခင်တစ်ပတ်က သီဟိုဠ်စေ့တင်ပို့မှု မရှိခဲ့တာ တွေ့ရပါတယ်။

**ခင်မိုးသူ**

## ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန် တင်ပို့မှုကျဆင်း

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်နဲ့ မြိတ်၊ ကော့သောင်းကုန် သွယ်ရေးစခန်းများမှ မေ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၁ ဒသမ ၆၅၂ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၇၀၁ တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့မှုမှာ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၄ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန် ၉၇ တန်ကျော်၊ မြိတ်ကုန် သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၅၆ သန်း တန်ဖိုးရှိ ရေခဲငါး၊ ကင်းမွန်၊ သဲကဏန်း၊ ရေခဲပုစွန် ၈၈၈ တန်ကျော်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၈၂ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ပုစွန်၊ ကင်းမွန်၊ ကဏန်း၊ ရေဘဝဲ ၇၁၆ တန်ကျော်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က အဆိုပါစခန်းသုံးခုမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၃၈ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၄၃၅၄ တန် တင်ပို့ခဲ့တာကြောင့် တန်ဖိုးအားဖြင့် ၂ ဒသမ ၉၈၆ သန်း၊ တန်ချိန်အားဖြင့် ၂၆၅၂ တန်ကျော် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

**ခင်မိုးသူ**

**စာမျက်နှာ - ၃ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ....မှအဆက်**

ဆက်လက်၍ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ထားဝယ်အထူးစီးပွားရေးဇုန်၏ ရှေ့ဆက်ဆောင်ရွက်မည့်အစီအမံများ၊ နှစ်လမ်းသွား ကားလမ်းဆိုင်ရာ ကိစ္စရပ်များအား အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

အထူးဖိတ်ကြားထားသူ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဆက်အောင်ကလည်း သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့သည်။ ဆက်လက်၍ တက်ရောက်လာကြသော ကော်မတီဝင်များက မိမိတို့လုပ်ငန်းကဏ္ဍအလိုက် အသီးသီးဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

# ပြည်ပပို့ကုန်မြှင့်တင်ရေးအတွက် အစိုးရကဏ္ဍမှ ဆောင်ရွက်လျက်ရှိသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲ မုံရွာမြို့တွင်ကျင်းပ




စစ်ကိုင်းတိုင်းဒေသကြီး၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ဇေယျာကုန်သွယ်မှုဗဟိုဌာနမှ ကြီးမှူးကျင်းပသည့် ပြည်ပပို့ကုန် မြှင့်တင်ရေးအတွက် အစိုးရကဏ္ဍမှ ဆောင်ရွက်လျက်ရှိသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ဆွေးနွေးပွဲကို မေ ၁၆ ရက်က မုံရွာမြို့ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဇော်နှင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

ဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးခင်ဇော်နှင့် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မိုးအေးတို့က ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ဆောင်ရွက်ချက်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးခိုင်ဦးက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ပြည်ပပို့ကုန် မြှင့်တင်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးတင်မောင်ဆွေက ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေ သိန်းဆုခွန်နှင့် အထူးကုန်စည်ခွန်များအကြောင်းကို လည်းကောင်း၊ တိုင်းစည်ပင်သာယာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီခိုင်က ဘီးခွန်၊ လမ်းတံတားခွန်၊ ရေခွန်၊ မြေခွန်၊ အဆောက်အဦးခွန်၊ အညစ်အကြေးခွန်၊ လုပ်ငန်းလိုင်စင်ခွန်နှင့် စည်ပင်သာယာရေးဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအကြောင်းကို လည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာသော လုပ်ငန်းရှင်များက မိမိတို့လုပ်ငန်းများ ဆောင်ရွက်ရာ၌ တွေ့ကြုံရသည့် အခက်အခဲများ၊ အခွန်၊ ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့် ပတ်သက်သည့် ကိစ္စရပ်များအား အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**လင်းလင်းသန့်**

# ၂၀၅၀ ခုနှစ်၌ ကမ္ဘာ့စုစုပေါင်းပြည်တွင်းထုတ်ကုန် အချိုး၏ ၇၀ ရာခိုင်နှုန်းကို အာရှ-ပစိဖိတ် ဒေသတွင်းနိုင်ငံများက ဆောင်ရွက်နိုင်မည်ဟု မျှော်မှန်း

အာရှပစိဖိတ်ဒေသသည် နည်းပညာသစ်များ ကြွယ်ဝခြင်း၊ ကျွမ်းကျင်လုပ်သားများ များပြားခြင်းနှင့် လူလတ်တန်းစားများ၏ စီးပွားရေးများ အောင်မြင်ဖြစ်ထွန်းခြင်းတို့ကြောင့် ၂၀၅၀ ခုနှစ်တွင် ကမ္ဘာ့ဂျီဒီပီ (စုစုပေါင်းပြည်တွင်းထုတ်ကုန်) အချိုး၏ ၇၀ ရာခိုင်နှုန်းကို အာရှ-ပစိဖိတ်ဒေသမှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ လက်ရှိတွင် ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံ ၂၀ အနက် ၁၀ နိုင်ငံမှာ အာရှ-ပစိဖိတ်ဒေသမှဖြစ်ကြောင်း၊ လွန်ခဲ့သည့် ဆယ်စုနှစ်သုံးခုကျော်မှစ၍ အာရှ-ပစိဖိတ်ဒေသသည် ငြိမ်းချမ်းမှုရှိသည့် ဒေသတစ်ခုအဖြစ်နှင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ ဒေသအဖြစ်သို့ ပြောင်းလဲလျက်ရှိနေပြီဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်လည်းဖြစ်၊ နိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်သူ ဖန်ဘင်မင်းက (၂၄) ကြိမ်မြောက် ပစိဖိတ်ဒေသနိုင်ငံများ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကောင်စီ (The Pacific Economic Cooperation Council,PECC) အထွေထွေအစည်းအဝေး ဖွင့်ပွဲမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

PECC အား ၁၉၈၀ ခုနှစ်တွင် တည်ထောင်ခဲ့စဉ်က ကမ္ဘာ့စုစုပေါင်း ပြည်တွင်းထုတ်ကုန်အချိုး၏ ၄၀ ရာခိုင်နှုန်းကျော်ရှိပြီး ယခုအခါ ကမ္ဘာ့ဂျီဒီပီအချိုးတွင် ၅၀ ရာခိုင်နှုန်းကျော် မြင့်တက်လာပြီဖြစ်သည်။

အာရှ-ပစိဖိတ်ဒေသအတွင်းရှိ ပြည်သူတစ်ဘီလီယံကျော်မှာလည်း ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ဒေသတွင်းရှိ နိုင်ငံများအကြား စီးပွားရေးတွင် ပိုမိုပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတွင်လည်း ပိုမိုလွတ်လပ်စွာ ဆောင်ရွက်မှုများကြောင့် ရရှိလာသည့် အောင်မြင်မှုများကို မျှဝေခံစားလျက်ရှိကြောင်း၊ ၂၁ ရာစုအား "အာရှ-ပစိဖိတ်ရာစု" အဖြစ် သတ်မှတ်ခြင်းမှာ ကြွားဝါပြောဆိုမှုမဟုတ်ကြောင်း ဒုတိယဝန်ကြီးချုပ်က ပြောဆိုခဲ့သည်။

သို့ရာတွင် အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံများတွင် ကုန်ထုတ်စွမ်းအား ကျဆင်းလာမှု၊ စီးပွားရေး မညီမျှမှုနှင့် ပထဝီဝင်နိုင်ငံရေးဆိုင်ရာ ပဋိပက္ခများနှင့် ထိရောက်မှုမရှိသည့် ဒေသတွင်း အုပ်ချုပ်ရေးစနစ်များကဲ့သို့ ကိစ္စရပ်များသည် လတ်တလောနှင့် ရေရှည်အတွက် စိန်ခေါ်မှုများဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်က ထောက်ပြပြောဆိုခဲ့သည်။

ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ တိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့တွင် ရှေ့ဆောင်ဖြစ်သူ PECC သည် အာရှ-ပစိဖိတ်ဒေသအတွက် မျှော်မှန်းချက်တစ်ရပ်အား ချမှတ်ဆောင်ရွက်ရာ၌ ဦးဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအစည်းအဝေးသို့ တက်ရောက်လာသူများအနေဖြင့် အာရှ-ပစိဖိတ်ဒေသအတွက် မျှော်မှန်းချက်တွင်ပါဝင်သည့် အဓိကအချက်များအပေါ် သဘောထားအမြင်များ ဆွေးနွေးဖလှယ်သွားကြမည်ဟု မိမိမျှော်လင့်ထားပါကြောင်း ဒုတိယဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ယခုအစည်းအဝေး၌ ဆွေးနွေးကြသည့် အကြံပြုချက်များနှင့် သဘောထားအမြင်များသည် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Asia Pacific Economic Cooperation, APEC) ၂၀၁၇ ၏ ရည်ရွယ်ချက်နှင့် ၂၀၂၀ ခုနှစ်နှင့် နောက်ပိုင်းကာလများအတွက် APEC ၏ လုပ်ငန်းစဉ်များအတွက် အရေးပါကြောင်း ဒုတိယဝန်ကြီးချုပ်က အလေးထားပြောကြားခဲ့သည်။

Source: VNA၊

**စန္ဒာထွန်း (TTI)**

# ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်သွေးစီမံခန့်ခွဲမှုဌာနစု(လှည်းကူး)တွင် စက်ပစ္စည်းနှင့် နည်းပညာဆိုင်ရာ သင်တန်းပို့ချ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက် နည်းပညာနှင့် အရည်အသွေး စီမံခန့်ခွဲရေးဌာနခွဲလက်အောက်ရှိ ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာနစု (လှည်းကူး) တွင် မေ ၁၈ ရက် နံနက် ၁၀:၃၀ နာရီမှ နေ့လယ် ၁၅:၃၀ နာရီအထိ DNA( Deoxy-ribonucleic acid / သက်ရှိတိုင်းတွင် ပါဝင်သော မျိုးရိုးဗီဇသတ္တိ ကြီးထွားပုံ၊ ဖွံ့ဖြိုးပုံ၊ မျိုးပွားနှုန်းကို သယ်ဆောင်သောပစ္စည်း) ကို စမ်းသပ်စစ်ဆေးပေးနိုင်သည့် PCR (Polymerase Chain Reaction ) စက်ပစ္စည်း အသုံးပြုပုံနှင့် သက်ဆိုင်သည့် နည်းပညာရပ်များကို ပို့ချခဲ့ပါသည်။

သင်တန်း၏ အဓိကရည်ရွယ်ချက်အနေဖြင့် အစားအစာ လုံခြုံစိတ်ချရမှုပိုင်းဆိုင်ရာ စားသုံးသူကာကွယ်ပေးရေးနှင့် သက်ဆိုင်သည့် မိမိတို့မသိရှိသေးသော စက်ပစ္စည်းနှင့် နည်းပညာရပ်များအား သင်ယူကာ လုပ်ငန်းတွင် ပြန်လည်အသုံးချနိုင်ရန် ဖြစ်ပါသည်။ လယ်ယာထွက်ကုန် သီးနှံများ၊ မွေးမြူရေး အသား၊ ငါးနှင့် စားသောက်ကုန်များတွင်စားသုံးသူတို့အား အန္တရာယ်ပြုလေ့ရှိသော အဏုဇီဝပိုးမွှားများကို စိစစ်ဖော်ထုတ်ပေးသော နည်းပညာရပ်ဆိုင်ရာ စက်ပစ္စည်း တစ်မျိုးဖြစ်ပြီး ဤနည်းပညာဖြင့် ထုတ်ကုန် စိတ်ချရမှုအပိုင်းနှင့် ကျန်းမာရေးအတွက် သန့်ရှင်းမှုအပိုင်းကို ထိန်းထားနိုင်ကြောင်း သင်ကြားခဲ့ပါသည်။

ထိုသင်တန်းအား Grand Max Co., Ltd အကူအညီဖြင့် စင်ကာပူနိုင်ငံ Bibby Scientific Co.,Ltd မှ အာရှဒေသဆိုင်ရာ အကြီးအကဲ Product Specialist Mr. Jin Jie Guo က သင်တန်းပို့ချခဲ့ပြီး ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာနစု(လှည်းကူး)မှ ဌာနမှူးနှင့် သက်ဆိုင်ရာ ဓာတ်ခွဲခန်းဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။

**အောင်ပီကျယ်**(CTQM)

## အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို စာဖတ်သူများထံမှ အကြံပြု ချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံဉာဏ်များကိုပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည် ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည်မဟုတ်ပါ။

# TYW
Distribution Company

## Tin Ye Win Distribution Company Limited




No.69/70, Pyin Si Min Thar Gyi St., Zone(4), Hlaing Thar Yar Industrial City, Yangon.
Tel & Fex : +951-685310, 685337, 685708, 685709, 685346, 685697 Email : tyw.ahha@gmail.com

## Golden Hexagon Security Services

MANPOWER & ELECTRONIC SECURITY SERVICES




**Golden Hexagon Company Limited**

Address : No .846, Room - (A~E), 5th Floor, Hlaing Sabal Street, Hlaing Sabal Yeik Mon, (12) Ward, Hlaing Township,Yangon, Myanmar.
Email : info@ghgroups.com, security@ghgroups.com
Phone : 01 538 027, 514 884, 514591
Hot Line : 09 978 877 988, 09 964 311 270
Website : www.ghgroups.com,
: www.facebook.com/GHSecutySecurities

H

## SPEED & EASE
CUSTOMS BROKER
SPEED AND EASE CO.,LTD

**Business Profile**

**Speed & Ease Logistics Services, Myanmar Customs authorized Agency (licensed no 5204)**, since 2002, has provided services in global supply chain specialized in customs clearance and transit trade related to logistics services and freight forwarding. In 2013, Speed and Ease Logistics is set up as a company limited to provide services widely in the region. It has a good reputation in Myanmar Customs Department and business environment.

**Vision**

To provide efficient and effective logistics services in global supply chain increasing level of services toward customer orientation.

**Mission**

To supply the quality services with competitive prices.

**Membership of Association**

SPEED AND EASE COMPANY LIMITED

CUSTOMS BROKERAGE

**Legal Certification**



Your Reliable Partner in Trade Supply Chain
CUSTOMS BROKER
SPEED AND EASE CO.,LTD

**Customs Brokerage Services**

Key Service Features ;
- Import Clearance for Normal Cargo
- Import Clearance for Special Economic Zone Cargo
- Import Clearance for Bulk Cargo ; cements, iron bean
- Import Clearance for MIC Cargo ; Tax and Duty Free
- Import Clearance for Textiles & Accessories (Garment)
- Import Clearance for Government Cargo
- Import Clearance for Embassy/UN NGOs
- Export Clearance for Pulps & Bean
- Export Clearance for Garment(CMP)
- Export Clearance for Repair and Return Cargo
- Cross Border Cargo Clearance( Muse,Myawadi)
- Transit Cargo Clearance
- Clearance for Temporary Admission/ Importation

**Logistics Service**

- Domestic Road Transport
- Air Freight Forwarding
- Sea Freight Forwarding
- Cross Border Transport Services
- Inland Waterway Transport
- Material Handling
- Loading/ UnLoading
- Crane Services

**Trade Fair & Exhibition**

- Trade Fair Event Services
- Trade Fair and Exhibition Cargo Clearance



NO.124,2nd floor,Seikkanthar Street (Lower),Kyautada Township, 11141,Yangon,Myanmar.
Phone :+951 245 298,+ 959 5016082,+ 959 5074280





- ဆိုင်အမှတ်(၆၃-၆၅) သစ်သီးတန်း၊ ဈေးချို ၊ မန္တလေးမြို့။ ✆ ၃၃၅၅၄၊၀၂-၄၀၀၀၃၂၅၊ ၀၉-၉၁၀၁၈၅၆၃
- သီရိမန္တလာကားဝင်းအတွင်း၊ မန္တလေးမြို့။ ✆ ၀၉-၆၅၀၁၄၆၆
- ချမ်းမြရွှေပြည်ကားဝင်းအတွင်း(ကွဲဆည်ကန်) မန္တလေးမြို့။ ✆ ၀၂-၈၀၁၅၄၊ ၈၀၆၉၂
- ၇၈လမ်း၊(၃၀-၃၁)လမ်းကြား၊ ဘူတာကြီးရှေ့(နှစ်ဆိုင်)၊ မန္တလေးမြို့ ✆ ၀၂-၃၃၅၅၄၊၃၆၃၆၁
- (အိမ်) ၂၄လမ်း(၈၈-၈၉)လမ်းကြား၊ မန္တလေးမြို့။ ✆ ၀၂-၃၁၆၈၄၊ (စက်ရုံ) ၀၉-၆၅၀၀၈၆၆
- ၆၂လမ်း၊ ဇေလပ်ဝါနှင့်ဒေလီယာလမ်းကြား။
- D 4 - A၊ ဂိတ်-၈၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်။

## ယခုသီတင်းတစ်ပတ်အတွင်း ရော်ဘာတန်ခုနစ်ရာကျော်ပိုမိုတင်ပို့

မေ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၁ သန်းတန်ဖိုးရှိရော်ဘာအဆင့်စုံ ၂၃၂၃ တန်တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ RSS 3 ၁၅၁၃ တန်၊ RSS 5 ၁၅၄ တန်၊ MSR 20 ၂၁၄ တန်တင်ပို့ခဲ့ပြီး၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS 3 ၃၈၃ တန်၊ MSR 50 ၃၄ တန်တင်ပို့ခဲ့ပါတယ်။ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေး ၂၅ တန် တင်ပို့ပြီး ယခင်တစ်ပတ် ရော်ဘာတင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခင်တစ်ပတ်က ၁၉၈၈ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၃၄ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS 3 တစ်တန်လျှင် ကျပ် နှစ်ဆယ့်တစ်သိန်းရှိပြီး ယခင်တစ်ပတ်ထက် တစ်တန်ကို ၈၀၇၈ ကျပ်ဈေးတက်ပါတယ်။ RSS 5တစ်တန်ဈေးမှာ ကျပ်သိန်း ၂၀ ကျော်ဖြစ်ပြီး ယခင်တစ်ပတ်ဈေးထက် တစ်တန်ကို ၄၀၆၃ ကျပ်ဈေးတက်ခဲ့ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ မေ ၇ ရက်မှ ၁၃ ရက်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၈၂၆ သန်းတန်ဖိုးရှိရော်ဘာ ၅၀၄ တန်ခန့်ကို တင်ပို့ခဲ့ရာ မလေးရှားနိုင်ငံသို့ RSS 3 တန် ၄၀၊ ကိုရီးယားနိုင်ငံသို့ MSR 20၊ TSR 20 ၃၁၂ တန်ကျော်၊ ဂျပန်နိုင်ငံသို့ MSR 20 ၁၅၁ တန်ကျော် တင်ပို့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ရော်ဘာတန် ၈၀ သာ တင်ပို့ ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၂၃ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ကုန်သွယ်မှု နည်းလမ်းနှစ်သွယ်မှ ရက်သတ္တပတ်အတွင်း ရော်ဘာ ၇၅၇ တန်ပိုမိုတင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာ ရော်ဘာဈေး အတက်အကျမရှိတဲ့အတွက် ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာဈေးကိုလည်း မပြောင်းလဲဘဲ ယခင်တစ်ပတ်ဈေးအတိုင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ခဲ့ပါတယ်။

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၇၅၀-၁၈၅၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၁၇၀၀-၁၈၀၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၁၆၅၀-၁၇၅၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၆၀၀-၁၇၀၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၅၅၀-၁၆၅၀ |
| MSR 3L | တစ်တန်လျှင် | ဒေါ်လာ | ၁၉၅၀-၂၀၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၆၀၀-၁၇၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၅၀-၁၅၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |

**ယဉ်ယဉ်အေး**

## မူဆယ်နယ်စပ်မှ ပရဆေး လျော့နည်းတင်ပို့

မေ ၆ ရက်မှ ၁၂ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၉၁၇ သန်း တန်ဖိုးရှိပရဆေးကုန်ကြမ်း အမယ် ကိုးမျိုး၊ တန်ချိန် ၁၀၃၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ပရဆေး ၁၂၀၂ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၁၇၂ တန်လျော့နည်း တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ ကွမ်းစားဂမုန်း၊ နန္ဒင်းတက်၊ နန္ဒင်းခေါင်း၊ မာလာဥခေါင်း၊ မာလာဥ၊ နေလဲစေ့၊ ကြောင်လျာစေ့၊ မိကျောင်းကွမ်းဖတ်စေ့နဲ့ ဒရင်ကောက်မြစ်တို့ ဖြစ်ပါတယ်။ အလားတူ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၃၃၀၇၅၀ တန်ဖိုးရှိကြက်ဆူစေ့ ၄၇၂ တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

မြန်မာ-အိန္ဒိယ နယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၃၉၄၈ တန်ဖိုးရှိ တောင်လုံးကျော် ၂ တန်ကို မြန်မာနိုင်ငံသို့ တင်သွင်းခဲ့ပါတယ်။

**မော်မော်အောင်**

## တရုတ်နယ်စပ်မှ သကြားလျော့နည်းတင်ပို့ပြီး ထိုင်းနယ်စပ်မှ ပိုမိုတင်သွင်း

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ မေ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၁၃၂ သန်း တန်ဖိုးရှိသကြား ၂၁၇၄၁ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ Re-export သကြား ၁၇၄၆၁ တန်ကျော်၊ ချင်းရွှေဟော်မှ သကြားဖြူ ၃၁၄၄ တန်နဲ့ Re-export သကြား ၁၁၃၆ တန်နီးပါး ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ ၂၅၉၆၀ တန်နဲ့ ချင်းရွှေဟော်မှ ၃၁၅၈ တန်ကျော် စုစုပေါင်းတန်ချိန် ၂၉၁၁၈ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ သကြား ၇၃၇၆ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၂၆ သန်းတန်ဖိုးရှိ Re-export သကြား ၁၆၈၃ တန်ကျော်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၄၉၅ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံမှ သကြား ၁၈၈ တန်ကျော် လျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ဆီစက်များ အဝယ်လိုက်လို့ မြေပဲဆီဆန်ဈေးပြန်မြင့်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆီဆန်ဈေးမြင့်ပြီး လုံးဆန်ဈေး အနည်းငယ် ပြန်ကျလာတာ တွေ့ရပါတယ်။ ပြည်ဈေးကွက်သို့ မင်းတုန်း၊ ကံမနှင့် ပန်းတောင်းမြို့ဘက်မှ နေ့စဉ်အဝင် အနည်းငယ်ရှိတဲ့အတွက် လက်ကျန်ရှိနေသဖြင့် ဈေးကွက်တွင် အရောင်းအဝယ်ပုံမှန်ရှိပါတယ်။

ဆီဆန်ကို ဆီစက်များကအဝယ်ရှိပြီး လုံးဆန်ကို ပဲလှော်ဖိုနဲ့ ရန်ကုန်ဝယ်လက်များက အဝယ်ရှိသဖြင့် တစ်နေ့လျှင် ပဲဆန်အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ ဆီဆန်တစ်ပိဿာလျှင် ကျပ် ၂၂၀၀ ဖြင့် ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ ဈေးမြင့်လာတာ တွေ့ရပါတယ်။ လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ၂၄၇၅ ကျပ်၊ လုံးဆန်(အနီ) တစ်ပိဿာလျှင် ၂၃၇၅ ကျပ်ဖြင့် ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျပေမယ့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

## ပြောင်း

### တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့စခန်းများမှ ပြောင်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ မေ ၆ ရက်မှ ၁၂ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၇၇ သန်းတန်ဖိုးရှိ ပြောင်းတန် ၂၅၀၁၀ ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၂၁၀၄၇ တန်၊ လွယ်ဂျယ်မှ ၃၃၅၃ တန်နဲ့ ချင်းရွှေဟော်မှ တန် ၅၁၀ ကျော်ဖြစ်ပါတယ်။ ကန်ပိုက်တီမှ ယခုတစ်ပတ် ပြောင်းတင်ပို့မှုမရှိတာ တွေ့ရပါတယ်။

ယခင်ရက်သတ္တပတ်က တရုတ်နယ်စပ်ရှိ စခန်းစုံမှ ပြောင်းတန်ချိန် ၃၁၅၈၀ ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၆၅၇၀ လျော့နည်းတင်ပို့ ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဧပြီ ၂၉ ရက်မှ မေ ၅ ရက် သီတင်းပတ်မှာ ပြောင်းတစ်တန်ဈေး ၂၄၆၁၅၄ ကျပ်ရှိရာမှ မေ ၆ ရက်မှ ၁၂ ရက်သီတင်းပတ်မှာတော့ ၂၄၇၁၀၄ ကျပ်သို့ ဈေးအနည်းငယ်မြင့်တက်ခဲ့ကြောင်း၊ မူဆယ်မှာ ပြောင်းတစ်ပိဿာ သယ်ယူခ ၆၃-၆၈ ကျပ်ရှိပြီး ပြောင်းကားစီးရေ ၉၅၀ စီး ဝင်ရောက်ခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံဝယ်ဈေးမှာ တစ်တန်ကို ယွမ် ၁၄၀၀ ရှိကြောင်း၊ တရုတ်ဝယ်လက်က အရည်အသွေးပေါ်မူတည်ပြီးဈေးပေးကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ပင်လယ်ရေကြောင်းမှ ပြောင်းပုံမှန်တင်ပို့

မေ ၇ ရက်မှ ၁၃ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၂၀ သန်းတန်ဖိုးရှိ ပြောင်း ၂၈၅၂ တန်ကျော်ကို ဗီယက်နမ်နဲ့ စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံသို့ ပြောင်း ၂၇၃၂ တန်နဲ့ စင်ကာပူနိုင်ငံသို့ ပြောင်းတန်ချိန် ၁၂၀ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းမှ ပြောင်း ၂၈၃၂ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ပြောင်းပုံမှန်တင်ပို့ခဲ့တာကို တွေ့ရပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်ရဲ့ ယခုတစ်ပတ်ဈေးနှုန်းထုတ်ပြန်ချက်အရ ပြောင်းတစ်တန်ရဲ့ FOB ဈေးနှုန်းမှာ ဒေါ်လာ ၂၀၀ မှ ၂၃၀ ဖြစ်ကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

## မူဆယ်မှ ဝါဂွမ်း ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ မေ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၃၂၀၀၀ တန်ဖိုးရှိ ငွေချည်-၆-ဝါ တန် ၆၀ ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၄ တန်ကျော်နဲ့ နှိုင်းယှဉ်ပါ က ၄၅ တန်ကျော်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ငွေချည်-၆-ဝါ စိုက်ပျိုးမှုကို တောင်တွင်းကြီး၊ ပျော်ဘွယ်၊ ရမည်းသင်း၊ စလေ၊ ချောက်၊ အောင်လံ၊ ပေါင်းတည်နဲ့ ဝက်ထီးကန်ဒေသတွေမှာ အများဆုံးစိုက်ပျိုးကြပြီး တရုတ်နိုင်ငံဈေးကွက်သို့ အဓိက တင်ပို့ရောင်းချကြကြောင်း သိရပါတယ်။

**မော်မော်အောင်**

## မူဆယ်မှ ပျားရည်ပိုမိုတင်ပို့

မေ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၈၀၀၀ တန်ဖိုးရှိ ပျားရည် တန် ၄၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ ပျားရည်တင် ပို့မှုမရှိတာကြောင့် ယခုတစ်ပတ်မှာ တန် ၄၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံတွင် ပျားမွေးမြူရေးလုပ်ငန်းကို ၁၉၇၉ ခုနှစ်နဲ့ ၁၉၈၂ ခုနှစ်မှာ စတင်ခဲ့ပြီး ၁၉၈၈-၈၉ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ စတင် တင်ပို့ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မတိုင်မီအထိ မြန်မာ့ပျားရည်ကို ဂျပန်၊ ထိုင်းနဲ့ တရုတ်နိုင်ငံတွေကို အဓိကတင်ပို့ခဲ့ရာမှ စီးပွားရေးအခွင့်အလမ်း ပွင့်လင်းလာမှုကြောင့် အမေရိကန်နိုင်ငံနဲ့ ကနေဒါနိုင်ငံတွေကိုပါ တင်ပို့ခဲ့ရပြီး နှစ်အလိုက် ပျားရည်တင်ပို့မှု တိုးတက်ခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## မြဝတီမှ သီဟိုဠ်စေ့ ပုံမှန်တင်ပို့

မေ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၂ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၁၆ တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၆ တန်ကျော် တင်ပို့ခဲ့တဲ့ အတွက် မြဝတီမှ တစ်ဆင့်ထိုင်းနိုင်ငံသို့ သီဟိုဠ်စေ့ပုံမှန် တင် ပို့ကြောင်း သိရပါတယ်။

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ကတော့ ယခင်တစ်ပတ်က သီဟိုဠ်စေ့ တင်ပို့မှုမရှိဘဲ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၅၄ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ရှစ်တန်ခွဲ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ခင်မိုးသူ**

# ဝန်ဆောင်မှုလုပ်ငန်းနှင့် စားသုံးသူကာကွယ်ရေး




♦ နိုင်ဦး၊ မြင့်မြင့်ချို ♦

**ကတိကဝတ်ပြုထားသည့် ဝန်ဆောင်မှုလုပ်ငန်းများ**

စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများတွင် အစားအသောက်များသာမက လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ လျှပ်စစ် နှင့် ဆောက်လုပ်ရေးသုံး ပစ္စည်းများ၊ ဝန်ဆောင်မှု လုပ်ငန်းများ အားလုံးပါဝင်ပါသည်။ အဆိုပါ ကုန်စည်နှင့် ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ကြသူများသည် ပြည့်စုံမှန်ကန် တိကျသော တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ယုံကြည်ရသည့် သတင်းအချက်အလက်များကို ပေးရန်လိုအပ်ပါသည်။ လက်ရှိ မြန်မာနိုင်ငံသည် ခေတ်မီတိုးတက်ဖွံ့ဖြိုးလာသည်နှင့် အမျှဝန်ဆောင်မှု လုပ်ငန်းအမျိုးမျိုးသည်လည်း စားသုံးသူများ၏ တောင်းဆိုမှုများအရ ပေါ်ပေါက်လျက်ရှိရာ စားသုံးသူပေးအပ်သော ဝန်ဆောင်ခများနှင့်အညီ သက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများမှ ဆောင်ရွက်ပေးမည်ဟု ကတိကဝတ် ပေးထားသည့် ဝန်ဆောင်မှုများအတိုင်း စားသုံးသူပြည်သူများအား အပြည့်အဝ ဝန်ဆောင်မှုပေးရန် အထူးလိုအပ်လှပါသည်။

**ဥပဒေပါ ပြဋ္ဌာန်းထားချက်များအပေါ် အလေးထားရန်လိုအပ်**

စားသုံးသူများအား ကာကွယ်ပေးနိုင်ရေးအတွက် စားသုံးသူ အကာအကွယ် ပေးရေး ဥပဒေ ၂၀၁၄ တွင်ဝန်ဆောင်မှု လုပ်ငန်းများနှင့် ပတ်သက်၍ စီးပွားရေး လုပ်ငန်းရှင်များသည် ဝန်ဆောင်မှုများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များတွင် ဖော်ပြထားသော အခြေအနေ၊ အာမခံချက်၊ ထူးခြားချက်၊ ကာလသတ်မှတ်ချက်၊ အကျိုး သက်ရောက်မှုတို့နှင့် ကိုက်ညီမှုမရှိသော ဝန်ဆောင်မှု၊ ကြော်ငြာနှင့် အရောင်းမြှင့် တင်ရေးတို့တွင် ပါဝင်သော ဖော်ပြချက်တို့နှင့် ကိုက်ညီမှုမရှိသော ဝန်ဆောင်မှုများအား မပြုလုပ်ရကြောင်း၊ ဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းရှင်သည် စားသုံးသူများ ထင်ယောင် ထင်မှား ဖြစ်စေရန် ရည်ရွယ်၍ အသုံးမပြု နိုင်သော သို့မဟုတ် မရနိုင်သော ဝန်ဆောင်မှု၊ အပြစ်အနာအဆာ ချွတ်ယွင်းချက်များကို ဖုံးကွယ်ထားသော ဝန်ဆောင်မှု၊ အခြားသော ဝန်ဆောင်မှုများကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ချိုးနှိမ် ဖော်ပြမှု၊ ချဲ့ကားဖော်ပြမှု၊ မသေချာ မရေရာသော ကတိများဖြင့် ဝန်ဆောင်မှုလုပ်ငန်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေအရအရေးယူခံရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

ထို့ပြင် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် လိမ်လည်လှည့်ဖြားရန် အကြံဖြင့်သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီကြောင်း၊ ကမ်းလှမ်းထားသော ကုန်စည်အစား အခြားကုန်စည်များနှင့် အစားထိုး ရောင်းချကြောင်း၊ နောက်ဆုံးသုံးစွဲရမည့် ရက်စွဲကျော်လွန်နေသည့်ကုန်စည်ကို ပြုပြင်မွမ်းမံရောနှောရောင်းချကြောင်း၊ အရောင်းမြှင့်တင်ခြင်းမပြုမီ ဈေးနှုန်းမြှင့်တင်ခြင်းများအား လိမ်လည်၍ မဆောင်ရွက်သင့်ပေ။ ထို့အပြင် စားသုံးသူများ၏ ရုပ်ပိုင်းဆိုင်ရာ၊စိတ်ပိုင်းဆိုင်ရာများကို အနှောင့်အယှက် ဖြစ်စေမည့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဥပဒေပါ ပြဋ္ဌာန်းချက်များ ယဉ်ကျေးမှု၊ လူမှုကျင့်ဝတ်၊ ဓလေ့ထုံးတမ်းများကို ဖောက်ဖျက်ကာ ကြော်ငြာခြင်းများကို မပြုလုပ်အပ်ပေ။ စီးပွားရေးလုပ်ငန်းရှင်များသည် မိမိတို့၏ ဝန်ဆောင်မှု လုပ်ငန်းများနှင့် ပတ်သက်သည့် အကျိုးဆက်များကို တာဝန်ယူ ဖြေရှင်းပေးရန် တာဝန်ရှိကြောင်းကို စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ(၂၀၁၄)တွင်ပြဋ္ဌာန်းကာ စားသုံးသူများအား ဝန်ဆောင်မှု လုပ်ငန်းများနှင့် ပတ်သက်၍ ကာကွယ်ပေးထားပါသည်။

ယနေ့ကာလတွင် စားသုံးသူများသည် ရွေးချယ်စရာမြောက်များစွာထဲမှ ဝန်ဆောင်မှုကောင်းသော၊ ဆောင်ရွက်ပေးမည်ဟု ကတိကဝတ်ပေးထားသည့် ဝန်ဆောင်မှုများအတိုင်း တာဝန်ခံမှု၊တာဝန်ယူမှုရှိသော၊ လိမ်လည်လှည့်ဖြားမှု ကင်းသော ဝန်ဆောင်မှုလုပ်ငန်းများကိုသာ ရွေးချယ်လျက်ရှိနေကြပါသည်။ သို့သော် အချို့သော ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်သူများသည် စားသုံးသူများ မသိနားမလည်မှုများအပေါ် အမြတ်ထုတ်ကာ ဆောင်ရွက်လျက်ရှိသဖြင့် စားသုံးသူများနစ်နာ လျက်ရှိကြောင်း တွေ့ရှိရပါသည်။

**ပုဂ္ဂလိက ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ**

မြန်မာနိုင်ငံတွင် ခေတ်နှင့်အညီ ပုဂ္ဂလိက ပညာရေးကျောင်းများ၊ ဘော်ဒါများ၊ ဝန်ဆောင်မှုလုပ်ငန်းများကို တရားဝင်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိကြပါသည်။ မိဘများကလည်း မိမိကလေး များ၏ ပညာရေးကို ပိုမိုကောင်းမွန်စေရေးအတွက်လည်းကောင်း၊ ကြော်ငြာပါ ကတိကဝတ်များကိုယုံကြည်၍လည်းကောင်း၊ မိမိကလေးများ၏ ပညာရေးနှင့် ပတ်သက်၍ အချိန်မပေး၊ လှည့်မကြည့်နိုင်၍လည်းကောင်း အဆိုပါ ကျောင်းများ၌ မိမိကလေးများအား အပ်နှံထားသော်လည်း အဆိုပါကျောင်းများမှ မူလကတိကဝတ် ပေးထားသည့်အတိုင်း ဝန်ဆောင်မှုများ မပေးနိုင်ခြင်းများကြောင့် အပြင်၌ ကျူရှင်ပြန်ထားရခြင်း၊ စားသောက်မှုမကောင်း၍ အိမ်မှ ချက်ပြုတ်ပေးရခြင်း၊ နေထိုင်မကောင်း၍ အပြင်၌ ဆေးကုပေးရခြင်း၊ လိုအပ်သောဆေးဝါး၊ အသုံးအဆောင်များ ဝယ်ပေးရခြင်းများကြောင့် အဆင်မပြေမှုများ၊ နစ်နာမှုများနှင့် ကြုံတွေ့နေရကြောင်း သိရှိရပါသည်။

**ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းဝန်ဆောင်မှု လုပ်ငန်းများ**

ငွေကြေး တတ်နိုင်သူများ၊ ဝန်ဆောင်မှု အပြည့်အဝရရှိလိုသော လူနာများ/လူနာရှင် များသည် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်ပြသ၊ ကုသကြပါသည်။ အများအား ဖြင့်ဝန်ဆောင်မှု ကောင်းစွာပေးခြင်း၊ အထူးကု ဆရာဝန်ကြီးများဖြင့် အချိန်တိုအတွင်း ကုသပေးနိုင်ကြသော်လည်း တချို့သော ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများတွင်မူ အပြည့်အဝ ဝန်ဆောင်မှုမပေးနိုင်ခြင်း(ဥပမာ- Air-con များ တပ်ဆင်ထားသော်လည်း မီးပျက်ပါက မီးစက်မမောင်းဘဲ ထားခြင်း၊ ပြင်ပမှာထက် ဆေးဝါးများဈေးပိုပေး၍ ဝယ်ယူအသုံးပြုရခြင်း၊ လူနာရှင်အား ကြိုတင် အသိမပေးဘဲ မူလခန့်မှန်းကုန်ကျငွေ ထက် မြောက်များစွာ ပိုမိုတောင်းခံခြင်း၊ ဆေးကုသစရိတ် ဘောက်ချာမပေးခြင်း)များ ရှိကြသော်လည်း မြန်မာတို့၏ စိတ်ရင်းအတိုင်း အားနာမှု၊ ခွင့်လွှတ်မှု၊ သည်းခံမှုများကို လက်ကိုင်ထားသဖြင့် စားသုံးသူ အခွင့်အရေးများ နစ်နာဆုံးရှုံးရပါသည်။ အမှန်မှာ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများသည် လူနာနှင့် လူနာရှင်များ စိတ်ချမ်းသာစေရေးအတွက် သတ်မှတ်ထားသော ဝန်ဆောင်မှုများကို အပြည့်အဝ ပေးရမည် သာဖြစ်ပါသည်။

**စားသောက်ဆိုင် ဝန်ဆောင်မှုလုပ်ငန်းများ**

စားသုံးသူ ပြည်သူများသည် မိသားစုနှင့်ဖြစ်စေ၊ မိတ်ဆွေ၊ သူငယ်ချင်းများနှင့်ဖြစ်စေ ဝန်ဆောင်မှုကောင်းသော စားသောက်ဆိုင်များတွင် သွားရောက် စားသောက်ကြရာတွင် စားသောက်ဆိုင် အတော်များများသည် အစိုးရသို့ ပေးသွင်းရမည့် စားသောက်ခွန်များကို ငွေရှင်းပြေစာများတွင် ထည့်သွင်းတွက်ချက်၍ တောင်းခံကြသည်မှာ သဘာဝကျပြီး လက်ခံနိုင်ပါသည်။ စားသောက်ဆိုင် အများစုမှာ မိမိဆိုင် ရောင်းအားတက်ရေးအတွက် အပြိုင်အဆိုင် ဆောင်ရွက်ကြရာ၌ ကြော်ငြာ၍ တစ်မျိုး၊ အမျိုးသမီးငယ်များကို ဧည့်ကြိုစေ၍တစ်မျိုး၊ အခြားသူများနှင့် မတူသော မက်လုံးပေးမှုမျိုးဖြင့် တစ်မျိုးဆောင်ရွက်ကြရာ၌ တချို့သော စားသောက်ဆိုင်ကြီးများတွင် စားသုံးသူများကို နစ်နာဆုံးရှုံးစေလျက်ရှိပါသည်။ (ဥပမာ- ဆိုင်မှ ဝန်ထမ်းများ၏ လုပ်အားခအတွက် စားသုံးသူများထံမှ ဝန်ဆောင်ခအဖြစ် ကောက်ခံခြင်း၊ အစားအသောက်များ မသန့်ရှင်းခြင်း၊ ဘေးအန္တရာယ်မကင်းသော ပစ္စည်းများသုံးစွဲခြင်း) အမှန်မှာ စားသောက်ဆိုင်ကြီးများသည် စားသုံးသူများ စိတ်ကျေနပ်မှုရှိရေးအတွက် ဝန်ဆောင်မှုပေးရာ၌ အစားအသောက်များတွင် အဆိုပါ ဝန်ဆောင်မှုအတွက်ပါ ထည့်သွင်း၍ တွက်ချက် ရောင်းချသဖြင့် ထပ်မံ၍ဝန်ဆောင်ခ တောင်းခံခြင်း၊ အစားအသောက်များတွင် အရည်အသွေး လျှော့ချထားခြင်းများ မပြုလုပ်သင့်ပေ။ ထို့အပြင် မြန်မာပြည်အနှံ့ ခရီးသွားယာဉ်ရပ်နားစခန်းရှိ စားသောက်ဆိုင် အများစုသည် Menu စာအုပ် ချထားပေးခြင်း၊ နံရံ၌ကပ်ထားပေးခြင်း မရှိကြသည်ကို တွေ့ရှိရသည်။ ၎င်းဆိုင် အားလုံးသည် ပုံမှန်ဆိုင်များထက် ဈေးနှုန်းကြီးမြင့်လေ့ရှိသဖြင့် ငွေကြေးကို တိုင်းတာပြီး မဖြစ်မနေ သွားလာရသော ခရီးသည်များအတွက် အခက်အခဲဖြစ်စေသည်။ ဈေးနှုန်းကြီးမြင့်သည့်အပြင် လူများသဖြင့် ဝန်ဆောင်မှုမှာ စိတ်ကျေနပ်ဖွယ် မဖြစ်ချေ။

**ပုဂ္ဂလိကစားသုံးဆီ ရောင်းဝယ်ရေးဝန်ဆောင်မှု**

မြန်မာနိုင်ငံတွင် နှစ်စဉ်ဆီထွက် သီးနှံများဖြစ်သည့် မြေပဲ၊နှမ်း၊ နေကြာတို့မှ ဆီကိုထုတ်လုပ်နေပါလျက် ပြည်သူများအနေဖြင့် စစ်မှန်သော သဘာဝဆီများကို မသုံးစွဲကြရ။ အနံ့ရောထားသော ဓာတု ဆေးဝါး သုံးထားသော အရောင်လှလှ၊ အနံ့မွှေးမွှေး နတ်သမီးအယောင်ဆောင်၍ အဆိပ်လူးထားသော ဆီများကိုသာ သုံးစွဲနေကြရသည်။ ဆီအသင်းများကလည်း ဖော်ထုတ်နေသည်။ စားသုံးသူရေးရာဦးစီးဌာနနှင့် ဆက်စပ် ဝန်ကြီးဌာနများကလည်း စစ်ဆေးနေသည်။ သို့သော် အရေအတွက်သာ လျော့ကျသွားသည်။ ရောင်းကောင်းနေဆဲ၊ ပန်းပန်နေဆဲပင်ဖြစ်သည်။ မြောင်းဆီ၊ စွန့်ပစ်ဆီစသည်တို့ကို ဓာတုဆေးများ သုံးကာ အရောင်ချွတ်၍ အနံ့ဆေးများ သုံးစွဲထားသည့် စားဆီများကို စားသုံးသူ ပြည်သူများ သုံးစွဲနေကြရဆဲပင်ဖြစ်သည်။ ပို၍ဆိုးရွားသည်မှာ အဆိုပါ ဓာတုဆေးသုံး အန္တရာယ်ရှိ စားဆီများကို ပဲဆီအနံ့ရော၍ ပဲဆီဈေးဖြင့် ရောင်းချနေ၍ ပြည်တွင်း မြေပဲစိုက်၊ နှမ်းစိုက်၊ နေကြာစိုက် တောင်သူများသည်လည်း ဆီအတုများကြောင့် သီးနှံဈေးများ ကျဆင်းကာ တွက်ခြေမကိုက် ဖြစ်ကြရသည်။ ဆီစက်လုပ်ငန်းရှင်များ၊ ဆီလုပ်ငန်းရှင်များ၏ အကျိုးစီးပွားကိုပါ ထိခိုက်လျက် ရှိကြောင်း စိတ်မကောင်းဖွယ် ကြားသိနေရသည်။ အချို့သော လုပ်ငန်းရှင်များသည် ဆီစက် ပိတ်သိမ်း၍အခြားလုပ်ငန်းများ ပြောင်းရွှေ့လုပ်ကိုင်သွားကြသဖြင့် ဆီစက်အပေါ်တွင် မှီခိုနေသော လုပ်သားများစွာ အတိဒုက္ခ ရောက်ကြရသည်။ တစ်နည်းအားဖြင့် နိုင်ငံတော် စီးပွားရေးကိုပါ ထိခိုက်စေသည်။ ပြည်တွင်းစားသုံးဆီ လုံလောက်မှုမရှိ၍ နိုင်ငံခြားမှ တင်သွင်းရသဖြင့် နိုင်ငံခြားငွေပိုကုန်သည်။ ဝိသမလောဘသားအချို့သည် ဤသည်ကို မသိမဟုတ်သိသည်။ သို့သော် ဘယ်သူသေသေ၊ ငတေမာ လျှင်ပြီးရောဆိုသည့် အတ္တစီးပွားရေးကို ရှေ့တန်းတင်ကာ အကျိုးအမြတ်များများ ရရှိရေးအတွက် ဆောင်ရွက်နေဆဲ ဖြစ်သည်။ ဆီထွက်သီးနှံ စိုက်သော တောင်သူပင် မိမိသီးနှံကို ရောင်းပြီး အနံ့ထည့်ထားသော ဆီအတုကို ဈေးချိုပြီးအစစ်ထင်ကာ ဝယ်စားကြသည်မှာလည်း ကြားသိ နေရသည်။ ထို့ကြောင့်စားသုံးဆီ ရောင်းဝယ်ကြရသော လုပ်ငန်းရှင်များသည် မှန်ကန်သောပစ္စည်းများကိုသာ ရောင်းချကြပါ။ ရောနှောစားသုံး ဆီများကို သက်ဆိုင်ရာဌာန၏ ထောက်ခံချက် ရှိမှသာ ရောင်းကြပါ။ စားသုံးသူမှ ပေးသော ငွေကြေးနှင့်အညီ ထိုက်တန်သော ဝန်ဆောင်မှုကို ပေးကြပါ။ ပြည်တွင်း ဆီထွက်သီးနှံ စိုက်ပျိုး ထုတ်လုပ်သူ တောင်သူများနှင့် ဆီလုပ်ငန်းရှင်များကို ငဲ့ညှာကြပါ။ စားသုံးသူများမှလည်း စားသုံးဆီစစ်မှန်မှုရှိ၊ မရှိ သေချာ မေးမြန်းဝယ်ယူစားသုံးကြရန်လိုအပ်မည် ဖြစ်ပါသည်။

**ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ**

ပြည်သူများသည် တာဝန်အရဖြစ်စေ၊ လူမှုရေး အရဖြစ်စေ၊ အပျော်ခရီးဖြစ်စေ၊ ဘုရားဖူးရန်အတွက်ဖြစ်စေ ခရီးသွား ဝန်ဆောင်မှု လုပ်ငန်းများနှင့် ကင်း၍မရဘဲ ဆက်သွယ်သွား လာလျက်ရှိကြပါသည်။ ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများကလည်း ခရီးသွားများကို ဝန်ဆောင်မှုအမျိုးမျိုးဖြင့်ဆွဲဆောင်၍ အပြိုင်အဆိုင် ဆောင်ရွက်လျက်ရှိကြပါသည်။ ခရီးသွား ပြည်သူများကလည်း ဝန်ဆောင်မှု ကောင်းသော၊ အချိန်မှန်သော၊ ဘေး

စာမျက်နှာ (၂၂)သို့ ➢

# တစ်ထပ်ချိတ်၊ နှစ်ထပ်ချိတ်နှင့် ရိုးရာအဆင်များ ရက်လုပ်ခြင်းဖြင့် ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေတဲ့ ကလေးမြို့က ရွှေထိပ်တန်းရက်ကန်းလုပ်ငန်း

ကလေးမြို့မှာ ချင်းရိုးရာရက်ကန်း ရက်လုပ်သူ ၅၀၀ ခန့်ရှိပြီး ကျေးလက်နေပြည်သူများ လူမှုဘဝမြင့်မားရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအနေဖြင့် ကျေးလက်အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီး ၂၀၁၂ ခုနှစ်တွင် ရွှေထိပ်တန်းရက်ကန်းအသင်းကို အမှုဆောင် ၁၀ ဦး၊ အသင်းသား ၁၅၀ ကျော်ဖြင့် ဖွဲ့စည်းပေးထားခဲ့ပါတယ်။ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးသည် မေ ၁၃ရက်က ကလေးမြို့သို့ ရောက်ရှိစဉ် ခရိုင်ဦးစီးမှူးနှင့်အတူ ရက်ကန်း လုပ်ငန်းရှင် ဦးမျိုးမြင့်နိုင်၏ ရက်ကန်းလုပ်ငန်း လုပ်ကိုင်နေမှုအခြေအနေများကို မေးမြန်း ဆွေးနွေးခဲ့ပါတယ်။ ရက်ကန်းလုပ်ငန်းရှင် ဦးမျိုးမြင့်နိုင်က ၎င်းတွင် ရက်ကန်းစင် ၁၃ စင်ရှိပြီး၊ သုံးစင်ကို အိမ်သားများရက်လုပ်ပြီး၊ ၁၀ စင်ကို အငှားရက်ခိုင်းကြောင်း၊ ရက်ကန်းလုပ်အားခမှာ ရက်လုပ် သည့် လုံချည်တန်ဖိုးပေါ် မူတည်၍ အနိမ့်ဆုံး လုပ်အားခမှာ ၆၀၀၀ ကျပ်မှ အမြင့်ဆုံး ၂၀၀၀၀ ကျပ်ခန့်ရကြောင်း အလုပ်သင်များကို ကျွမ်းကျင်သည်အထိ ထမင်းကျွေးအခမဲ့ သင်ကြားပေးကြောင်း၊ ကျွမ်းကျင်သွားပါက နေ့တွက်ပေး၍ ထမင်းမကျွေးတော့ကြောင်း၊ အဆင်ဒီဇိုင်းမျိုးစုံကို ရက်လုပ်နိုင်ရန် တစ်နှစ်ခန့် သင်ယူရကြောင်း သိရပါတယ်။

ဖလမ်း၊ ဟားခါး၊ တီးတိန်၊ ထန်တလန်၊ တွန်းဇံမြို့နယ်များရှိ ရိုးရာဒီဇိုင်း ၅၀ ကျော်ကို ဒေသအလိုက်၊ ဒေသအကြိုက် ရက်လုပ်ရကြောင်း၊ လုံချည်မှာလည်း တစ်ထပ်ချိတ်၊ နှစ်ထပ်ချိတ်နှင့် ရိုးရာအဆင်ဟူ၍ရှိကြောင်း၊ လုံချည်တန်ဖိုးမှာလည်း အနိမ့်ဆုံး ကျပ် ၁၅၀၀၀ မှ အမြင့်ဆုံး ကျပ်သုံးသိန်းကျော်အထိ ရှိပါကြောင်း၊ လောလောဆယ် အထည်ဆိုင်များ၏ အပ်ထည်များ ကိုသာ ရက်လုပ်နေရကြောင်း၊ အိန္ဒိယချည်ထည်များကိုသာ ရက်လုပ်ပါကြောင်း၊ နိုင်ငံတော်မှ ပုဂ္ဂလိကဘဏ်များနှင့်ချိတ်ဆက်၍ ငွေကြေး အရင်းအနှီးများရရှိအောင် ဆောင်ရွက်ပေးနိုင်ပါက လုပ်ငန်းများ ပိုမို ရှင်သန်အောင်မြင်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောပြပါတယ်။

**အောင်မင်း( တန့်ဆည် )**

# ဆန်ကော၊ ဆန်ခါရက်လုပ်ခြင်းဖြင့် ကျေးလက်တောင်သူများ စီးပွားဖြစ်လျက်ရှိ

ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်ရှိ ရွာသာကျေးရွာနှင့် လိန်ကုန်းကျေးရွာများသည် ဆန်ကော၊ ဆန်ခါ ရက်လုပ်ခြင်းလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ကျေးလက်နေပြည်သူများအနေဖြင့် စီးပွားရေးကောင်းမွန်လျက်ရှိကြောင်း သိရပါသည်။

ဆန်ကောရက်လုပ်ခြင်း လုပ်ငန်းတွင် ဝါးလုံးအဆစ်ဖြတ်တောက်ခြင်း၊ ဝါးဆစ်ကိုဝါးချောင်းငယ်များအဖြစ် ခွဲစိတ်ခြင်း၊ ဝါးခြမ်းစိတ်ငယ်မှ နီးလွှာခြင်း၊ နီးပြားများကို အချောသတ်ခြင်း၊ အချောသတ်ပြီး နီးများကို ဆန်ကောဆန်ခါပြင်အဖြစ် ရက်လုပ်ခြင်း၊ ရက်လုပ်ပြီး ဆန်ကောပြင်ကို နီးများသိပ်သည်းရန် ဒေါက်ရိုက်ခြင်း၊ ဒေါက်ရိုက်ပြီး ဆန်ကောပြင်ကိုဆန်ကောအရွယ်အစားမီစေရန် စက်လှည့်ပြီးဖြတ်တောက်ခြင်း၊ စက်ဖြတ်ပြီး ဆန်ကောပြင်ကို လက်မကွင်းဖြင့်ပတ်ခွေပြီး ဆန်ကောပြင်နင်းခြင်း၊ နင်းပြီးလျှင်ကြိမ်တင်ခြင်း၊ ကြိမ်တင်ပြီးလျှင် ကြိမ်လျှော်ဖြင့် ဆန်ကောပေါင်းကွပ်ခြင်း လုပ်ငန်းများကို အဆင့်ဆင့် လုပ်ဆောင်ပြီးပါက ဆန်ကောအချောတစ်ချပ် ရရှိမည် ဖြစ်ပါသည်။

ဆန်ခါရက်လုပ်ခြင်း လုပ်ငန်းတွင် ဆန်ကောရက်လုပ်သည့်နည်းတူ ဝါးလုံးများကို အဆင့်ဆင့်ပြုလုပ်ရပြီး ဆန်ခါ ပြင်အဖြစ် ရက်လုပ်ခြင်း၊ ရက်လုပ်ပြီး ဆန်ခါပြင်ကို ဘေးနီးဖြည့်ခြင်း၊ ဘေးနီးကို ဒေါက်ရိုက်ပြီး ဆန်ခါပြင်ကို ဆန်ခါ အရွယ်အစားမီအောင် စက်လှည့်၍ ဖြတ်တောက်ခြင်း၊ စက်ဖြတ်ပြီး ဆန်ခါပြင်ကို လက်မကွင်းဖြင့် ပတ်ခွေပြီး ဆန်ခါပြင်နင်းခြင်း၊ နင်းပြီးလျှင် ကြိမ်တင်ခြင်း၊ ကြိမ်တင်ပြီးလျှင် ကြိမ်လျှော်ဖြင့် ဆန်ခါပေါင်းကွပ်ခြင်းလုပ်ငန်းများကို အဆင့်ဆင့်လုပ်ဆောင်ပြီးပါက ရောင်းတန်းဝင် ဆန်ခါတစ်ချပ်ကို ရရှိမည်ဖြစ်ပါသည်။

ဆန်ကော၊ ဆန်ခါရက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းဖြစ်သည့် သိုက်ဝါးနှင့်မျှင် ဝါးကို ပုလဲမြို့နယ်၊ ပုံတောင်ဒေသမှ ရရှိပါသည်။ ဝါးလုံးအလုံး ၁၀၀ အတွက် ငွေကျပ် ၁၂၀၀၀ ကုန်ကျပါသည်။ လက်မခွေနှင့် ပေါင်းကွပ်ရာတွင် အသုံးပြုသည့် ကြိမ်ကို အလုံမြို့ (ချင်းတွင်း) မြစ်ဆိပ်ရှိ ကြိမ်ပွဲရုံမှဝယ်ယူပါသည်။ ကြိမ်လုံး ၇၅၀ အတွက် ငွေကျပ် ၇၅၀၀၀ ကုန်ကျပါသည်။ အခြေခံကုန်ကြမ်းပစ္စည်းဖြစ်သည့် ဝါးလုံး ၁၀၀ နှင့် ကြိမ်လုံး ၇၅၀ အသုံးပြုလျှင် ဆန်ကော၊ ဆန်ခါ အချပ် ၅၀၀ ရရှိပါသည်။

ဆန်ကော၊ ဆန်ခါတစ်ချပ်၏ တန်ဖိုးမှာ ကျပ် ၁၅၀၀ ဖြင့် ရောင်းချရသဖြင့် အချပ် ၅၀၀ အတွက် ငွေကျပ် ၇၅၀၀၀၀ ရရှိမည်ဖြစ်သည်။ ကုန်ကြမ်းပစ္စည်းများဖြစ်သည့် ဝါးလုံး ၁၀၀ နှင့် ကြိမ်လုံး ၇၅၀ ၏ တန်ဖိုးမှာ ကျပ် ၁၉၅၀၀၀ သာကုန်ကျသဖြင့် ဆန်ကော၊ ဆန်ခါ ရောင်းချငွေ ကျပ် ၇၅၀၀၀၀ မှ နှုတ်လျှင် ကျပ် ၅၅၅၀၀၀ ကျန်ရှိမည်ဖြစ်ပါသည်။ အိမ်ထောင်စုတစ်စုလျှင် ပျမ်းမျှနှစ်ဦးနှုန်းသည် တစ်ရက်လျှင် ဆန်ကော(သို့မဟုတ်) ဆန်ခါ ရှစ်ချပ်နှုန်းပြီးသဖြင့် တစ်လလျှင် အချပ် ၂၄၀ ပြီးစီးပါသည်။ ဆန်ကော၊ ဆန်ခါရက်လုပ်ခြင်းတွင် တစ်ချပ်လျှင် ၇၂၅ ကျပ်သာကုန်ကျပြီး ဆန်ကောဆန်ခါတစ်ချပ်အတွက် ငွေကျပ် ၁၅၀၀ ဖြင့် ရောင်းချရသည့်အတွက် ဆန်ကောအချပ် ၂၄၀ အတွက် ကုန်ကျစရိတ်မှာ ကျပ် ၁၇၄၀၀၀ ကုန်ကျပြီး အချပ် ၂၄၀ ရောင်းရငွေမှာ ကျပ် ၃၆၀၀၀၀ ရရှိရာ အိမ်ထောင်စုတစ်စုလျှင် အသားတင်ကျပ်ငွေ ကျပ် ၁၈၆၀၀၀ ရရှိကြောင်း သိရပါသည်။

**မိုးမိုးမြင့် (ယင်းမာပင်)**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလအိမ်ရာ | (၁၃.၅ x ၄၅)ပေ | (၃) လွှာခန်း | ၅၀၀ သိန်း | အသင့်နေ | ၀၉/၂၅၀၃၇၆၃၇၉ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း | ၆၅၀ စ/ ပေ | (၅) လွှာ၊ ခန်းဖွဲ့ | ၃၅၀ သိန်း | | ၀၉/ ၂၅၀၃၇၆၃၇၉ |
| ၃။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ ဟသ်ာလမ်း | (၃၅ x ၅၀) ပေ | RC (၁)ထပ် | ၃၀၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၄။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း | (၃၀ x ၅၀) ပေ | BN (၁)ထပ် | ၂၃၅၀ သိန်း | မြေပိုပါ | ၀၉/၅၁၁၇၂၆၂ |
| ၅။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ မိုးမခလမ်း | ၆၀၀ စ/ပေ | (၄) လွှာ၊ ခန်းဖွဲ့ | ၄၃၀ သိန်း | | ၀၉/၉၇၆၂၁၁၂၃ |
| ၆။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | (၇) လွှာ၊ MB (1) SB (2) | ၁၅၅၀ သိန်း | အဆင့်မြင့်ပြင်ပြီး၊ ဓာတ်လှေကားပါ | ၀၉/၅၁၁၇၂၆၂ |
| ၇။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း | (၃၂ x ၇၀)ပေ | (ပ)ထပ်၊ ခန်းဖွဲ့ | ၁၄ သိန်း | အဆင့်မြင့်ပြင်ပြီး ၁လအငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၈။ | အိမ်/မြေ | ပြင်ဦးလွင်မြို့နယ်၊ နန်းမြိုင်လမ်းသွယ် | ခြံ (၅၀ x ၁၂၀) ပေ အိမ်(၁၆၀၀ စ/ပေ) | MB (2)၊ BR (2)ထပ် | ၄.၅ သိန်း | ၁လအငှားနှုန်း စိတ်ငြိမ်ရပ်ကွက် | ၀၉/၅၁၁၇၂၆၂ |
| ၉။ | အိမ်/မြေ | မန္တလေးမြို့(၂၉) လမ်းပေါ် (၈၁ x ၈၂) ကြား | (၂၅ x ၅၀) ပေ | RC (၂)ထပ် | သိန်းတစ်သောင်း ခြောက်ထောင် | | ၀၉/၅၁၁၇၂၆၂ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | နီဆန်း(ဂျူကီ) (၂၀၁၁) | ယာယီ | ၃၀၀ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ပရိုဘောက် (၂၀၁၂) | ယာယီ | ၁၆၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | ဗဇ် (၂၀၁၁) | ယာယီ | ၁၅၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၄။ | ဟွန်ဒါဖစ် (၂၀၁၄) | ယာယီ | ၂၄၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၅။ | ဖစ်/ရှပ်တဲလ် (၂၀၁၁) | ယာယီ | ၂၃၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | ခရောင်းဆလွန်း (၂၀၀၃) | 2H | ၂၆၀ သိန်း | 2.5 ဓာတ်ဆီ |
| ၇။ | ဟွန်ဒါအင်ဆိုဒ် (၂၀၁၂) | ယာယီ | ၁၉၀ သိန်း | ဟိုက်ဘရစ်၊ နယ်လိုင်စင် |
| ၈။ | အာလ်ဖတ် (၂၀၀၃) | ယာယီ | ၃၃၅ သိန်း | 2.4 ဓါတ်ဆီ |
| ၉။ | အပ်ကား | နစ် ၂၀ | ၉၅ သိန်း | ကားကောင်း |

စာမျက်နှာ - ၂၁ ဝန်ဆောင်မှုလုပ်ငန်းနှင့် ....မှအဆက်

ကင်းလုံခြုံမှုရှိသော ယာဉ်များဖြင့်သာ သွားလာလိုကြသည်မှာ သဘာဝဖြစ်ပါသည်။ဥပမာ-Air-con ကားဖြစ် သော်လည်း Air-con မဖွင့်ပေးခြင်း၊ အချိန်မှန် ကားမထွက်ခြင်း၊ ကြော်ငြာထားသည့် ယာဉ်အစား အခြားယာဉ်များဖြင့် စီစဉ်ပေးခြင်း၊ ခရီးသည်များအား ကြိုရမည့်နေရာ၌ မကြိုဘဲ အချိန်နီးကပ်မှ ဘယ်နေရာ၌စောင့်ပါဟု ပြောဆိုခြင်း၊ယာဉ်မောင်းများ အရက်သေစာ သောက်စားမောင်းနှင်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာမှုမရှိဘဲ မောင်းနှင်ခြင်းများ ဖြစ်ပေါ်နေသည်ကို ကြုံတွေ့နေရပါသည်။ အမှန်မှာ ခရီးသွား ဝန်ဆောင်မှုလုပ်ငန်းများသည် ခရီးသွားများအား အပြည့်အဝစိတ်ချမ်းသာစေရေးအတွက် ဝန်ဆောင်မှုများဖြစ်သည့် အချိန်မှန်ခြင်း၊ ဘေးကင်းလုံခြုံမှုရှိရေးတို့အတွက် မထွက်ခွာမီ ယာဉ်ကို သေချာစွာ စစ်ဆေးခြင်း၊ ယာဉ်ဝန်ထမ်းများအား ကျန်းမာရေး စစ်ဆေးခြင်း၊ ပုံမှန်နှုန်းဖြင့် မောင်းနှင်စေခြင်း စသည်ဖြင့် စည်းကမ်း သတ်မှတ်ပါက ပိုပြီး ဘေးကင်း လုံခြုံမည်ဟု ထင်ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**




## ကျိုက်လတ်မြို့နယ်တွင် MAPCO ကုမ္ပဏီမှ လျှပ်စစ် ၂ ဒသမ ၂ မဂ္ဂါဝပ်ထုတ်လုပ်မည့် စက်ရုံ၊ တန် (၂၄၀) ဆန်စက်နှင့် တန် (၂၀၀) ပေါင်းဆန်စက်ဖွင့်လှစ်

ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ်တွင် မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း MAPCO Golden Lace ကုမ္ပဏီမှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် လျှပ်စစ် ၂ ဒသမ ၂ မဂ္ဂါဝပ်ထုတ်လုပ် မည့်စက်ရုံ၊ ဆန်တန် ၂၄၀ ကျဆန်စက်နှင့် တန် ၂၀၀ ကျ ပေါင်းဆန်စက်တို့ကို မေလ ၁၅ ရက်က ဖွင့်လှစ်ခဲ့ကြောင်းသိရပါသည်။

MAPCO ကုမ္ပဏီကို ၂၀၁၂ ခုနှစ်တွင် အစုရှယ်ယာရှင်ပေါင်း ၁၄၀၀ ကျော်ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအဆင့်မီ ခေတ်မီဆန်စက်၊ သိုလှောင်ရုံများ၊ အခြောက်ခံစက်များ၊ ဆိုင်လိုသိုလှောင်ရုံများ၊ စပါးခွံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစနစ်များနှင့် တန်ဖိုးမြှင့်ထုတ်လုပ်ရေးလုပ်ငန်းစဉ်များပါဝင်သည့် Integranted Rice Complex Project (IRCP) များ ထူထောင်ရန်နှင့် တောင်သူလယ်သမားများအား ဝန်ဆောင်မှုပေးမည့် လယ်ယာစီးပွားရေးဝန်ဆောင်မှုလုပ်ငန်း Agribusiness Services Center (ASC) များ ထူထောင်ရန် ကိစ္စရပ်များကို ကုမ္ပဏီ၏ ဦးစားပေးလုပ်ငန်းအဖြစ် အခြေခံမူဝါဒချမှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း ကုမ္ပဏီမှ သိရပါသည်။

MAPCO Golden Lace စက်ရုံသည် မြေဧရိယာ အကျယ်အဝန်းဧက ၃၀ တွင် တည်ဆောက်ထားပြီး စီမံကိန်း ပထမအဆင့်အတွက် ရင်းနှီးမြှုပ်နှံမှုကျပ်ငွေ ၁၂ ဒသမ ၁၅ ဘီလီယံကို ရင်းနှီးမြှုပ်နှံ၍ ကုမ္ပဏီအနေဖြင့် ဖျာပုံခရိုင်အတွင်း တောင်သူလယ်သမားများနှင့် ပူးပေါင်းကာ အကျိုးတူ ကန်ထရိုက်လယ်ယာစနစ်ကို ဆောင်ရွက်ပြီး မျိုးကောင်း၊ မျိုးသန့်ထုတ်လုပ်ခြင်း၊ အရည်အသွေးမြင့် တန်းမြင့်၊တန်းလတ်ဆန်များ ထုတ်လုပ်ရန်အတွက် စိုက်ခင်းမှသည် တင်ပို့ရောင်းချသည်အထိ Supply Chain/ Value Chainတစ်လျှောက် ပါဝင်ဆောင်ရွက်ခြင်း၊ ထွန်စက်/ရိတ်စက်/ကောက်စိုက်စက်များဖြင့် အငှားလိုက်ဝန်ဆောင်မှုပေးခြင်း၊ ဓါတ်မြေသြဇာနှင့်သွင်းအားစုများကို ဖြန့်ဖြူးရောင်းချပေးခြင်း စသောလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောပါသည်။

မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်း (MAPCO)သည် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ချမှတ်ထားသော ဆန်စပါးကဏ္ဍနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို လက်တွေ့ဖော်ဆောင်လျက်ရှိပြီး နိုင်ငံတော်၏ အကျိုးစီးပွားနှင့်အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားတိုးတက်ဖြစ်ထွန်းအောင်မြင်စေရန် ခိုင်မာသော ရင်းနှီးမြှုပ်နှံမှုများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း/ပြည်ပ စီးပွားရေးမိတ်ဖက်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် ပူးပေါင်း၍ နိုင်ငံတကာဈေးကွက်၊ ခေတ်မီနည်းပညာနှင့် နိုင်ငံတကာစံနှုန်းများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီမှ တာဝန်ရှိသူက ဆက်လက်ပြောကြားပါသည်။

**မင်းမင်းဦး(ပသ)**

## အရာတော်မြို့၌ အသေးစားစီးပွားရေး စီမံခန့်ခွဲမှုသင်တန်းဖွင့်လှစ်

မုံရွာခရိုင်၊ အရာတော်မြို့၌ အမေရိကန်ပြည်ထောင်စု နိုင်ငံတကာ ဖွံ့ဖြိုးမှုအေဂျင်စီ (USAID)၏ ပံ့ပိုးကူညီမှုဖြင့် Winrock International က အကောင်အထည် ဖော်ဆောင်ရွက်ပြီး အရာတော်မြို့နယ်၊ သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချ သူများအသင်းအတွက် အသေးစားစီးပွားရေးစီမံခန့်ခွဲမှုသင်တန်းကို မေလ ၁၀ ရက် မှ ၁၂ ရက်အထိ သုံးရက်ကြာဖွင့်လှစ်ခဲ့ပါသည်။

သင်တန်းတွင် သင်တန်းဆရာ Mr BIII NICHOLS နှင့် ဘာသာပြန်ဆရာ ဒေါက်တာသက်ခိုင်တို့က ဘာသာရပ်ခြောက်မျိုးဖြစ်သော Mission, Bussiness, Marketing, New Customers, Sales,Speech, Scheduling a meeting တို့ကိုလည်းကောင်း၊ အပြန်အလှန်မေးခွန်းများဖြင့်လည်းကောင်း၊ သင်တန်းသားများ၏သိရှိလိုသည်များ ဖြေကြား၍လည်းကောင်း ဆောင်ရွက်ခဲ့သည်။ အဆိုပါ သင်တန်းသို့ အရာတော်မြို့နယ်သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ အသင်းသား ၅၅ ဦးတက်ရောက်ခဲ့ကြောင်း သိရှိရသည်။

**သန်းသန်းတင်(မုံရွာ)**

## မန္တလေးမြို့တွင် စတုတ္ထအကြိမ်မြောက် မြန်မာ့သရက်ပွဲတော်၊ မြန်မာ့လက်ဖက်ပွဲတော်နှင့် စိုက်ပျိုးရေးဆိုင်ရာ ကုန်စည်ပြပွဲကျင်းပ

မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက စတုတ္ထအကြိမ်မြောက် မြန်မာ့သရက်ပွဲတော်၊ မြန်မာ့လက်ဖက်ပွဲတော်နှင့် စိုက်ပျိုးရေးဆိုင်ရာကုန်စည်ပြပွဲ (၂၀၁၇) ကို မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၇၃ လမ်းနှင့် ၆၈ လမ်းကြားရှိ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းတွင် မေလ ၂၀ ရက်မှ ၂၂ ရက်ထိ ကျင်းပခဲ့ကြောင်းသိရှိရသည်။

အဆိုပါပြပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှ ပြခန်းများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ CCPIA (China Crop Protection Industry Association) မှ မြေသြဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးကုမ္ပဏီတို့မှ ပြခန်းများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) နှင့် ညီနောင်အသင်းများမှ ပြခန်းများ ပါဝင်ပြသခဲ့သည့်အပြင် သရက်သီးနှင့် သရက်သီး Value-Added ထုတ်ကုန်များ၊ လက်ဖက်၊ ကော်ဖီအရောင်းပြခန်းများ၊ စားသောက်ကုန်များဖြစ်သည့် ထိုးမုန့်၊ လမုန့်နှင့် ကိတ်မုန့်အရောင်းပြခန်းများ၊ အခန်းပေါင်း ၈၄ ခန်းခန့် ပါဝင်ပြသခဲ့ကြောင်း သိရှိရပါသည်။

ထို့ပြင် Myanmar Agro Chemical Regristration နှင့်ပတ်သက်သည့် အကြောင်းအရာများ၊ သရက်စိုက်ပျိုးခြင်းနှင့် ပိုးသတ်ဆေးသုံးစွဲခြင်း၊ မြန်မာ့ဓလေ့ကွမ်း၊ဆေး၊လက်ဖက်အကြောင်း၊ သစ်သီးဝလံ ပို့ကုန်မြှင့်တင်ရေးနှင့် ဈေးကွက်အလားအလာစသည့်စာတမ်းများကို ဖတ်ကြားခဲ့ပြီး သရက်ကိုင်းကူးဆက်ခြင်း သင်တန်းနှင့် လက်တွေ့ပြသခြင်းတို့ပါဝင်ပြသခဲ့ကြောင်းသတင်းရရှိသည်။**သက်သက်နိုင်(မန္တလေး)**

---

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

---

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံးရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၂၂-၅-၂၀၁၇ မှ ၂၈-၅-၂၀၁၇ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** မိတ်ဆွေအပေါင်းအသင်းများကြောင့် မိမိ၏စီးပွားရေး၊ လူမှုရေးနှင့်အိမ်ထောင်ရေး၊ အချစ်ရေး ကိစ္စများ အကျိုးတစ်စုံတစ်ရာရှိနေတတ်ပါသည်။ ငွေကြေးမရရှိနိုင်သူပင်ဖြစ်စေ၊ အခြားကိစ္စရပ်များ၌ မိမိအားအကူအညီ အထောက်အပံ့များ ရရှိနေတတ်သည်။ လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်မှုရှိနေတတ်ပါသည်။ ဘာသာရေး ကိစ္စများကြောင့်လည်း မိတ်ဆွေအပေါင်းအသင်းခင်မင်သူရရှိလာတတ်သည်။ ယုံကြည်မှုပို၍ ခိုင်မြဲလာခြင်းလည်းရှိတတ်ပါသည်။ ငွေကြေးအကူအညီများ ရရှိလာတတ်ပါသည်။

**ယတြာ။ ။မိမိမွေးနံ့ဒေါင့်ဘုရားတွင် ထီးလှူပါ။**



**တနင်္လာသားသမီးများအတွက်** လုပ်ငန်းကိစ္စနှင့်ပတ်သက်၍ ခရီးသွားရတတ်သည်။ စီးပွားရေးလုပ်ငန်းများ၊ ရေရှည်မျှော်တွေးပြီး ဖွဲ့ရှိစွာလုပ်ကိုင်နေရတတ်ပါသည်။ ပစ္စည်းဟောင်းများရရှိခြင်း၊ ငွေကြေးအမွေအနှစ်များရရှိတတ်ပါသည်။ ယခုကာလတွင် ရွှေ၊ ငွေ၊ ဘော်အနီရောင်၊ အဖြူရောင်ရတနာတို့နှင့် အကျိုးပေးနေတတ်ပါသည်။ တစ်ချိန်က ကိုယ့်မေတ္တာကို အရေးမထားသူသည် သင်၏မေတ္တာသစ္စာနှင့်သိုင်းခြုံထားမှန်းသိသဖြင့် သင့်အပေါ် လေးစားသနားလာလိမ့်မည်။

**ယတြာ။ ။အလုပ်ကိစ္စနှင့်အပြင်သွားလျှင် အုန်းဆီလူး၍ သွားပါ။**



**အင်္ဂါသားသမီးများအတွက်** လူမှုရေး၊ စီးပွားရေးတို့တွင် အားပေးကူညီမည့်သူများရှိနေတတ်ပါသည်။ စာပေရေးသားခြင်း၊ ပစ္စည်းဥစ္စာရှာဖွေခြင်းများကို သတိဝီရိယနှင့်ရှာဖွေလုပ်ကိုင်နေရတတ်သည်။ သင်၏စိတ်ဓာတ်ရေးရာမြင့်မားနေမှုကြောင့် အရာရာတွင်မဖြစ်နိုင်ခြင်းဟူသည့်ကိစ္စနည်းပါးနေတတ်သည်။ ကျန်းမာရေးပုံမှန်အနေအထားတွင်ရှိနေသည်ဆိုသော်လည်း အပူစာများစားမိ၍ ဝေဒနာခံစားရတတ်သည်။ နိုင်ငံတကာနှင့်ဆက်နွယ်သောလုပ်ငန်းအကျိုးပေးကောင်းလာတတ်ပါသည်။

**ယတြာ။ ။သံဃာတော်အား ဝတ္ထုငွေကပ်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** လုပ်ငန်းရေရှည်တည်တံ့ရေးအတွက် ကြိုးပမ်းနေရတတ်သည်။ ခိုင်မာသောစီးပွားရေးအတွက် လိုအပ်ချက်များကိုဖြည့်ဆည်းနေရတတ်သည်။ ငွေကြေးကိစ္စအတွက် စိတ်အေးချမ်းသာမှုဖြင့် ရှာဖွေနေရတတ်သည်။ ဝင်ငွေ၊ ထွက်ငွေညီမျှနေသဖြင့် အမြတ်အစွန်းမရှိဘဲဖြစ်နေတတ်သည်။ ယမကာလုပ်ငန်း၊ အိမ်၊ ခြံ၊ မြေရောင်းဝယ်ရေးလုပ်ငန်းများတွင် စွန့်လွှတ်စွန့်စား၊ ကြိုးပမ်းမှုများတွင် လုံ့လစိုက်ထုတ်နေရပြီး၊ အကျိုးအမြတ်ရရှိလာသည့်ငွေနှင့်ပစ္စည်းစုဆောင်းမိတတ်သည်။

**ယတြာ။ ။လူကြီး၊ မိဘအတွက် အဝတ်အထည်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** လုပ်ငန်းခွင်ထဲတွင်လည်း နည်းပညာသစ်များ ရှာဖွေရရှိတတ်သည်။ တိုးတက်သောလုပ်ငန်းပညာများဖြင့် မိမိ၏လုပ်ငန်းကိုဆောင်ရွက်နေရတတ်သည်။ ယင်းကာလတွင် ရွှေ၊ ငွေ၊ ပတ္တမြား၊ စိန်၊ ပုလဲ၊ လက်ဝတ်ရတနာ၊ ဆင်မြင်း ရထား၊ ယာဉ်များတို့နှင့်အကျိုးပေးနေတတ်ပါသည်။ နံ့သာဖြူ နံ့သာနီရောင်းဝယ်ရေး တွင် အကျိုးအမြတ်ရှိနေမည်ဖြစ်သည်။ စီးပွားရေးအတွက် ကြိုးပမ်းမှုများတွင် အတတ်ပညာရှင်များ၏ ပံ့ပိုးမှုများလည်း ပါဝင်နေတတ်သည်။

**ယတြာ။ ။ရွှေသက်န်းကပ်လှူပြီး ဆုတစ်မျိုးတောင်းပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေး အစစအရာရာ အဆင်ပြေစေရန် ဝေဖန်ပေးသူရှိနေတတ်သည်။ ဆွေမျိုးတို့နှင့် ပူးပေါင်း၍ စီးပွားရေး၊ ပညာရေးကိစ္စများ တိုင်ပင်ညှိနှိုင်းရတတ်သည်။ မိမိအပေါ် ဂုဏ်သိက္ခာထိခိုက်နစ်နာအောင်ပြုလုပ်သူသည်။ မိမိအနီးသို့ ရောက်ရှိလာတတ်သည်။ မိမိအားကိုးထိုက်သောသူသည် မိမိနှင့် အဝေးဆုံးနေရာသို့ရောက် သွားတတ်သည်။ သင်သည်အရာရာကို လုံ့လဝီရိယမလျော့သောဇွဲ လုံ့လသတ္တိရှိလာလိမ့်မည်။

**ယတြာ။ ။ဘုရားတွင်စံပယ်ပန်းကပ်လှူပါ။**



**စနေသားသမီးများအတွက်** လုံ့လဝီရိယအကျိုးဖြင့် မိမိ၏ဘဝတိုးတက်ရေးအတွက် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရလိမ့်မည်။ ဥစ္စာဓနပေါကြွယ်ဝသောသူများနှင့်ဆက်သွယ်မိလိမ့်မည်။ ဉာဏ်စွမ်း၊ ဉာဏ်စရှိသူ၊ ရာထူးရှိသူ၏စောင့်ရှောက်မှုကို ရရှိလိမ့်မည်။ အတတ်ပညာရှင်အသိုင်းအဝိုင်းနှင့် မိမိ၏ အတွေးအခေါ် ပေါင်းစပ်၍ တိုးတက်မှုရှာရတတ်သည်။ သောကများကို လောကဝတ္တရားဖြင့် ပယ်ဖျက်နိုင်လိမ့်မည်။

**ယတြာ။ ။ဘုရားတွင်နေကြာပန်းကပ်လှူပါ။**

# ဘားအံမြို့တွင် စတော့ဈေးကွက် အသိပညာပေးဟောပြောပွဲကျင်းပ



ကရင်ပြည်နယ်၊ ဘားအံမြို့၊ ဇွဲကပင်ခန်းမတွင် မေလ ၁၃ ရက်က ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ရန်ကုန်စတော့အိပ်ချိန်းတို့ ပူးပေါင်း၍ ‘စတော့ ဈေးကွက် အသိပညာပေး ဟောပြောပွဲ’ ကျင်းပခဲ့ရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်အသင်းအဖွဲ့များ၊ ဘဏ်တာဝန်ခံများ၊ ဘားအံ၊ ကော့ကရိတ်၊ လှိုင်းဘွဲ့မြို့ရှိရပ်ကွက်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ စုစုပေါင်းလူဦးရေ ၁၆၀ ခန့် တက်ရောက်ခဲ့ကြပါသည်။

ဟောပြောပွဲတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းနိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးငြေးချွန်က “အရင်းအနှီးဈေးကွက် ဥပဒေရေးရာနှင့် အဖွဲ့အစည်းဆိုင်ရာအခြေခံအဆောက်အအုံ”အကြောင်း၊ ရန်ကုန်စတော့အိပ်ချိန်းမှ အမှုဆောင်အကြီးတန်းမန်နေဂျာဦးသက်ထွန်းဦးက “စတော့ရင်းနှီးမြှုပ်နှံမှု”အကြောင်း သိကောင်းစရာများ၊ Myanmar Securities Exchange Centre မှ လက်ထောက်မန်နေဂျာ ဦးကောင်းထက်နိုင်က “ Role and Function of Securities Company” အကြောင်း ဟောပြောခဲ့ပါသည်။

ယင်းနောက် ကရင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစောဟန်အေးနှင့် ကရင်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းတို့က သိလိုသည်များ မေးမြန်းရာဦးငြေးချွန်၊ ဦးသက်ထွန်းဦးတို့က အသေးစိတ်ပြန်လည်ရှင်းလင်းခဲ့ကြောင်း သတင်းရရှိပါသည်။

**အေးအေးစိုး (ဘားအံ)**

# ပုသိမ်မြို့တွင် အရည်အသွေးမြင့် New Holland အမှတ်တံဆိပ်လယ်ယာသုံး စက်ကိရိယာများ အရောင်းပြခန်း ဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်စပါးစိုက်ပျိုး ထုတ်လုပ်ရာတွင် ခေတ်မီအရည်အသွေးမြင့် လယ်ယာသုံးစက်ကိရိယာများ အသုံးပြုနိုင်ရေးနှင့် လယ်ယာကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အီတလီနိုင်ငံမှ ထုတ်လုပ်သော New Holland ထွန်စက်၊ မြေညှိစက်၊ မီးစက်၊ လယ်ယာသုံး ဆက်စပ်ပစ္စည်းများကို ပုသိမ်မြို့၊ မြတ်တို ရပ်ကွက်၊ အမှတ်(၃၉) တွင် အရောင်းပြခန်းဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း အဆိုပါပြခန်းမှ အရောင်းတာဝန်ခံ ဦးစောသက်နောင်က ပြောပါသည်။

New Holland ထွန်စက်၊ လယ်ယာသုံးစက်ကိရိယာများကိုပုသိမ်၊ ဟင်္သာတ၊ မအူပင်မြို့တို့တွင်လည်း အရောင်းပြခန်းများဖွင့်လှစ်ထားရှိပြီး ပုသိမ်ဈေးကွက်တွင် ကန်ကြီးထောင့်၊ ဒါးက၊ ကျောင်းကုန်း၊ ဝါးခယ်မ၊ မအူပင်၊ ဖျာပုံ၊ ကျိုက်လတ်မြို့နယ်များမှ တောင်သူများ အများဆုံး လာရောက်ဝယ်ယူလျက်ရှိပြီး လိုအပ်သော စက်အပိုပစ္စည်းများကိုလည်း အလွယ်တကူ ဝယ်ယူရရှိနိုင်ကြောင်း၊ လက်ငင်းငွေချေစနစ်ဖြင့်လည်းကောင်း၊ စက်မှုလယ်ယာမှတစ်ဆင့် ရိုးမဘဏ်နှင့်ချိတ်ဆက်ကာ အရစ်ကျစနစ်ဖြင့်လည်းကောင်း ဝယ်ယူနိုင်ကြောင်း၊ မြင်းကောင်ရေ ၄၇၊ ၄၈၊ ၇၅၊ ၉၀၊ ၉၅ စသည်ဖြင့် အမျိုး အစားအစုံရောင်းချသော်လည်း မြင်းကောင်ရေ ၇၅ ကောင်ရှိ ထွန်စက်မှာ တောင်သူများ အများဆုံးဝယ်ယူပြီး ထွန်ယက်၊ မြေညှိ၊ မြေတူး၊ ဆားကွင်း၊ မြေညှိရာနှင့် ထရေလွှာတပ်၍ စပါးသယ်ယူရာတွင်လည်း အသုံးပြုနိုင်ကြောင်း၊ ဝယ်ယူသုံးစွဲသူများ အဆင်ပြေစေရန် ထွန်စက်မောင်းနည်းများကို ပြသ၍ ပြင်ဆင်ထိန်းသိမ်းရေးအဖွဲ့ သုံးဖွဲ့ဖြင့် ကုမ္ပဏီမှ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း ၎င်းက ပြောကြားပါသည်။

**မင်းမင်းဦး(ပုသိမ်)**

## မန္တလေးတိုင်းဒေသကြီးအတွင်း သစ်သီးဝလံ အခြေခံစားသောက်ကုန်ထုတ်လုပ်မှု သင်တန်းဖွင့်လှစ်မည်

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ မေ ၂၉ ရက်မှ ဇွန် ၂ရက်အထိ ငါးရက်ကြာ သစ်သီးဝလံအခြေခံစားသောက်ကုန် ထုတ်လုပ်မှုသင်တန်း ကို စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးခန်းမတွင် ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

အဆိုပါသင်တန်းတွင် မန္တလေးတိုင်းအတွင်းရှိအိမ်တွင်း စက်မှုလက်မှုလုပ်ငန်းမိသားစုတစ်ပိုင်တစ်နိုင် ထုတ်လုပ်သည့် ဖျော်ရည်မျိုးစုံနှင့် သီးနှံမျိုးစုံယိုများပြုလုပ်နည်းစနစ်များကို စာတွေ့လက်တွေ့သင်ကြားပေးခြင်းနှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ပါဝင်ပါမည်။ သင်တန်းပြီးဆုံးပါက လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်စေရန်အတွက် အသေးစားစက်မှုလက်မှုလုပ်ငန်းက ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။ သင်တန်းမှ ပို့ချသည့်ဘာသာရပ်များ တတ်ကျွမ်းပြီးပါက စားသုံးသူပြည်သူများအတွက် ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် စံချိန်စံညွှန်း၊ အရည်အသွေးပြည့်ဝသော အစားအစာများ ထုတ်လုပ်နိုင်မှာဖြစ်တဲ့အတွက် မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ ယခုကဲ့သို့ ဒေသတွင်းထုတ်ကုန်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ သင်တန်းများဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့ပူးပေါင်းဖွင့်လှစ်သည့် သစ်သီးဝလံအခြေခံ စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းကို မေ ၂၉ ရက်မှ ဇွန် ၂ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်သင်ကြားနိုင်ပါကြောင်း သတင်းရရှိပါသည်။

**ယဉ်ယဉ်အေး(မန္တလေး)**

# ကြိုးစားကြည့်ရအောင်



မျိုးသူ (ကုန်သွယ်မြှင့်)

ကြိုးစားရန် လိုအပ်သည်ဟု လူတိုင်းနားလည်ကြပါတယ်။ မကြိုးစားလျှင် ဘာမှမဖြစ်ဟု ပြောတတ်ကြပေမယ့် တကယ်လိုက်နာမိရဲ့လားဟု မေးကြည့်ပါ။ ကျွန်တော်က ကြိုးစားမှုရဲ့ နောက်မှာလိုက်တဲ့ အလိုအပ်ဆုံးအရာမှာ စဉ်ဆက်မပြတ်ကြိုးစားအားထုတ်မှုလို့ ပြောချင်ပါတယ်။ ကောက်ရိုးမီးလို ခဏတာသာ တောက်သကဲ့သို့ ကြိုးစားမှုကိုလည်း ကြိုးစားလိုက် ရပ်တန့်လိုက်လုပ်နေလျှင် မည်သို့မျှ အောင်မြင်နိုင်မည် မဟုတ်ပေ။ လိုချင်သော ပန်းတိုင်ကိုလည်း မရောက်နိုင်ပါ။ ကြိုးစားမှုကို အလေ့အကျင့် ဖြစ်လာသည်အထိ ဆောင်ရွက်မှသာ အောင်မြင်မှုကို ရနိုင်မယ်လို့ ယူဆရမှာပါ။

Human Resource Development ကို တိုက်ရိုက်ဘာသာပြန်ကြရာမှာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဟု ဘာသာပြန်ကြပါတယ်။ ဒီစာလုံးသုံးလုံးရဲ့ အနက်တစ်ခုစီကို ပြန်ကြည့်မယ်ဆိုရင် Human ကို လူသားလို့ပြန်ဆိုနိုင်ပြီး အသက်ရှင်သန်လျက်ရှိသော လူများအားလုံး အကျုံးဝင်မှာဖြစ်ပါတယ်။ အသက်ကြီးငယ်မရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ပညာတတ်ခြင်း၊ မတတ်ခြင်းမရွေး၊ ကျား၊ မ မရွေး အားလုံးဆိုင်လာကြပါတယ်။ Resource ကို အဘိဓာန်တွင် ရှာကြည့်ရာ အင်အားလို့ ပြန်ဆိုထားတာကို တွေ့ရမှာဖြစ်ပါတယ်။ အင်္ဂလိပ် အဘိဓာန်မှာတော့ Resource(n); (1); Something that one uses to achieve an objective; e.g. raw materials or personnel. (2); A person’s capacity to deal with difficulty. လို့ တွေ့ရပါတယ်။ ပထမ အဓိပ္ပာယ်က ရည်မှန်းချက်အောင်မြင်ရန်အတွက် သုံးစွဲလို့ရတဲ့ အရာလို့ ပြန်ရမယ် ထင်ပါတယ်။ နောက်တစ်ခုကလည်း အခက်အခဲများကို ကျော်လွှားဖို့အတွက် လူရဲ့ စွမ်းရည်လို့ ပြန်ရမယ် ထင်ပါတယ်။ နှစ်ခုစလုံးကတော့ လူရဲ့စွမ်းဆောင်ရည်၊ အင်အားကို ဖော်ပြတာပါပဲ။ ဒီနေရာမှာ ဥပမာပေးထားတဲ့ raw material ဆိုတဲ့ ကုန်ကြမ်းပစ္စည်းတွေပေါ့။ ဥပမာ ထမင်းရဖို့ စပါးလိုသလို၊ ပဲဟင်းရဖို့ ပဲစေ့၊ ပဲပင်လိုတာပေါ့ခင်ဗျာ။ နောက်ဆုံး ကုန်ကုန်ပြောရရင် မင်းသမီးဖြစ်ချင်တဲ့ မိန်းကလေးအတွက် အလှအပဟာ သူ့အတွက် အရေးကြီးတဲ့ resource ဖြစ်ပါတယ်။ Resource ရဲ့ နောက်အဓိပ္ပာယ်တစ်ခုက Difficulties ဆိုတဲ့ အခက်အခဲတွေ၊ ပြဿနာတွေ၊ အတားအဆီးတွေကို ကျော်လွှားဖြတ်ကျော်ရာမှာ ကိုယ်လိုချင်တာရအောင်၊ ကိုယ့်ရဲ့ ရည်မှန်းချက်ရောက်အောင်၊ အောင်မြင်မှုတွေရအောင် မရှိမဖြစ်လိုအပ်တဲ့စွမ်းဆောင်ရည် capacity ပဲ ဖြစ်ပါတယ်။ ဒီ အဓိပ္ပာယ်နှစ်ခုကို သိပြီဆိုရင် Human Resource ကို ဘာကြောင့် Develop ဖြစ်အောင်လုပ်သင့်တယ်၊ လုပ်ဖို့လိုတယ်ဆိုတာ ကျွန်တော်တို့ နားလည်လာ ရပါတယ်။ တိုးတက်အောင် ဆောင်ရွက်ရာမှာ အထက်ကဖော်ပြတဲ့ စဉ်ဆက်မပြတ် ကြိုးစားမှုကို ပေါင်းထည့်ရင် တစ်နည်းပြောရရင် အလေ့အကျင့်ကောင်းတွေ Good practice တွေပေါင်းထည့်ရင် သေချာပေါက် တိုးတက်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ လူသားတိုင်းအနေနဲ့ နေ့စဉ်လိုအပ်ချက်တွေက ပြည့်လျှံနေတာပါပဲ။ ဆင်းရဲတဲ့ သူနဲ့ချမ်းသာတဲ့ သူဆိုရင် ရုပ်ဝတ္ထုအရလိုအပ်ချက်မှာ ဆင်းရဲတဲ့သူက ပိုများပါတယ်။ မိမိဘာသာရောင့်ရဲနေရင်သာ လိုအပ်ချက်မများဘူးထင်ရပေမယ့် တကယ်ကတော့ မိမိတို့ရဲ့ အသက်ရှင်သန်ရပ်တည်ရေးအတွက် လိုအပ်ချက်က အများကြီးဖြစ်နေပါတယ်။ လက်ရှိ အိုင်တီခေတ်မှာတော့ ခေတ်မီဖို့၊ ခေတ်နဲ့ ရင်ပေါင်တန်းနိုင်ဖို့ လိုအပ်ချက်တွေက ပိုများလာပါတယ်။ ကျွန်တော်တို့ ဆင်းရဲနေရင်တော့ အဆိုးသံသရာကြီးထဲက ထွက်နိုင်စရာ မရှိပါဘူး။ ဒါကြောင့် ချမ်းသာဖို့ လိုပါတယ်။ ဆင်းရဲတဲ့သူပဲ ဖြစ်ဖြစ်၊ ဝန်ထမ်းပဲ ဖြစ်ဖြစ်၊ ချမ်းသာတဲ့သူပဲ ဖြစ်ဖြစ် ပိုပိုပြီးချမ်းသာဖို့လိုပါ တယ်။ ချမ်းသာအောင် တည်ဆောက်ကြရာမှာ ပထမဆုံး မိမိကိုယ်ကိုတည်ဆောက်နိုင်ဖို့က အရေးကြီးဆုံးပါ။ ဒါကြောင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ကြရာမှာ တခြားသူကို တိုးတက်အောင် မလုပ်နိုင်ခင် မိမိကိုယ်ကို တိုးတက်အောင်၊ ဖွံ့ဖြိုးအောင် လုပ်နိုင်ဖို့ လိုပါတယ်။

မက်စလိုရဲ့ လိုအပ်ချက်ပုံ Maslow’s hierarchy ကိုကြည့်ရင် ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်ဖြစ်တဲ့ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစတာတွေကို ဖြည့်ဆည်းနိုင်ဖို့က အခြေခံပဲလို့ ဆိုထားပါတယ်။ ဒီအဆင့်ကို တောင် တော်တော်ဖြည့်ဆည်းရမယ့် အနေအထားရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ လိုအပ်ချက်များနဲ့ တည်ဆောက်ထားပြီး၊ မျှော်လင့်ချက်များနဲ့ ရှင်သန်နေတဲ့ဘဝမှာ ချမ်းသာဖို့အတွက် နေ့စဉ် လှုပ်ရှားရုန်းကန်နိုင်ဖို့အတွက် ကျေနပ်နှစ်သက်မှုတွေရရှိဖို့ လိုပါတယ်။ တစ်ခါတစ်ခါမှာ ကိုယ့်ကိုကိုယ်တောင် မကျေနပ်နိုင်တာ များလှပါတယ်။ ကျွန်တော်ထင်တာကတော့ ကိုယ့်ကိုယ်ကို ဘာတွေနဲ့ ဖြည့်ဆည်းမှာလည်း၊ Right Time, Right Place, Right Person and Right Job ကို ကိုယ်ကိုယ်တိုင်ပဲ ရွေးချယ်ကြရတာပါ။ ကိုယ့် ရွေးချယ်မှုအတွက် ရလာတဲ့နေရာကို တည်မြဲဖို့၊ တိုးတက်ဖို့အတွက် ပထမဆုံး ကိုယ့်ဝမ်းစာဖြည့်ဖို့လိုပါတယ်။ မိမိရဲ့လိုအင်နဲ့ လိုအပ်ချက်ကိုမှီပြီး ဘဝတွေက ပြောင်းလဲသွားပါတယ်။ ပြောင်းလဲမှုတွေအားလုံးရဲ့ အခြေခံအကျဆုံးက Human Resource Mechanism ဖြစ်လာပါတယ်။ ကျွန်တော်က HR လို့ပြောရင် ပညာရေးကဏ္ဍပါလာမှာပါ။ ဒီနေရာမှာတော့ အရွယ်ရောက်ပြီး၊ ပညာအသင့်အတင့်တတ်မြောက်ပြီးသူများ ဘယ်လို HRD လုပ်မလဲ၊ အသင်းအဖွဲ့တွေ တိုးတက်အောင် HRD နဲ့ ဘယ်လိုလုပ်ကြမလဲဆိုတာက အရေးကြီးလာပါတယ်။ အသင်းအဖွဲ့များမှာ ဖြစ်ဖြစ်၊ လေ့လာသင့်တဲ့ Administration and Human Resources Development ကို တင်ပြချင်ပါတယ်။ အဲဒီအချက်တွေက- Personal Development, (ကိုယ်တိုင် တိုးတက်ရေး)၊ Meeting and Teamwork, (အစည်းအဝေးများနှင့် စုပေါင်းဆောင်ရွက်မှု)၊ Role of Management, (အုပ်ချုပ်မှုပညာ၏ အခန်းကဏ္ဍ)၊ Office Administration, (ရုံးပိုင်းဆိုင်ရာ စီမံခန့်ခွဲမှု)၊ HR Management, (လူသားအရင်းအမြစ် စီမံကွပ်ကဲမှု)၊ Case Study (SWOT),( Situational Analysis, အခြေအနေကို လေ့လာသုံးသပ်ခြင်း)၊ Change and Development (ပြောင်းလဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု) တို့ဖြစ်ပါတယ်။

ပထမဆုံးပြောရရင် Personal Development ဖြစ်ဖို့ စတင်သင့်ပါတယ်။ ကဲ ကိုယ့်ကိုယ်ရည်ကိုယ်သွေးကို ဘယ်လို တိုးတက်အောင်လုပ်မလဲ။ သင်တန်းတစ်ခုတက်ဖြစ်နေပြီဆိုရင် အဲဒီလိုတက်နေတာကိုက ကိုယ့်အစွမ်းအစကိုတိုးအောင် လုပ်နေတာပါ။ လေ့ကျင့်နေတာပါ။ ဝမ်းစာဖြည့်နေတာပါလို့ ပြောချင်ပါတယ်။ ကျန်းမာအောင်နေတာ၊ စားတာ၊ ဝတ်တာဆင်တာ၊ သွားလာလှုပ်ရှားတာ၊ ဒါတွေလည်း ကိုယ့်အစွမ်းအစ တိုးတက်စေရေးမှာ ပါပါတယ်။ နောက်တစ်ချက်ကတော့ လေ့လာတာ၊ မှတ်သားတာ၊ ဒါတွေကတော့ ကိုယ့်အရည်အသွေးကောင်းအောင် လုပ်တဲ့နေရာမှာ အဓိကသိပ်ကျလာပါပြီ။ သင်တန်းတစ်ခုမှာ တက်တဲ့ သင်တန်းသား သင်တန်းသူအားလုံးက တကယ်တော့ ကိုယ်ရည်ကိုယ်သွေး ရှိပြီးသားပါ။

ကျောင်းစာ တစ်ခုထဲနဲ့ ကိုယ့်အရည်အသွေးကောင်းမှာ မဟုတ်ပါဘူး။ အဘက်ဘက်က ဖြည့်နိုင်သမျှ ကိုယ်လုပ်နိုင်သမျှ လုပ်ဖို့လိုပါတယ်။ နောက်ဆုံးကုန်ကုန်ပြောရင် အဝတ်အစား ဝတ်တာကအစ ဂရုစိုက်ရပါမယ်။ ကဲ အင်တာဗျူးတစ်ခုလုပ်ကြည့်မယ်၊ အဝတ်အစားမသပ်မရပ် ဝတ်လာတာနဲ့ သပ်သပ်ရပ်ရပ် ဝတ်လာတဲ့သူ ဘယ်သူသာမလဲ။ ပြောစရာတောင်မလိုပါဘူး၊ နောက် ကျွန်တော်တို့ရဲ့ တစ်ဦးချင်းစွမ်းရည်မှာ အနစ်နာခံနိုင်မှု၊ သည်းညည်းခံနိုင်မှုတို့ကလည်း တစ်ဦးချင်း စွမ်းဆောင်ရည်တွေမှာ အရေးကြီးပါတယ်။

ဒါနဲ့ဆက်စပ်လို့ ပုံပြင်တစ်ခုရှိတယ်။ လှပချောမောလွန်းတဲ့ မင်းသမီးလေးတစ်ပါးကို အရှေ့အရပ်က မင်းသားလေးတစ်ပါးနဲ့ အနောက်အရပ်က မင်းသားလေးတစ်ပါးတို့က အပြိုင်ကြိုက်ကြ၊ ချစ်ကြ အဲ အပြိုင်ပိုးကြပါတယ်။ မင်းသားလေးနှစ်ယောက်လုံးက အဋ္ဌာရသ ၁၈ ရပ်လို့ခေါ်တဲ့ ပညာတွေကို ဆရာတစ်ဦးတည်းဆီက အတူတူသင်လာကြတာပါ။

**ဆက်လက်ဖော်ပြပါမည်။**

## ထိုင်းနိုင်ငံတွင် နေ့စဉ် ကုန်ကျစရိတ်များ လျှော့ချပေးရန် ရည်ရွယ်၍ အသေးစား လက်လီအရောင်းဆိုင်များကို တိုးချဲ့ဖွင့်လှစ်မည်

ထိုင်းနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူ ပြုစေရန်နှင့် နေ့စဉ်ကုန်ကျစရိတ်များကို လျှော့ချပေးရန် ရည်ရွယ်၍ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် National Village and Urban Community Fund Office ကကြီးမှူး၍ ယခုနှစ်အတွင်း အသေးစား လက်လီအရောင်းဆိုင် (Pracha Rat shop) ၂၀၀ ကို ဖွင့်လှစ်ရန် စီစဉ်ထားပြီး နောင်သုံးနှစ်အတွင်း အရောင်းဆိုင်ပေါင်း ၁၀၀၀၀ အထိ တိုးချဲ့ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း သိရပါသည်။

နေ့စဉ်ကုန်ကျစရိတ်များကို လျှော့ချပေးရန်ရည်ရွယ်၍ ဖွင့်လှစ်သည့် အသေးစား လက်လီအရောင်းဆိုင်များအား ထိုင်းနိုင်ငံတစ်ဝန်းတွင် ဖွင့်လှစ်ရာ၌ လိုအပ်သော လေ့ကျင့်ရေးသင်တန်းများကို စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာန (Business Development Department ) က တာဝန်ယူ ဖွင့်လှစ်ပေးမည်ဖြစ်ပါသည်။

အသေးစား လက်လီအရောင်းဆိုင်များတွင် ရောင်းချပေးမည့် ကုန်ပစ္စည်းများသည် အမှတ်တံဆိပ်မပါရှိဘဲ ပုံမှန်ရောင်းဈေးထက် ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ သက်သာမည်ဖြစ်ပါသည်။ ယင်းကုန်စည်များကို ပြည်တွင်းကုမ္ပဏီများဖြစ်သော Sahapattanapibul Plc ၊ Unilever Thai Trading Ltd၊ Colgate-Palmolive Thailand၊ Proctor Gamble Trading Thailand နှင့် Berli Jucker Plc စသည့် ကုမ္ပဏီ ငါးခုက ကုန်အမျိုး အစား ၄၈ မျိုးကို ထုတ်လုပ်ရန်လျာထားပါသည်။

သို့သော် ပထမဆင့်အနေဖြင့် ကုန်အမျိုးအစား ၁၈ မျိုးကို အသေးစား လက်လီအရောင်းဆိုင် ၅၅၀၀ တွင် ရောင်းချပေးမည်ဖြစ်ပြီး နောက်ခြောက်လအတွင်း အရောင်းဆိုင်ပေါင်း ၂၀၀၀၀ သို့ တိုးချဲ့ရောင်းချပေးမည်ဖြစ်ပါသည်။ ယခုကဲ့သို့ အရောင်းဆိုင်များ ဖွင့်လှစ် ရောင်းချပေးခြင်းဖြင့် တစ်နှစ်လျှင် လူနေမှုစရိတ် စုစုပေါင်း ဘတ် ၁ ဒသမ ၂ ဘီလီယံကို လျှော့ချပေးမည်ဖြစ်ပါသည်။ ဈေးနှုန်းချိုသာသော သီးခြားထုတ်ကုန်ပစ္စည်းများကို 7-Eleven ကဲ့သို့ ခေတ်မီလက်လီ အရောင်းဆိုင်များတွင် ရောင်းချပေးမည် မဟုတ်ကြောင်း တွေ့ရှိရပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ပန်းတနော်မြို့တွင် ပို့ကုန်ဈေးကွက်ဝင် ကိုရီးယားငရုတ်သီးများ စိုက်ပျိုးလျက်ရှိ

| မင်းမင်းဦး (ပုသိမ်) |



ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ဇရပ်လှကြီးကျေးရွာအုပ်စု၊ ငါးကြင်းချောင်း ကျေးရွာရှိ တောင်သူဦးချစ်သဲ၏စိုက်ပျိုး မြေတွင် လွန်ခဲ့သည့် သုံးလေးနှစ်ခန့်မှစတင်၍ ပို့ကုန်ဈေးကွက်ဝင် ကိုရီးယားငရုတ်သီးများကို New Golden Gate(1991) Co,.Ltd. နှင့် Cheil Jedand Corporation (Korea) တို့ ပူးပေါင်း၍ စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းခဲ့သဖြင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ အောင်မြင်လျက်ရှိသဖြင့် ၂၀၁၇ ခုနှစ် ငရုတ်စိုက်ရာသီတွင် ပန်းတနော်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၅ ရွာခန့်မှ တောင်သူ ၉၆ ဦးတို့ပိုင်ဆိုင်သည့် စိုက်ဧက ၁၁၃ ဧကကို New Golden Gate ကုမ္ပဏီလီမိတက်နှင့် တောင်သူများ ပူးပေါင်း၍ အကျိုးတူလယ်ယာစနစ်ဖြင့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကိုရီးယားငရုတ်စိုက်ပျိုးသည့် တောင်သူများအား New Golden Gate ကုမ္ပဏီမှ မျိုးစေ့၊ သွင်းအားစု၊ စိုက်ပျိုးစရိတ်စသည်များအား ရင်းနှီးမြှုပ်နှံရန်အတွက် အတိုးမဲ့ချေးငွေအဖြစ် ထုတ်ချေးခဲ့သည့်အပြင် နည်းပညာများကိုလည်း ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

ကိုရီးယား ငရုတ်သီးကို မိုးရာသီကုန်ဆုံးချိန် ပွင့်လင်းရာသီဖြစ်သည့် အောက်တိုဘာလမှ နိုဝင်ဘာလအတွင်း စတင်စိုက်ပျိုးရပြီး ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် ဆွတ်ခူးရကြောင်း၊ အပင်သက်တမ်းမှာ နှစ်လခန့်သာရှိကြောင်း၊ စိုက်ပျိုးပြီး ၄၅ ရက်မှ ရက်ပေါင်း ၅၀ အတွင်း ဆွတ်ခူးရမည် ဖြစ်ပြီး အသီးများကို မဆွတ်ခူးမီ ငါးရက်ခန့် အလိုတွင် ပိုးသတ်ဆေးဖျန်းခြင်းကို မပြုလုပ်ရဘဲ အသီးများကို ဆွတ်ခူးချိန်တွင် ငရုတ်သီး၏ အရောင်သည် ၈၀ ရာခိုင်နှုန်း အနီရောင်ဖြစ်နေဖို့လိုအပ်ပါကြောင်း၊ အသီးများကို အခြောက်မခံမီရေဆေးရမည်ဖြစ်ကြောင်း၊ ရေဆေးရာတွင်လည်း ရေတွင်နှစ်၍ ဆေးခြင်းထက် ရေဖြန်း၍ ဆေးခြင်းက ပိုမိုကောင်းမွန်ပါကြောင်း၊ ယင်းကဲ့သို့ ရေဆေးရခြင်းမှာ ပိုးသတ်ဆေး ဓာတ်ကြွင်းနှင့် အခြားပိုးမွှားများ၏ အန္တရာယ်ကင်းရှင်းစေရန်ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ထို့ပြင် ရေဆေးပြီး ငရုတ်သီးများကို နေဖြင့် အခြောက်လှမ်းရာတွင် မြေကြီးမှ အစိုဓာတ်နှင့် ထိတွေ့သည့်အန္တရာယ်မှ ကင်းဝေးစေရန် အခြောက်လှန်းစင်၏အမြင့်ကို မြေကြီးနှင့် ၄၀ စင်တီမီတာမှ ၅၀ စင်တီမီတာအထိ ထားရှိရမည်ဖြစ်ပြီး အထက်အောက်လှန်ပေးရန် လိုအပ်ပါကြောင်း၊ ကိုရီးယားငရုတ်သီးအား စိုက်ပျိုးရာတွင် ဒေသထွက် ငရုတ်သီးစိုက်ပျိုးခြင်းထက် ကုန်ကျစရိတ်ပိုမိုများပြားသော်လည်း ကုမ္ပဏီက ပြန်လည်ဝယ်ယူသည့်ဈေးနှုန်းမှာ ဈေးနှုန်း တည်ငြိမ်မှုရှိသဖြင့် တောင်သူများတွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် အထွက်နှုန်း ပိုမိုကောင်းမွန်လာစေရေးအတွက် နည်းပညာပံ့ပိုးမှုများ တိုးမြှင့်ပေးရန် လိုအပ်ပါကြောင်း၊ ကိုရီးယား ငရုတ်သီးမျိုးသည် ပြည်ပဈေးကွက် အလားအလာကောင်းသော သီးနှံဖြစ်၍ တောင်သူများအနေဖြင့် စိုက်ပျိုးရေး နည်းပညာများကိုရယူ၍ ဈေးကွက်နှင့် အကျိုးအမြတ်ကို တွက်ချက်ပြီး အောင်မြင်အောင်စိုက်ပျိုးထုတ်လုပ်ကြရမှာဖြစ်ကြောင်း ပန်းတနော်မြို့နယ်၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးမင်းဇော်လတ်က ပြောကြားခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးဇော်မင်း၊ ဌာနခွဲမှူး ဦးအောင်လွင်၊ ပန်းတနော် မြို့နယ်ဦးစီးမှူး ဦးမင်းဇော်လတ်တို့သည် Cheil Jeadand (CJ) Co.,Ltd. မှတာဝန်ရှိသူများနှင့်အတူ ၂၀၁၇ ခုနှစ်၊ ဧပြီလ တတိယပတ်တွင် ပန်းတနော်မြို့နယ်၊ ဇရပ်လှကြီးကျေးရွာ၊ ငါးကြင်း ချောင်းကျေးရွာရှိ တောင်သူ ဦးချစ်သဲ၏ နေအိမ်တွင် ကိုရီးယား ငရုတ်စိုက်ပျိုးသည့် တောင်သူ ၂၃ ဦးနှင့်တွေ့ဆုံ၍ ကိုရီးယားငရုတ်စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်ရာတွင် ခရိုင်ဦးစီးမှူးက ကိုရီးယားငရုတ်စိုက်ပျိုးရေး လုပ်ငန်းမှာစိုက်ပျိုးသည့် တောင်သူ၊ ဝယ်ယူမည့်ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်နေခြင်းကြောင့် ဈေးကွက် တွင်ကျယ်မှုရှိပြီး ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကျယ်ပြန့် လာအောင်ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးကဏ္ဍမှာ ယခုကဲ့သို့ကုမ္ပဏီနှင့် တောင်သူများ တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းစဉ်၏ အားနည်းချက်၊ အားသာချက်၊ ပြုပြင်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ကွင်းဆင်းဆောင်ရွက်ရခြင်းဖြစ်ပြီး လက်ရှိကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်နေသည့် တောင်သူအရေအတွက်၊ စိုက်ဧက၊ ကုမ္ပဏီမှ ဝယ်လိုအား အခြေအနေများကိုလေ့လာ၍ပန်းတနော်မြို့နယ်အတွင်းတွင် နောက်ထပ်စိုက်ဧက တိုးချဲ့ရန် ကုမ္ပဏီမှ လိုအပ်သည့် ကုန်ချောရရှိရေးအတွက် တောင်သူများကို စည်းရုံး၍ ကိုရီးယားငရုတ်သီး စိုက်ပျိုးရေးတွင် ပါဝင်လာရန် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ မိမိတို့ စားသုံးသူရေးရာ ဦးစီးဌာနသည် ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကိုလည်း အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိရာ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဖို့ကုန်ကဏ္ဍတွင်နိုင်ငံတော်အခွန်အကောက် ရရှိရေးအတွက် ဒေသခံ များအနေဖြင့် ဝင်ငွေနှင့် အလုပ်အကိုင်ရရှိရေးအတွက် ကူးသန်းရောင်းဝယ်သူများအနေဖြင့်လည်း အကျိုးအမြတ်ရရှိရေး သာမက ပြည်ပပို့ကုန်များကို ခိုင်မာသည့် ဈေးကွက် ကျယ်ကျယ်ပြန့်ပြန့် ရရှိရေးကို ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးမြေနှင့် ပတ်သက်၍ အထွက်နှုန်း ကောင်းစေရန် စမ်းသပ် စစ်ဆေးပေးခြင်း၊ ပိုးမွှားအန္တရာယ် ကာကွယ်ရေး ကိစ္စရပ်များကို ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနနှင့် ချိတ် ဆက်ပေးသွားမှာဖြစ်ပြီး တောင်သူတစ်ဦးတစ်ယောက်ချင်း ဆောင်ရွက်နေမည့်အစား သက်ဆိုင်ရာဌာနများ၊ ကုမ္ပဏီများနှင့်လည်းကောင်း၊ ချိတ်ဆက်ဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်မှုရှိစေရန် ကျေးရွာခွဲများအလိုက် ငရုတ်စိုက်တောင်သူ အစုအဖွဲ့များ ဖွဲ့စည်းပြီး၊ နောင်တွင်ပန်းတနော်မြို့နယ် ကိုရီးယားငရုတ် စိုက်ပျိုးထုတ်လုပ် ရောင်းချသူများအသင်း ဖွဲ့စည်းဆောင်ရွက်ပါက တောင်သူများအတွက် အခွင့်အရေးများ ပိုမိုရရှိနိုင်မှာဖြစ်ကြောင်း၊ အခက်အခဲများရှိပါက စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးနှင့် ပေါင်းစပ်၍ မိမိတို့ခရိုင်မှလည်း တတ်နိုင်သည့်ဘက်မှ ကူညီပံ့ပိုး ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ ငရုတ် စိုက်ပျိုးသည့် တောင်သူ၊ ကုမ္ပဏီတို့အတွက် နောင်တွင် ဖွံ့ဖြိုးတိုးတက်လာမည့် ကိုရီးယား ငရုတ်သီးဈေးကွက်နှင့် ပတ်သက်၍ ဈေးကွက်ရရှိပြီးသော ငရုတ်သီးစိုက်ပျိုး ထုတ်လုပ်မှု တိုးတက်လာပါက စိုက်ပျိုးတောင်သူများအနေဖြင့် အကျိုးစီးပွား ဖြစ်ထွန်းလာနိုင်သလို ဒေသနေ ပြည်သူများလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး ပြည်ပပို့ကုန်တစ်ခုအနေဖြင့် အထောက်အကူဖြစ်လာနိုင်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မင်းက ရှင်းလင်းပြောကြားခဲ့ပါသည်။

Cheil Jeadand ကုမ္ပဏီမှ ဦးထက်ဇင်က မိမိ တို့ကုမ္ပဏီအနေဖြင့် ကုန်ရရှိရေးအတွက် အရေးကြီးပြီး နှစ်ဦးနှစ်ဖက် သတ်မှတ်ထားသောဈေးအရ ထွက်ကုန်အားလုံး ရောင်းချရန် လိုအပ်ကြောင်း၊ ထွက်ရှိကုန်ကိုအမှန်သိရမှ ရင်းနှီးမြှုပ်နှံမှုကို တိုးချဲ့လုပ်ကိုင်နိုင်မှာဖြစ်ပြီး တောင်သူများအနေဖြင့် သတ်မှတ်ဈေးနှုန်းနှင့် မှန်မှန်ကန်ကန် ရောင်းချမှသာ လုပ်ငန်းဆက်လက်တိုးချဲ့နိုင်မှာ ဖြစ်ကြောင်း၊ ယခုပေးထားသော ဈေးနှုန်းကလည်း အခြားနိုင်ငံများတွင် ဝယ်ယူသည့် ဈေးနှုန်းနှင့် တွက်ချက်ပေးထားခြင်းဖြစ်ပြီး ထွက်ရှိသည့် တန်ချိန်နည်းသည့်အတွက် ကုန်ကျစရိတ်များခြင်းနှင့် ရင်ဆိုင်နေရပြီး ထွက်ကုန်တန်ချိန်များ လာပါက ကုန်ကျစရိတ် သက်သာ၍ တောင်သူများကို ဈေးနှုန်းပို၍ ပေးနိုင်မှာဖြစ်ကြောင်း၊ တောင်သူများအနေနှင့် စိုက်ဧကတိုးချဲ့လာသည်ကို တွေ့ရပြီး စိုက်ဧက ၁၀၀၀ ပြည့်ပါက စက်ရုံတည်ဆောက်ပြီး ကုန်ချောထုတ်လုပ်ကာ နိုင်ငံခြားသို့တင်ပို့မည့် အစီအစဉ်ရှိသည့်အတွက် ဒေသခံပြည်သူများလည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

## IE Code လျှောက်ထားရာတွင် တင်ပြရမည့် စာရွက်စာတမ်း/အထောက်အထားများ

ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင်ခြင်းမှ ကင်းလွတ်ခွင့်ပြုထားသည့် အစိုးရဌာနများ၊ အသင်းအဖွဲ့များနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းတို့အား ပို့ကုန်သွင်းကုန်လိုင်စင်/ပါမစ်များ လျှောက်ထားနိုင်ရန်အတွက် IE Code များကို သတ်မှတ်ထုတ်ပေးလျက်ရှိပါ သည်။

ထိုသို့ထုတ်ပေးနိုင်ရေးအတွက် အစိုးရဌာနများ၊ အသင်းအဖွဲ့များနှင့် လူပုဂ္ဂိုလ် တစ်ဦးချင်းတို့အနေဖြင့် အောက်ဖော်ပြပါ စာရွက်စာတမ်း/အထောက်အထားများ ဖြင့် တင်ပြလျှောက်ထားရန် ဖြစ်ပါသည်-

**(က) အစိုးရဌာနများ (G)**

(၁) ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲမှ ကုန်သွယ်မှုမူဝါဒ ဌာနခွဲသို့ လိပ်မူ၍ Code No သတ်မှတ်ပေးရန် အကြောင်း ကြားစာ (သက်ဆိုင်ရာဌာန၏ တင်ပြစာပူးတွဲလျက်)

(၂) ပစ္စည်းများတင်သွင်း/တင်ပို့မည့် Invoice မှတ်ချက်။ သက်ဆိုင်ရာဌာနမှ တာဝန်ပေးအပ်သော ဝန်ထမ်းတစ်ဦးကိုယ်တိုင် ဝန်ထမ်းကတ် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူဖြင့် လာရောက်လျှောက်ထားရန်၊

**(ခ) အဖွဲ့အစည်းများ (O)**

(၁) ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲမှ ကုန်သွယ်မှုမူဝါဒ ဌာနခွဲသို့ လိပ်မူ၍ Code No သတ်မှတ်ပေးရန် အကြောင်း ကြားစာ (သက်ဆိုင်ရာ အသင်းအဖွဲ့၏ တင်ပြစာပူးတွဲလျက်)

(၂) ပြည်ထဲရေးဝန်ကြီးဌာန၊ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေးဗဟိုဌာန၏ အသင်းအဖွဲ့ ဖွဲ့စည်းခွင့် လက်မှတ်

(၃) ပစ္စည်းများ တင်သွင်း/တင်ပို့မည့် Invoice မှတ်ချက်။ သက်ဆိုင်ရာအသင်းအဖွဲ့မှ တာဝန်ပေးအပ်သော ကိုယ်စားလှယ်တစ်ဦးကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူဖြင့် လာရောက်လျှောက်ထားရန်၊

**(ဂ) လူပုဂ္ဂိုလ်တစ်ဦးချင်း (P)**

(၁) ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲမှ ကုန်သွယ်မှုမူဝါဒ ဌာနခွဲသို့ လိပ်မူ၍ Code No သတ်မှတ်ပေးရန် အကြောင်း ကြားစာ (သက်ဆိုင်ရာ သံဃာတော်/လူပုဂ္ဂိုလ်၏ တင်ပြစာပူးတွဲလျက်)

(၂) သံဃာတော်များအတွက် သာသနာရေးဝန်ကြီးဌာန ထောက်ခံချက်နှင့် သာသနာဝင် စိစစ်ရေးကတ် မိတ္တူ/လူပုဂ္ဂိုလ်များအတွက် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ

(၃) ပစ္စည်းများတင်သွင်း/တင်ပို့မည့် Invoice မှတ်ချက်။ လာရောက်လျှောက်ထားသူသည် ကိုယ်စားလှယ်ဖြစ်ပါက ကိုယ်စားလှယ်လွှဲစာနှင့် နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူဖြင့် လာရောက်လျှောက်ထားရန်၊

**ကုန်သွယ်ရေးဦးစီးဌာန**



## မြို့ကြီးများ၏ ၂၂-၅-၂၀၁၇ မှ ၂၆-၅-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၂-၅-၂၀၁၇) | အင်္ဂါ(၂၃-၅-၂၀၁၇) | ဗုဒ္ဓဟူး(၂၄-၅-၂၀၁၇) | ကြာသပတေး(၂၅-၅-၂၀၁၇) | သောကြာ(၂၆-၅-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | ၆၀% ၃၆°C/၉၇°F | ၇၀% ၃၄°C/၉၄°F | ၆၀% ၃၃°C/၉၃°F | ၆၀% ၃၃°C/၉၂°F | ၅၀% ၃၃°C/၉၂°F |
| ရန်ကုန်မြို့ | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F |
| မန္တလေးမြို့ | နေသာ ၃၇°C/၉၉°F | နေသာ ၃၆°C/၉၆°F | ၄၀% ၃၅°C/၉၅°F | ၃၀% ၃၄°C/၉၄°F | ၄၀% ၃၄°C/၉၄°F |
| မြစ်ကြီးနား | ၃၀% ၃၃°C/၉၃°F | ၃၀% ၃၃°C/၉၃°F | ၅၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F |
| လားရှိုး | နေသာ ၃၃°C/၉၁°F | ၅၀% ၃၂°C/၈၉°F | ၅၀% ၃၀°C/၈၆°F | ၆၀% ၃၀°C/၈၆°F | ၆၀% ၂၉°C/၈၅°F |
| ကျိုင်းတုံ | နေသာ ၃၂°C/၉၀°F | ၆၀% ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F |
| လွိုင်ကော် | ၈၀% ၃၀°C/၈၆°F | ၇၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၄°F | ၆၀% ၂၈°C/၈၃°F | ၅၀% ၂၈°C/၈၃°F |
| တောင်ကြီး | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၆°C/၇၉°F | ၈၀% ၂၆°C/၇၈°F | ၈၀% ၂၅°C/၇၇°F | ၈၀% ၂၅°C/၇၇°F |
| မော်လမြိုင် | ၆၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F |
| ဘားအံ | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F |
| တောင်ငူ | ၈၀% ၃၃°C/၉၄°F | ၈၀% ၃၃°C/၉၃°F | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F |
| မုံရွာ | တိမ်အသင့်အတင့် ၃၈°C/၁၀၂°F | ၃၀% ၃၆°C/၉၇°F | တိမ်အသင့်အတင့် ၃၆°C/၉၆°F | ၆၀% ၃၄°C/၉၄°F | ၄၀% ၃၅°C/၉၅°F |
| ပုသိမ် | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၅၀% ၃၁°C/၈၇°F |
| မြိတ် | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F |
| စစ်တွေ | တိမ်အသင့်အတင့် ၃၃°C/၉၃°F | ၅၀% ၃၃°C/၉၁°F | ၆၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၆၀% ၃၂°C/၈၉°F |
| မကွေး | တိမ်အသင့်အတင့် ၃၈°C/၁၀၀°F | တိမ်အသင့်အတင့် ၃၆°C/၉၇°F | ၅၀% ၃၆°C/၉၆°F | ၄၀% ၃၅°C/၉၅°F | ၃၀% ၃၅°C/၉၅°F |
| ဖလမ်း | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၅°F | ၃၀% ၂၇°C/၈၁°F | ၈၀% ၂၆°C/၇၈°F | ၈၀% ၂၆°C/၇၉°F |




## ထိုင်းနိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်း၍ ရေလွှမ်းမိုးမှုများ ဖြစ်ပွား

ထိုင်းနိုင်ငံမြောက်ပိုင်းရှိ ဒေသများတွင် မေ ၁၈ ရက်က မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ကြောင်း ဗန်ကောက်ပို့စ် သတင်းတွင် ဖော်ပြထားသည်။

နိုင်ငံ၏မြောက်ပိုင်းရှိ ပြည်နယ်အများအပြားတွင် မိုးသည်းထန်စွာရွာ သွန်းမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံမိုးလေဝသဌာနက ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါကြေညာချက်တွင် မိုးဆက်လက်ရွာသွန်းနေဦးမည်ဖြစ်၍ ရေလွှမ်းမိုးမှုများဆက်လက်ဖြစ်ပေါ်နိုင်ကြောင်းဖော်ပြထားသည်။ မိုးရွာသွန်းမှုသည် အနည်းဆုံး သုံးရက်ခန့်ရှိမည်ဖြစ်ကြောင်းလည်း ကြေညာချက်တွင်ဖော်ပြထားသည်။

အူတာနဒီပြည်နယ်တွင် တောင်ကျရေများ ကျဆင်းလာမှုကြောင့် နမ်ဖီရွာမှ အိမ်ထောင်စုပေါင်း ၂၀၀ ကျော်မှာ ထွက်ပြေးခဲ့ကြရကြောင်း၊ ထို့ပြင် အခြားသောရွာများမှ အိမ်ထောင်စုပေါင်း ၂၀၀၀ ကျော်ကိုလည်း တောင်ကျရေများကျဆင်းလာမည့်နေရာမှ လွတ်ကင်းသည့် နေရာများသို့ ရွှေ့ပြောင်းနေထိုင်ကြရန် နှိုးဆော်ထားသည်ဟုဆိုသည်။ တောင်ကျရေများ ကျဆင်းလာမှုကြောင့် Phran Kratai-Kamphaeng Phet လမ်းတစ်လျှောက်တွင် ရေများဖုံးလွှမ်းသွားခဲ့သဖြင့် တခြားလမ်းမှ သွားလာခဲ့ရသည်ဟုဆိုသည်။

ထို့ပြင် ချင်းမိုင်တွင်လည်း မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ဒွန်ဆာခတ်ခရိုင်နှင့် မိုင်ကောင်းခရိုင်တို့တွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့သည်။ ချင်းမိုင်တွင် ရေလွှမ်းမိုးမှုများကြောင့် စာသင်ကျောင်း အများအပြားကို မေ ၁၉ ရက်က ပိတ်ထားခဲ့ရသည်ဟု ဆိုသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် Kamphaeng Phet ရှိ Phran Kratai ဆေးရုံတွင် ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ရာ အဆိုပါဆေးရုံတွင် တက်ရောက်ကုသနေသည့် လူနာပေါင်း ၅၀ ကို ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ ကယ်ဆယ်ရေးသမားများသည် အဆိုပါဆေးရုံမှ လူနာများကို အနီးအနားရှိ ဆေးရုံများသို့ ရွှေ့ပြောင်းပေးခဲ့သည်။

ထိုင်းနိုင်ငံ မိုးလေဝသဌာနကလည်း ထိုင်းနိုင်ငံအနှံ့အပြားတွင် မိုးများ ဆက်လက်ရွာသွန်းနေဦးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

**မယ်သီတာ**

## သြစတြေးလျနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်

သြစတြေးလျနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိနေကြောင်း တယ်လီဂရပ်ဖ် သတင်းတွင် ဖော်ပြထားသည်။

သြစတြေးလျနိုင်ငံမိုးလေဝသဌာန၏ သတင်းထုတ်ပြန်ချက်များအရ ကွင်းစလန်ပြည်နယ်ကမ်းခြေဒေသများနှင့် နယူးဆောက်သ်ဝေးလ်ပြည်နယ် အနောက်ပိုင်းဒေသများတွင် ပိုမိုဆိုးရွားနိုင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

မိုးရေချိန် မီလီမီတာ ၂၀၀ အထိတိုင်အောင် ရွာသွန်းလျက်ရှိသဖြင့် နေရာဒေသ အနှံ့အပြားတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိသည်ဟုဆိုသည်။

သြစတြေးလျနိုင်ငံ၏ မြို့ကြီးများဖြစ်သည့် ကွင်းစလန်၊ ဘရစ္စဘိန်း၊ နယူးဆောက်သ်ဝေးလ်စသည့် ပြည်နယ်များတွင်လည်း မိုးများသည်းထန်စွာရွာသွန်းလျက်ရှိပြီး မိုးရေချိန်များသည် စံချိန်တင်လောက်အောင် ဖြစ်ပေါ်ခဲ့သည်ဟုဆိုသည်။

သြစတြေးလျ မိုးလေဝသဗျူရို၏ သတင်းထုတ်ပြန်ချက်များအရ ကွင်းစလန်နှင့် နယူးဆောက်သ်ဝေးလ်တို့တွင် မိုးရေချိန် ၂၀၀ မီလီမီတာအထိရွာသွန်းနိုင်ကြောင်း တယ်လီဂရပ်ဖ် သတင်းတွင် ဖော်ပြထားသည်။

ရေလွှမ်းမိုးမှုကြောင့် အဆိုးရွားဆုံး ထိခိုက်နိုင်သည့်ဒေသများမှာ တောင်းစ်ဗယ်လီအပါအဝင် မက်ကေးနှင့် ရော့ခ်ဟမ်ပတန်ဒေသတို့ဖြစ်ကြောင်း၊ အထူးသဖြင့် ကွင်းစလန်ပြည်နယ်ရှိ အချို့သောဒေသများတွင် မိုးရေချိန် မီလီမီတာ ၄၀၀အထိရွာသွန်းနိုင်ကြောင်း၊ ထို့ကြောင့် အဆိုးရွားဆုံးရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း စကိုင်းမက် မိုးလေဝသဗျူရိုက ထုတ်ဖော်ပြောကြားခဲ့သည်။

သြစတြေးလျနိုင်ငံတွင် ပြီးခဲ့သည့် မတ်လအတွင်းက ဆိုင်ကလုန်းမုန်တိုင်း ဒက်ဘီတိုက်ခတ်ခဲ့စဉ်က မိုးရေချိန်မီလီမီတာ ၃၀၀မှ ၃၅၀ အတွင်းသာ ရွာသွန်းခဲ့ကြောင်း၊ ယခုမိုးရေချိန်သည်စံချိန်တင်လောက်သည့် မိုးရေချိန်ပင်ဖြစ်ကြောင်း အမျိုးသားမိုးလေဝသစင်တာမှ အကြီးတန်းမိုးလေဝသအရာရှိ စကော့တ်ဝီလျံက ပြောကြားခဲ့သည်။

**မယ်သီတာ**

# မန္တလေးခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၁၇ ) ကျင်းပ



မန္တလေးခရိုင်၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၁၇) ကို မန္တလေးခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးမှာ မေလ ၁၆ ရက်က ကျင်းပခဲ့ပါတယ်။ အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မွန်လတ်နှင့် အဖွဲ့ဝင်များ၊ မန္တလေးခရိုင်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ပါတယ်။

ရှေးဦးစွာ မန္တလေးခရိုင် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာတွင် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးများကို ကျင်းပပြုလုပ်လျက်ရှိပြီး အစည်းအဝေး ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ စားသုံးသူများ စိတ်ကျေနပ်မှုရရှိစေရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိစေရေး၊ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစွာ အသုံးပြုနိုင်ရေး၊ စားသုံးသူ ပြည်သူများအား အသိပညာများ ထိရောက်စွာ သိရှိနိုင်ရန်နှင့် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်း များ ထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ဝင်များအနေနဲ့လည်း မိမိတို့ဌာန/အဖွဲ့အစည်းနှင့် ပတ်သက်သည့် လိုအပ်သည်များကို ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားခဲ့ပါတယ်။

ဆက်လက်၍ မန္တလေးခရိုင် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်မျိုးသီတာက မန္တလေးခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့လုပ်ငန်းညှိနှိုင်း အစည်းအဝေးများဖြစ်သည့် (၁/၂၀၁၆)၊(၁/၂၀၁၇)နှင့် (၂/၂၀၁၇) အစည်းအဝေး ဆုံးဖြတ်ချက်များအား ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အတွင်းစားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဈေးကွက်များအတွင်း ကွင်းဆင်းစစ်ဆေးရာ၌ စားသုံးရန် မသင့်ကုန်ပစ္စည်းများနှင့် သက်တမ်းလွန် စားသောက်ကုန်များ သိမ်းဆည်းမှု အခြေအနေ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ ဆောင်ရွက်မည့် လျာထားချက်များနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်း ပြောကြားခဲ့ပါတယ်။ ရှေ့ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များ အနေနှင့် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး စင်တာ (CICC) ရုံးခန်း ဖွင့်လှစ်သွားမည့် အခြေအနေ၊ အသိပညာပေးလုပ်ငန်းများနှင့် ကွင်းဆင်း စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်များတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည့် အခြေအနေနှင့် မေလအတွင်း စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်း ဆွေးနွေးခဲ့ပါတယ်။

ထို့နောက် တက်ရောက်လာကြသော ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် အဖွဲ့ဝင်များက လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။ **နေခြည်ဦး(စားသုံးသူ)**

# ရေဖြူမြို့နယ်၊ နဘုလယ်ဈေးတွင် တရားမဝင်အေးခဲအသားများ ရောင်းချမှု ရှိ/ မရှိ ကွင်းဆင်းစစ်ဆေး

တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနမှဝန်ထမ်းများသည် ရေဖြူမြို့နယ်ရှိ မိတ်ဖက်ဌာနများဖြစ် ကြသော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေး ဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် ပူးပေါင်း၍ မေ ၁၈ ရက်တွင် ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ နဘုလယ်ကျေးရွာ၊ နဘုလယ် ဈေးတွင် ရောင်းချလျက်ရှိသော ကုန်စုံ ဆိုင်၊ စားသောက်ဆိုင်၊ ဟင်းသီးဟင်းရွက်နှင့် အသားငါးရောင်းချသော ဈေးဆိုင်များတွင် တရားမဝင် အေးခဲအသားများ ရောင်းချနေမှု ရှိ/မရှိကို ကွင်းဆင်း စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ယင်းကဲ့ သို့ စစ်ဆေးရာတွင် တရားမဝင် အေးခဲအသားများ ရောင်းချနေမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပြီး စားသုံး သူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဝယ်သား**

# ကသာခရိုင်တွင်ထုတ်ကုန်လုံခြုံစိတ်ချမှုရှိစေရန် ကွင်းဆင်းစစ်ဆေး

ကသာခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးကျော်အုန်းနှင့်အဖွဲ့သည် သက်ဆိုင်ရာမြို့နယ် တာဝန်ခံများနှင့်အတူ ဖေဖော်ဝါရီလ ၂၇ ရက်က ကသာမြို့ရှိ မုန့်ဖုတ်လုပ်ငန်းသုံးခု၊ ဧပြီ ၄ ရက်တွင် ဗန်းမောက်မြို့ရှိ မုန့်လုပ်ငန်း နှစ်ခု၊ ဧပြီ ၁၁ ရက်တွင် ထီးချိုင့်မြို့ရှိ မုန့်လုပ်ငန်း ငါးခု၊ အင်းတော်မြို့ရှိ မုန့်ဖုတ်လုပ်ငန်း သုံးခုနှင့် မဲဇာကျေးရွာရှိ မုန့်ဖုတ်လုပ်ငန်း သုံးခု၊ မေလ ၈ ရက်မှ ၁၀ ရက်အထိ ကောလင်းမြို့ရှိ မုန့်ဖုတ်လုပ်ငန်းငါးခု၊ ဂျုံခေါက်ဆွဲလုပ်ငန်း ခြောက်ခုနှင့် ရေစိမ်ခေါက်ဆွဲလုပ်ငန်း ၁၂ ခု၊ မေလ ၁၂ ရက်တွင် ပင်လည်ဘူးမြို့ရှိ မုန့်ဖုတ်လုပ်ငန်း နှစ်ခု၊ မေလ ၁၃ ရက်တွင် ဝန်းသိုမြို့ရှိ မုန့်ဖုတ်လုပ်ငန်းနှစ်ခုနှင့် ရေစိမ် ခေါက်ဆွဲလုပ်ငန်း နှစ်ခုတို့ကို လုပ်ငန်းခွင် သန့်ရှင်းမှုရှိစေရေးနှင့် စားသောက်ကုန်များ ထုတ်လုပ်မှု၊ ထုပ်ပိုးမှုများကို စစ်ဆေးခဲ့သည်။ ထို့ပြင် လုပ်ငန်းရှင်များအား ထုပ်ပိုးခွံတွင် ပါရှိရမည့် ကုန်အမှတ်တံဆိပ်၊ ပါဝင်သည့်ပစ္စည်း၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ထုတ်လုပ်သည့် ရက်စွဲ၊ သက်တမ်းကုန်မည့် ရက်စွဲများ ထည့်



သွင်းကြရန်နှင့် စားသုံးသူများ ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် မိမိတို့ထုတ်လုပ်သည့် ပစ္စည်းများကိုလည်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန် လိုအပ်ကြောင်း တွေ့ဆုံဆွေးနွေးခဲ့ပြီး ကောလင်းမြို့မစည်ပင် သာယာဈေး၊ ဝန်းသိုမြို့မစည်ပင်ဈေး၊ ပင်လည်ဘူးမြို့စည်ပင် ဈေးများသို့ သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေး၊ ကျန်းမာရေး၊ မွေးမြူရေးနှင့် ကုသရေး၊ စည်ပင်သာယာ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့်အတူ စစ်ဆေးရာ အရောင်းဆိုင်များသို့ တားမြစ်စားသောက်ကုန်များ ရောင်းချမှုမရှိစေရေးနှင့် ရက်လွန်စားသောက်ကုန်များကို ဝယ်ယူတင်သွင်းစဉ်ကပင် ကြည့်ရှုရောင်းချကြရန်နှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာများ ရှင်းလင်းဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များနှင့် စားသုံးရန်မသင့်၊ အန္တရာယ်ရှိ ခွင့်မပြုအစားအသောက်များ စာရင်းအား ဖြန့်ဝေခဲ့ကြကြောင်း သတင်းရရှိပါသည်။ **လှလှခိုင်(ကသာ)**

# သာပေါင်းမြို့နယ်အတွင်းရှိ ဆရာ/ဆရာမ ၅၁၄ ဦးအား စားသုံးသူအသိပညာပေးဟောပြောပွဲ ကျင်းပ

သာပေါင်းမြို့၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလတ်နှင့် ဝန်ထမ်းများသည် မေ ၁၃ ရက်က သာပေါင်းမြို့နယ်၊ ပညာရေးမှူးရုံး အစည်းအဝေးခန်းမ (၁) တွင် မြို့နယ်ပညာရေးမှူး၊ မြို့နယ်စီမံကိန်းဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်အားကစားအရာရှိတို့နှင့်အတူ မြို့နယ်အတွင်း ရှိ စာသင်ကျောင်းပေါင်း ၂၂၄ ကျောင်း မှ အခြေခံပညာဦးစီးဌာန ပထမတန်းသင်ရိုးသစ်သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာသော ကျောင်းအုပ်ဆရာ/ ဆရာမနှင့် ဆရာ/ဆရာမ စုစုပေါင်း ၅၁၄ ဦးအား စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခဲ့ပါသည်။

ဟောပြောပွဲတွင် မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလတ်က ဆရာ၊ ဆရာမများ အနေဖြင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာဗဟုသုတများ ပြန်လည် ဖြန့်ဝေပေးခြင်းဖြင့် ကျောင်းသား/ကျောင်းသူများအား ငယ်စဉ်ကတည်းက အန္တရာယ်ရှိသော စားသောက်ကုန်များကို ရှောင်ကြဉ်စားသုံးနိုင်မှာဖြစ်ပြီး အနာဂတ်မျိုးဆက်များအတွက် ကောင်းမွန်သော အစားအသောက် အလေ့အကျင့်ကောင်းများ ထွန်းကားလာမှာဖြစ်ကြောင်း၊ ၎င်းအပြင် စားသုံးရန်မသင့်သော စားသောက်ကုန်များ ဘေးဥပဒ်အန္တရာယ်များနှင့် ဆိုးဆေးအန္တရာယ်များ သက်တမ်းလွန်စားသောက်ကုန်များ၊ တားမြစ်ထားသော စားသုံးကုန်၊ လူသုံးကုန်များနှင့်ပတ်သက်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဆွေးနွေးဟောပြောခဲ့ပါသည်။ **ထွန်းထွန်း (ပုသိမ်)**

## ဖရူဆိုမြို့ မြို့မဈေးတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေး

မေလ ၁၇ ရက်တွင် လွိုင်ကော်ခရိုင်၊ ဖရူဆိုမြို့၊ မြို့မဈေးအတွင်း နိုင်ငံတော်မှ တားမြစ်ထားသော စားသောက်ကုန်များ၊ သက်တမ်းလွန် စားသောက်ကုန်များရောင်းချမှု ရှိ/မရှိ နှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် လွိုင်ကော်ခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် သက်ဆိုင်ရာ ဌာနများပါဝင်သော ခရိုင်အငြင်းပွား မှုဖြေရှင်းရေးအဖွဲ့မှတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။

ကွင်းဆင်းစစ်ဆေးရာတွင် ဈေးအတွင်းမုန့်မျိုးစုံဆိုင်တစ်ဆိုင်မှ နိုင်ငံတော်မှ တားမြစ်ထားသော Bull အမှတ်တံဆိပ် အချိုရည် ၁၀ ဗူးပါ ၁၄ ကတ်ကို စစ်ဆေးတွေ့ရှိရ၍ နောင်တွင်စားသုံးသူများအတွက် ဘေးအန္တရာယ်ရှိသော စားသောက်ကုန်များကို ဆက်လက်ရောင်းချခြင်းမပြုရန် ဝန်ခံကတိ လက်မှတ်ရေးထိုးစေခဲ့ပါတယ်။ သားငါးဆိုင်များတွင်လည်း သန့်ရှင်းလတ်ဆတ်သော အသားများသာ ရောင်းချကြရန်နှင့် ထုပ်ပိုးမှုအညွှန်းများနဲ့ပတ်သက်၍လည်း ကုန်အမှတ်တံဆိပ်၊ ထုတ်လုပ်သည့်ရက်စွဲ၊ ကုန်ဆုံးရက်စွဲ၊ ထုတ်လုပ်ရာနေရာဒေသနှင့် သက်ဆိုင်ရာဌာန၏ ထောက်ခံချက်စတဲ့ အချက်များမပါဝင်သော အစားအသောက်များသည် စားသုံးသူများအတွက် အာမခံချက်မရှိ၍ ရောင်းချခြင်းမပြုရန် အသိပညာပေးဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**မြို့ရီ (စားသုံးသူ၊ ကယား)**

# တောင်ကြီးမြို့ ဆရာ/ဆရာမများ ဆရာအတတ်ပညာ အထူးသင်တန်း၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေး

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ အထက(၁၀)တွင် ဖွင့်လှစ်သည့် ဆရာ/ဆရာမများ ဆရာအတတ်ပညာအထူးသင်တန်း၌ ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး၏ စီစဉ်မှုဖြင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းအောင်နှင့် ဝန်ထမ်းများသည် မေလ ၁၇ ရက်က စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြတယ်လို့ သတင်းရရှိပါသည်။



အဆိုပါဟောပြောပွဲတွင် သင်တန်းတာဝန်ခံဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးမင်းအောင်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါအဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ စားသုံးသူ၏အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်အတွက် တာဝန်များနှင့် တားမြစ်ချက်များကို ရှင်းလင်းတင်ပြပြီး ဈေးကွက်တွင်ဖြစ်ပေါ်နေသော အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများကို သုံးစွဲရာတွင် ညံ့ဖျင်းသောဝန်ဆောင်မှုလုပ်ငန်းများကြောင့် နစ်နာဆုံးရှုံးမှုများရှိပါက တိုင်တန်း/ဖြေရှင်းပေးနိုင်သည့်ကော်မတီနှင့်အဖွဲ့အစည်းများကိုလည်းကောင်း၊ ကုန်စည်ကို ဝယ်ယူခြင်းမပြုမီ ကုန်အမှတ်တံဆိပ်ကို အသေအချာ ကြည့်ရှုဝယ်ယူရန်တို့ကိုလည်းကောင်း၊ ဝယ်ယူသည့်နေရာတိုင်းနှင့် ဝန်ဆောင်မှုကို အသုံးပြုသည့်နေရာတိုင်းမှ ဘောက်ချာတောင်းယူသည့် အလေ့အကျင့်တစ်ရပ်ပြုလုပ်ရန်လိုအပ်ကြောင်း၊ ပြည်တွင်းလုပ်ငန်းရှင်များသည် မြန်မာ့ဈေးကွက်မှ ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နေရာယူနိုင်ရေးအတွက် မိမိတို့ထုတ်လုပ်သည့်ကုန်စည်များကိုစံချိန်မီ အရည်အသွေးမြင့် ထုတ်လုပ်မှသာ စားသုံးသူမှလက်ခံမည် ဖြစ်သည့်အကြောင်းများကို ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဦးစီးမှူး ဒေါ်စောယုထွေးက ကင်ဆာကြောက်ရင် ပလပ်စတစ်နှင့် ဖော့ဘူး ရှောင်သင့်ပုံ၊ ခေါက်ဆွဲခြောက်စားသုံးခြင်းများ၊ ဆိုးဆေးအန္တရာယ်၊ ရက်လွန် အစားအသောက်များ၊ ကွမ်းယာစား သုံးခြင်းအန္တရာယ်၊ အကင်စားသုံးခြင်းနှင့် ကင်ဆာရောဂါ၊ စားသုံးဆီများအကြောင်း၊ အလှကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအကြောင်းကို ဥပမာများပေး၍ ပြောကြားခဲ့ပါသည်။

တစ်ဖန် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းမှုများအပေါ် လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းအောင်နှင့်ဝန်ထမ်းများက ပြန်လည်ဖြေကြားပေးခဲ့ပြီး သင်တန်းတက်ရောက်ကြသည့် ဆရာ/ဆရာမ အသီးသီးအား လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ပါသည်။ သင်တန်းတာဝန်ခံဆရာမကြီးမှတစ်ဆင့် ဥပဒေစာအုပ်များ၊ တိုင်ကြားမှု ပုံစံများကိုလည်း ကျောင်းအလိုက်ဖြန့်ဝေပေးရန် ပေးအပ်ခဲ့ကြောင်း သိရပါသည်။

ဟောပြောပွဲသို့နည်းပြနှင့် ဆရာ/ဆရာမ စုစုပေါင်းအင်အား ၉၇၅ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**စောမောင်(တောင်ကြီး)**

## လားရှိုးမြို့ စားသုံးသူရေးရာဦးစီးဌာနမှ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် အချက်အလက်များအားအသိပညာပေးဆွေးနွေးပွဲကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယပြည်နယ် ဦးစီးရုံးမှ ဦးစီးကျင်းပသော စီးပွားရေး လုပ်ငန်းရှင်များ လိုက်နာရမည့် အချက်အလက်များအား အသိပညာပေးဆွေးနွေးပွဲကို မေလ ၁၅ ရက်က လားရှိုးမြို့၊ မြို့တော်ခန်းမတွင် ကျင်းပခဲ့ရာ စီးပွားရေး လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့် ဌာန ဆိုင်ရာများဖြစ်သော ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စည်ပင်သာယာရေးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စားသုံးသူကိုယ်စားလှယ်များ၊ လေ့လာလိုသူများနှင့် သတင်းမီဒီယာများ စုစုပေါင်း ၁၁၉ ဦး တက်ရောက်ခဲ့ပါသည်။

ရှေးဦးစွာ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယပြည်နယ် ဦးစီးမှူး ဦးဇော်မင်းသန်းက အဖွင့်အမှာစကားပြောကြားရာတွင် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ဈေးများ၊ ဆိုင်များ၊ စတိုးဆိုင်များတွင် စားသောက်ကုန် ပစ္စည်းများရောင်းချရာတွင် လိုက်နာရမည့် အချက်များ၊ ပြည်ပနိုင်ငံများမှ ဝယ်ယူရောင်းချရာတွင်ရှိရမည့် ထောက်ခံချက်၊ လိုင်စင်များအကြောင်းကို လည်းကောင်း၊ ပြည်တွင်းမှ ထုတ်လုပ်သော စားသောက်ကုန်ပစ္စည်းများတွင် ရှိရမည့် လိုင်စင်၊ ထောက်ခံချက်များအကြောင်းနှင့် အစားအသောက်၊ မုန့်များပေါ်တွင် ပါရှိရမည့် အချက်များ၊ FDA ထောက်ခံချက် အမှတ် စသည်တို့ ပါရှိရေးတို့ကိုလည်းကောင်း၊ စားသုံးသူများ၏ အခွင့်အရေးများ ထိခိုက်/ချိုးဖောက်ခံရပါက တိုင်ကြားရမည့်နေရာများနှင့် တိုင်ကြားမှုကို အရေးယူဖြေရှင်း ပေးမည့်ပုံစံများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီး ဌာန ဒေါက်တာမျိုးဇော်အောင်က FDA လျှောက်ထားရမည့် အစား အသောက်၊ ကုန်ပစ္စည်းများအကြောင်းနှင့် လျှောက်ထားရမည့် နည်းလမ်းများ၊ အရေးယူဆောင်ရွက်သွားမည့် နည်းလမ်းများကိုလည်းကောင်း၊ စည်ပင်သာယာရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်ဦးက မြို့နယ်အတွင်းတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်မည့်သူများအနေဖြင့် သက်ဆိုင်ရာဌာနများ၏ လိုင်စင်၊ ထောက်ခံချက်များ ပြည့်စုံစွာ တင်ပြရမည်ဖြစ်ကြောင်း၊ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့်လည်း သတ်မှတ်ထားသော စည်းကမ်း၊ ဥပဒေများနှင့်အညီ လိုက်နာ ဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် လိုက်နာဆောင်ရွက်မှုမရှိသော စီးပွားရေးလုပ်ငန်းရှင်များအား လိုက်လံစစ်ဆေး၍ ထိုက်သင့်သောအရေးယူ ဆောင်ရွက်မှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်းကိုလည်းကောင်း၊ အကောက်ခွန်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းနိုင်က အကောက်ခွန်ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဒေါက်တာဇော်လွန်းအောင်က တရားမဝင် ဝင်ရောက်လျက်ရှိသော အေးခဲအသားများနှင့်ပတ်သက်ပြီး အရေးယူ ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများမှ သိလိုသည်များကို မေးမြန်း၍ အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**အောင်ကျော်မြင့်(လားရှိုး)**

## ပဲခူးမြို့နယ်၊ မြို့နယ်အခြေပြု မူလတန်းဆရာ အတတ်ပညာသင်တန်း၌ ဟောပြောပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ရှိစားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး၊ ဒုတိယ တိုင်းဒေသကြီး ဦးစီးမှူး၊ စားသုံးသူရေးရာဌာနခွဲ တာဝန်ခံနှင့် ဝန်ထမ်းများသည် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ဖွင့်လှစ်လျက်ရှိသော မြို့နယ်အခြေပြု မူလတန်းဆရာ အတတ်ပညာသင်တန်းတွင် စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲကို ၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်က ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ဇော်ဦးက စားသုံးသူ အကာအကွယ်ပေးရေး စတင်ဖြစ်ပေါ်လာပုံ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေဆိုင်ရာသိကောင်းစရာများ၊ စားသုံးသူများ၏ အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ ဝန်ဆောင်မှုများနှင့် ကုန်စည်များအား ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးဆိုင်ရာ အကြောင်းအရာများ၊ အစားအသောက်များတွင် သုံးစွဲခွင့်မပြုသည့် ဆိုးဆေးများနှင့်ပတ်သက်၍ သိကောင်းစရာများ၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော စားသုံးသူအကာအကွယ်ပေးရေး အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူပြည်သူများကလည်း ပူးပေါင်းပါဝင်မှသာ စားသုံးသူများ၏ အစားအသောက်/ အသုံးအဆောင်များ၌ ဘေးအန္တရာယ်ကင်းရှင်းစွာ သုံးစွဲနေထိုင်နိုင်မည်ဖြစ်ကြောင်းနှင့် စားသုံးသူများမှ မိမိတို့၏ စားသုံးမှု/သုံးစွဲမှုများ၌ နစ်နာဆုံးရှုံးမှုများရှိလာပါက စာဖြင့်ဖြစ်စေ/နှုတ်ဖြင့်ဖြစ်စေ တိုင်ကြားနိုင်ကြောင်း၊ တိုင်ကြားလာမှုများကိုလည်း စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ တာဝန်ရှိသူများက စေ့စပ်ညှိနှိုင်း ပြန်လည်ဖြေရှင်းပေးမည်ဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဝန်ထမ်းများက စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုနှင့်ပတ်သက်၍ ဖြေရှင်းမှုများကို သရုပ်ပြရှင်းလင်း တင်ပြခဲ့ပါသည်။

အသိပညာပေး ဟောပြောဆွေးနွေးပွဲသို့ ပဲခူးမြို့နယ်ပညာရေးမှူး၊ အမှတ်(၅)အခြေခံပညာ အထက်တန်း ကျောင်းမှ ကျောင်းဆရာ/ဆရာမများနှင့် မြို့နယ်အခြေပြုမူလတန်းဆရာအတတ်ပညာသင်တန်းသား/ သင်တန်းသူများ၊ စုစုပေါင်းအင်အား ၃၈၁ ဦး တက်ရောက်ခဲ့၍ တက်ရောက်လာသူများအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ကျော်ဆန်းဝင်း(ပဲခူး)**

## ရန်ကုန်မြို့ပတ်ရထားပေါ်တွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုးတင့်နှင့် ဝန်ထမ်းများသည် မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ မေလ ၁၇ ရက်က ရန်ကုန်မြို့ရှိမြို့ပတ်ရထားစီးခရီးသည်များအား စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ခရိုင်ဦးစီးမှူး ဦးစိုးတင့်နှင့် ဝန်ထမ်းများသည် မေလ ၁၇ ရက် နံနက် ၁၀ နာရီ ၄၅မိနစ်တွင် ရန်ကုန်ဘူတာကြီးမှစတင်ထွက်ခွာလာသည့် မြို့ပတ်ရထားပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသည်များအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဗဟုသုတများကို ပြောကြားခဲ့ကြပြီး စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လက်ကမ်းစာစောင်များအား ဝေငှပေးခဲ့ကြသည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် မြို့ပတ်ရထား အသွားအပြန်ခရီးစဉ် တစ်လျှောက် တွဲဆိုင်းငါးဆိုင်းစလုံးတွင် လိုက်ပါစီးနင်းခဲ့ကြသည့် ခရီးသည်များအား ဆွေးနွေးဟောပြောခဲ့ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**မိုးမိုးကြည်**

## Min Residence အိမ်ရာစီမံကိန်းကို စက်တင်ဘာလအတွင်း စတင်အကောင်အထည်ဖော် တည်ဆောက်တော့မည်



ရန်ကုန်မြို့၏ စီးပွားရေးအချက်အချာ ဒေသတစ်ခုအဖြစ် ပုံဖော်နေသည့် မရမ်းကုန်းမြို့နယ်တွင် မုတ္တမဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီနှင့် စင်ကာပူနိုင်ငံအခြေစိုက် Oxley Holding ကုမ္ပဏီတို့ပူးပေါင်း၍ Min Residence စီမံကိန်းကို လာမည့် စက်တင်ဘာလအတွင်း စတင်အကောင်အထည်ဖော်တော့မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်ဒေါ်လာ သန်း ၂၅၀ ကျော်တန်ဖိုးရှိသည့် Min Residence ကို စင်ကာပူ၊ တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် အဆောက်အဦဒီဇိုင်းများကို ရေးဆွဲပေးနေသည့် a+p Group က တာဝန်ယူရေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါအိမ်ရာစီမံကိန်းသည် အထပ် ၂၀ ရှိသည့် အိမ်ရာတစ်ခုဖြစ်ပြီး လူနေမှုအဆင့်အတန်းမြင့်ကာ အခွင့်အရေးပေါင်း ၆၀ ကျော်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ယင်းအိမ်ရာစီမံကိန်းတွင် လူနေအိမ်ခန်းနှင့် ရုံးခန်းပေါင်း ၆၁၄ ခန်းပါဝင်မည်ဖြစ်ပြီး နေ့ကလေးထိန်းဂေဟာများ၊ အပန်းဖြေစရာနေရာများ၊ ကစားကွင်းများ၊ ရေကူးကန်များ၊ ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်မည့်နေရာများ စသည်တို့ကို ထည့်သွင်းတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ ဆောက်လုပ်ရေးကုမ္ပဏီနှစ်ခု အကျိုးတူရင်းနှီးမြှုပ်နှံပြီး မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ်အနေနဲ့ အဆင့်မြင့်တိုက်ခန်းတွေ၊ ရုံးခန်းတွေ၊ အားကစားခန်းမ၊ ရေကူးကန်၊ ကလေးကစားကွင်းတွေစတဲ့ ကျန်းမာရေးနဲ့ လူနေမှုစနစ်ဆိုင်ရာ အပန်းဖြေနေရာ ၆၀ ခန့်ပါဝင်မယ့်ကမ္ဘာ့အဆင့်မီ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မယ့် မင်းအဆင့်မြင့်စုပေါင်းအိမ်ရာကို လာမယ့်စက်တင်ဘာလမှာ စတင်ဆောက်လုပ်သွားမှာဖြစ်ပြီး သုံးနှစ်အတွင်း အပြီးဆောက်လုပ်သွားမှာ ဖြစ်ပါတယ်”ဟု Oxley Holdings ကုမ္ပဏီ၏ အမှုဆောင်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Ching Chiat Kwong က ပြောကြားခဲ့သည်။

Min Residence မှ အိမ်ခန်းများကို ဝယ်ယူရာတွင် အိမ်ဈေးနှုန်း၏ ငါးရာခိုင်နှုန်းကို ပေးချေရမည်ဖြစ်ပြီး နှစ်လအကြာတွင် ၁၅ ရာခိုင်နှုန်း၊ လေးလအကြာတွင် ၁၀ရာခိုင်နှုန်း၊ စုစုပေါင်း ၇၀ ရာခိုင်နှုန်းပေးချေပြီးနောက် ကျန် ၃၀ ရာခိုင်နှုန်းကို အိမ်လက်ခံရရှိပြီးမှသာ ပေးချေရမည်ဖြစ်သည်။

အဆိုပါအိမ်ရာများ၏ တန်ဖိုးများကိုမူ မေလကုန်ပိုင်းမှသာ ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။

မယ်သီတာ



## UN Global Compact Network Myanmar ၌ မြန်မာကုမ္ပဏီပေါင်း ၁၀၀၀ ကျော်ပါဝင်လာစေရန် ကြိုးပမ်းမည်

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) သည် UN Global Compact Network Myanmarနှင့် ပူးပေါင်း၍ မြန်မာကုမ္ပဏီများအား ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ (Business for Peace) တွင် ပါဝင်လာစေရန်အတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

“နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုအတွက် ငြိမ်းချမ်းရေးက အဓိကကျသလို စီးပွားရေးပတ်ဝန်းကျင်ကောင်းတစ်ခုဟာလည်း ရေရှည်တည်တံ့ခိုင်မြဲပြီး စစ်မှန်တဲ့ငြိမ်းချမ်းရေးအတွက် အဓိကကျတယ်”ဟု ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများ၏ ရေရှည်တည်တံ့သည့်လူမှုစီးပွားဘဝ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးကို ဝိုင်းဝန်းဖော်ဆောင်ကြရန် ကုန်သည်စက်မှုအသင်းချုပ်နှင့် UN Global Compact Network Myanmar တို့သည် ဧပြီ ၄ ရက်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးနှင့် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းတို့၏ ရှေ့မှောက်တွင်ပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာ (Statement of Support) လက်မှတ်ရေးထိုးခဲ့ကြသည်။

ပဋိပက္ခဟုဆိုလျှင် လက်နက်ကိုင် တိုက်ခိုက်နေသည်များကိုသာ မြင်နေကြကြောင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် ဖြစ်ပေါ်လေ့ရှိသည့်ပဋိပက္ခများအား ငြိမ်းချမ်းအောင်လုပ်ဆောင်မှသာ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိမည်ဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်၏ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က ပြောကြားခဲ့သည်။

“ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများရဲ့အခန်းကဏ္ဍဟာ ပဋိပက္ခနဲ့နီးစပ်နေတဲ့ဒေသတွေ၊ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ဒေသတွေမှာ ပိုလို့တောင် အရေးပါပါတယ်။ စီးပွားရေးလုပ်ငန်းတွေဟာ ဒေသတွင်းမှ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနေတယ်ဆိုရင် လုပ်သားတွေအတွက် သက်မွေးကျွမ်းကျင်သင်တန်းတွေ ပေးနေတယ်ဆိုရင် ဒါဟာ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုကတစ်ဆင့် ငြိမ်းချမ်းမှုကို ဖန်တီးနေတာဖြစ်ပါတယ်”ဟု ကုန်သည်စက်မှုအသင်းချုပ်၏ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က ပြောကြားခဲ့သည်။

UNGI Myanmar ၏ အဖွဲ့ဝင်ဖြစ်လိုပါက လူ့အခွင့်အရေး (Human Right)၊ အလုပ်သမားအခွင့်အရေး (Labour Right)၊ သဘာဝပတ်ဝန်းကျင်(Environment)၊ အဂတိလိုက်စားမှုပပျောက်ရေး (Anti-Corruption) ဟူသည့် အချက်လေးချက်ကို အခြေခံထားသည့် စည်းမျဉ်းစည်းကမ်း ၁၀ ချက်ကို လိုက်နာရမည်ဖြစ်ကြောင်း သိရသည်။

မယ်သီတာ

## Food and Hotel Myanmar 2017 ပြပွဲ ပြသမည်




စတုတ္ထအကြိမ်မြောက် Food and Hotel Myanmar 2017 ပြပွဲကို ရန်ကုန်မြို့၊ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် ဇွန် ၇ ရက်မှ ၉ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ကိုရီးယား၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)၊ ထိုင်း၊ တူရကီနှင့်အမေရိကန်နိုင်ငံတို့မှ နိုင်ငံတကာ ပြခန်းကြီး ခြောက်ခန်းအပါအဝင် နိုင်ငံပေါင်း ၂၃ နိုင်ငံမှ ပါဝင်ပြသသူပေါင်း ၂၀၀ကျော်တို့က ထုတ်ကုန်နှင့်ဝန်ဆောင်မှု အမျိုးအစားပေါင်း ၁၂၀၀ ကျော်တို့ ပါဝင်ပြသကြမည်ဖြစ်သည်။

စတုတ္ထအကြိမ်မြောက် Food and Hotel Myanmar 2017 ပြပွဲတွင် စတုတ္ထအကြိမ်မြောက် မြန်မာ့အချက်အပြုတ်ဆိုင်ရာ ပြပွဲ ၂၀၁၇၊ စတုတ္ထအကြိမ်မြောက်မြန်မာနိုင်ငံလုံးဆိုင်ရာ ဘာရီစတာပြိုင်ပွဲ ၂၀၁၇၊စတုတ္ထအကြိမ်မြောက် FoSTAM အစားအစာဘေးကင်းလုံခြုံမှုဆိုင်ရာ ဆွေးနွေးပွဲတို့ကိုပါ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

“Food and Hotel Myanmar 2017 ပြပွဲဟာ အစားအစာ၊ ဧည့်ခံကြိုဆိုရေးနဲ့လက်လီရောင်းချရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍတွေရဲ့ ရွေးချယ်မှုခံရတဲ့ပြပွဲဖြစ်ပါတယ်။ ဒီပြပွဲဟာ မြန်မာနိုင်ငံအတွင်းမှာ ကျင်းပတဲ့ အကောင်းဆုံးလုပ်ငန်းဆိုင်ရာပြပွဲလည်းဖြစ်ပါတယ်။ ကမ္ဘာအနှံ့က ပါဝင်ပြသသူတွေဟာ ပြည်တွင်းက မြင့်မားတဲ့ ဈေးကွက်လိုအပ်ချက်ကို ပြည့်မီနိုင်ဖို့အတွက် အပြည့်စုံဆုံးထုတ်ကုန်နဲ့ကိရိယာပစ္စည်းတွေကို ပြသမှာဖြစ်ပါတယ်”ဟု UBM Myanmar ၏ အထွေထွေမန်နေဂျာ မစ္စတာဖရေဇာဟော့ခ်က ပြောကြားခဲ့သည်။

အဆိုပါပြပွဲတွင် Brista Training 2017 နှင့် Food & Hotel Myanmar 2017 Wine Cellar တို့ကိုပါထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မယ်သီတာ

## ဗီယက်နမ်နိုင်ငံ မြို့တော်ဟနွိုင်းမှ ရန်ကုန်မြို့သို့ Vietjet လေကြောင်းလိုင်း တိုက်ရိုက်ပြေးဆွဲမည်

ဗီယက်နမ်နိုင်ငံ မြို့တော်ဟနွိုင်းမှ ရန်ကုန်မြို့သို့ Vietjet လေကြောင်းလိုင်း တိုက်ရိုက်ပျံသန်းပြေးဆွဲပေးမည်ဖြစ်ကြောင်း Vietjet လေကြောင်းလိုင်း၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာခရီးသွားများအနေဖြင့် လေယာဉ်လက်မှတ်အခြေခံခရီးစဉ်တစ်ကြောင်းစာအတွက် မြန်မာကျပ်ငွေ ကျပ် ၁၂၀၀၀ ခန့် (အမေရိကန်ဒေါ်လာ ၉ ဒေါ်လာ) ဖြင့် ဝယ်ယူရရှိနိုင်ပြီး ကျသင့်သောအခွန်ခများကို ထပ်မံပေးဆောင်ရမည်ဖြစ်သည်။

အဆိုပါခရီးစဉ်သစ်ကို လာမည့် ဩဂုတ်လ ၁၀ ရက်မှစတင်၍ပျံသန်းပြေးဆွဲမည်ဖြစ်ရာ မြန်မာနှင့် ဗီယက်နမ် နှစ်နိုင်ငံကြား လုပ်ငန်းရေးရာ ကိစ္စ၊ အလည်အပတ်ခရီးစဉ်များနှင့် တစ်ဦးချင်းစီ သွားရောက်လည်ပတ်လိုသူများအတွက် ခရီးစဉ်လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရန်ကုန်မှ ဟနွိုင်းသို့ပျံသန်းမည့် ခရီးစဉ်သည် နေ့စဉ် မွန်းလွဲ ၂ နာရီခွဲမှ စတင်ထွက်ခွာမည်ဖြစ်ပြီး ဟနွိုင်းမြို့ သို့ ၄ နာရီ ၅၅ မိနစ် (ဒေသစံတော်ချိန်) အချိန်တွင် ဆိုက်ရောက်မည်ဖြစ်ကာ ခရီးကြာချိန်မှာ ၁ နာရီ ၅၅ မိနစ်ခန့်ဖြစ်သည်။ ဟနွိုင်းမြို့မှ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာမည်ဖြစ်ပြီး မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် စတင်ပျံသန်း ပြေးဆွဲခဲ့သော မြို့တော် ဟိုချီမင်းနှင့် ရန်ကုန်အား ချိတ်ဆက်ပျံသန်းလျက်ရှိသော ခရီးစဉ်ပြီးနောက် ယခုအခါ ဗီယက်နမ်နိုင်ငံ၏ မြို့တော်နှင့် ထပ်မံချိတ်ဆက်မည့် လေယာဉ်ခရီးစဉ်အသစ်သည် ဒုတိယမြောက်ခရီးစဉ် ဖြစ်လာမည်ဖြစ်သည်။

အဆိုပါ ခရီးသစ်အနေဖြင့် အံ့သြဖွယ်ရာ လေယာဉ်ခနှုန်းထားများနှင့်အတူ တိကျသော ခရီးစဉ်အချိန်ကာလ ပျံသန်းပြေးဆွဲသွားမည် ဖြစ်သောကြောင့် ကုန်သွယ်မှုများအား တိုးမြှင့်ပေးနိုင်သကဲ့သို့ အလည်ပတ်ခရီးစဉ်နှင့် လုပ်ငန်းကိစ္စဖြင့်သွားရောက်လည်ပတ်ရာတွင် လွယ်ကူချောမွေ့စွာ ပျံသန်းပြေးဆွဲနိုင်ခဲ့ပြီး ခရီးသွားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မယ်သီတာ

# ပြည်သူလူထုကိုယ်စားလှယ်နဲ့ ကုန်စျေးနှုန်းကိုယ်စားလှယ်

## မကြုံစဖူး ထူးကဲစွာတွေ့ဆုံပွဲ

မြင့်ဦး(ပခုက္ကူ)

ပခုက္ကူမှာ အခုတစ်လော ပရိသတ်ကြား ရေပန်းစား စိတ်ဝင်စားနေတဲ့ သတင်းတစ်ပုဒ်ကတော့ ပခုက္ကူမြို့ ပြည်သာယာခန်းမမှာ ကုန်စျေးနှုန်းနှင့် ပြည်သူလူထုတွေ့ဆုံမေးမြန်းခန်း အင်တာဗျူးတစ်ခုကို ကမ္ဘာကျော်မီဒီယာ တစ်ခုကစီစဉ်ပေးပြီး အင်တာဗျူးမယ့် အစီအစဉ် သတင်းတစ်ရပ်ပါပဲ။ ဘယ်နေရာမှာမဆို ဥပမာ-လက်ဖက်ရည်ဆိုင် ဆိုက်ကားဂိတ်၊ မြင်းလှည်းဂိတ်၊ သုံးဘီးဂိတ်၊ ကားကြီးကွင်း၊ နောက်ဆုံးမြို့မဈေး(၁)(၂)စတဲ့နေရာတိုင်းမှာ ရေပန်းစားနေတဲ့ နေတဲ့သတင်းတွေပဲဖြစ်ပါတယ်။ နေရာတကာ လူစုရှိရင်ပြောနေကြတာက ကုန်စျေးနှုန်းနဲ့ ပြည်သူလူထုတွေ့ဆုံ မေးမြန်းခန်း ဖြစ်နိုင်ပါ့မလား. . . ကုန်စျေးနှုန်းကစကားပြောနိုင်ပါ့မလား. . . ပြည်သူတွေ ဆာလောင်မွတ်သိပ်နေတဲ့ ကုန်စျေးနှုန်းကြီးမြင့်မှုကို သူတို့ဘယ်လိုဖြေမလဲ. . . မလဲ. . . မလဲ. . . စသည်ဖြင့် သို့လော. . . သို့လော. . . မေးမြန်းမှု၊ စုံစမ်းမှု၊ လေ့လာမှုတွေမှာ နေရာတကာပါပဲ။ ကမ္ဘာကျော်မီဒီယာကြီးတစ်ခုက လုပ်တာဆိုတော့ သူတို့ကလည်း သေသေချာချာ ပိုင်ပိုင်နိုင်နိုင်လုပ်မယ်လို့ယုံကြည်ရပါတယ်။

ဒီအစီအစဉ်ကို ပြုလုပ်ဖို့ သုံးနှစ်လောက်ကြာအောင် စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ ကုန်စျေးနှုန်း ဘက်ကဆိုရင် ဆန်/စပါးအစုအဖွဲ့ကတစ်ဦး၊ သားငါးဘက်ကတစ်ဦး၊ ကုန်စိမ်းနှင့် စားဖိုဆောင်သီးနှံ ဘက်မှတစ်ဦး၊ မုန့်မျိုးစုံ ကုန်ခြောက်ပိုင်းမှ တစ်ဦး၊ ရွှေ/ကျောက်သံ ပတ္တမြားအုပ်စုမှ တစ်ဦး၊ အိမ်ဆောက်ပစ္စည်း/အိမ်သုံးကုန်ပစ္စည်းအစုအဖွဲ့မှ တစ်ဦး၊ ကုန်စျေးနှုန်းဘက်မှ စုစုပေါင်း ခြောက်ဦးတိတိကို အစုအဖွဲ့တစ်ဖွဲ့စီမှ အချင်းချင်း အပြန်ပြန်အလှန်လှန် ညှိနှိုင်းပြီးမှ ရွေးချယ်ခဲ့ပြီး ပြည်သူလူထုဘက်မှလည်း လူထုလူတန်းစား အသီးသီးက အဆင့်ဆင့်ရွေးချယ်ခဲ့ကြပါတယ်။ ပြည်သူလူထုဘက်မှာ ဆိုလျှင်ဘဲ လူချမ်းသာအသိုက်အဝန်းမှတစ်ဦး၊ လူမှုအဖွဲ့အစည်းမှ တစ်ဦး၊ ဝန်ထမ်းထုကိုယ်စားတစ်ဦး၊ လူလတ်တန်းစားအသိုက်အဝန်းမှတစ်ဦး၊ အခြေခံလူတန်းစားလို့သတ်မှတ်ခံရတဲ့ အလုပ်သမားအသိုက်အဝန်းမှတစ်ဦး၊ တောင်သူလယ်သမားအဖွဲ့အစည်းမှတစ်ဦး၊ ထန်းတက်၊ သစ်ပင်ခုတ်၊ အထွေထွေအလုပ်လုပ်သော အစုအဖွဲ့မှ တစ်ဦး၊ စုစုပေါင်းခုနစ်ဦးတက်ရောက်ပြီး အပြန်ပြန်အလှန်လှန်တွေ့ဆုံမေးမြန်းကြမယ်ဆိုတဲ့အကြောင်း ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လာတဲ့အခါမှာတော့ ပြည်သူကြားမှာလည်း တို့တော့ယုံကြည်တယ်၊ ဒီမီဒီယာက ကမ္ဘာမှာတောင် နာမည်ကြီးတဲ့ အဖွဲ့အစည်းပဲဟာ ပေါက်ကရ ရှုပ်ဆယ်ဘယ်လုပ်ပါ့မလဲ သူတို့သိက္ခာကျမယ့် အလုပ်မျိုးတော့ သူတို့မလုပ်ပါဘူးကွ၊ ဒီပွဲတကယ်ကောင်းမယ် သွားကြမယ် ဖြစ်ကုန်ရော---။

ရောက်ပါပြီ။ ကုန်စျေးနှုန်းနဲ့ ပြည်သူလူထုတွေ့ဆုံမေးမြန်းခန်း ကျင်းပမယ့်ရက်ကို ရောက်ပါပြီ။ တစ်မြို့လုံးမှာ ရှိတဲ့လူတွေ တွေ့ဆုံမေးမြန်းခန်းကျင်းပရာ ပခုက္ကူမြို့ ပြည်သာယာခန်းမကို အုံးအုံးကျွက်ကျွက် သွားနေကြပါပြီ။ ကျွန်တော် သကောင့်သားမြင့်ဦး(ပခုက္ကူ)လည်း ကောမတ်စ်ဂျာနယ်ရဲ့ သတင်းထောက်တစ်ယောက်ဖြစ်လေတော့ ကိုယ့်မှာရှိတဲ့ ကင်မရာလေး၊ မှတ်စုစာအုပ်လေးအိတ်ထဲထည့် သတင်းထောက်ကတ်ကလေး လည်ပင်းမှာဆွဲ အပြေးအလွှား သွားမိပါတယ်။ ပွင့်လင်းမြင်သာတယ်ဆိုတဲ့ခေတ်၊ ဘယ်တုန်းကမှ ကိုယ့်အသက်တောင် ၆၀ တန်း ဝင်နေတာ ဒီလိုပွဲမျိုး မကြုံဘူးလေတော့ အမယ်. . . ခေတ်နောက်ကျမခံနိုင်သလို ကိုယ့်ဂျာနယ်တိုက်အတွက် သတင်းဦး၊ သတင်းထူးတစ်ခုကို လက်လွှတ်မခံနိုင်ပါဘူးဗျာ. . . နော. . . မဟုတ်ဘူးလား. . .။

စာရှုသူရောက်ပါပြီ။ ပြည်သာယာခန်းမ-အားပါး---စိတ်ဝင်စားလို့လာကြတဲ့ပြည်သူတွေ မနည်းမနောပါလား။ ပခုက္ကူမြို့ရဲ့ ကျက်သရေဆောင် ပြည်သာယာခန်းမနဲ့မဆံ့ပါဘူး။ အပြင်ဘက်မှာလည်း ကမ္ဘာကျော်မီဒီယာကြီးက ပရိုဂျက်တာတွေဆင့်ကဲဆင့်ကဲထောင်ထားတာတွေ တွေ့ရပါတယ်။ ခန်းမထဲမှာ ဝင်မရတဲ့ပြည်သူတွေအတွက် ခန်းမအပြင်ဘက်မှာ ပရိုဂျက်တာတွေ ဆင်ထားတာပါ-တော်တော်စနစ်ကျပါတယ်။ ဒါက ခန်းမဘက်ကအပြင်အဆင် ခန်းမထဲမှာလည်း လူတွေက အပြည့် ကင်မရာ၊ မီးဆလိုက်၊ ဆောင်းဘောက်စတာတွေနဲ့ စနစ်ကျပါတယ်။ ကိုယ်တောင်အထဲဝင်ဖို့ဂျာနယ်တိုက်ကထုတ်ပေးထားတဲ့ သတင်းထောက်ကတ်ကြောင့် ဝင်ခွင့်ရတာပါ။ ခန်းမရဲ့ထိပ်စည်းမြင့်ကွင်းပေါ်မှာ မြောက်ဘက်ခြမ်းမှာ ကုန်စျေးနှုန်းကိုယ်စားလှယ် ခြောက်ဦး၊ကုလားထိုင်အမြင့်တွေနဲ့ တောင်ဘက်ခြမ်းမှာ ပြည်သူလူထုကိုယ်စားလှယ် ခုနစ်ဦးကလည်း ကုလားထိုင်အမြင့်တွေနဲ့ ထိုင်လို့ပါ ဒါနဲ့ပါလာတဲ့ ကင်မရာလေးထုတ် အနီးအဝေး ခေါက်ပုံရိုက်ရင်း သတင်းထောက်မျက်စိနဲ့ စေ့စပ်သေချာအောင် ကြည့်မိတော့--အားပါး---ကုန်စျေးနှုန်းကိုယ်စားလှယ်ဘက်မှာရှိတဲ့ ကိုယ်စားလှယ်ခြောက်ဦးစလုံးဟာ ဆူဆူဖြိုးဖြိုး ဝဝဖိုင့်ဖိုင့် ဂုတ်ပိုးနှစ်ထပ် မေးနှစ်ထပ် ဗိုက်ပူပူ လူတွေဟာ ပြိုးပြိုးပျက်ပျက် လိုးလိုးလက်လက် ကိုယ်ရောင်ကိုယ်ဝါတောက်ပစွာ ခန့်ခန့်သန့်သန့် ထိုင်နေကြတာများ အနားသွား ခါတ်ပုံရိုက်ရမှာတောင်စိုးရွံ့မိပါရဲ့။ ပြည်သူလူထုကိုယ်စားလှယ်တွေကြည့်လိုက်တော့ ခုနစ်ဦးစလုံးဟာ လူချမ်းသာ အစုအဖွဲ့ကလွဲရင် ကျန်အဖွဲ့တွေက ပိန်ပိန်လှီလှီ ညှိုးရော်မွဲခြောက်ပြီး၊ ဝတ်စား ထားတာ ကလည်း သစ်သစ်လွင်လွင် မဟုတ် ညှိုးရော်ရော်နဲ့အားမရှိတဲ့လူမမာပုံတွေ ပေါက်နေပါတယ်။ လူဦးရေချင်းယှဉ်ရင် ပြည်သူလူထုကိုယ်စားလှယ်ကများနေပြီး ကိုယ်ရောင်ကိုယ်ဝါမှာတော့ ကုန်စျေးနှုန်းကိုယ်စားလှယ်တွေက အပြတ်အသတ် နတ်ပြည်ခြောက်ထပ် အပေါ်ဆုံးနဲ့ ငရဲပြည်ရှစ်ထပ် အောက်ဆုံးက လူတွေလိုကို ကွာပါတယ်။ ပြည်သူလူထုကို ကင်မရာလည်းရိုက်ရင်း အစီအစဉ်စပါပြီ။ လေးစားအပ်ပါသော ပြည်သူလူထုကြီးခင်ဗျာ ကျွန်တော်တို့ မီဒီယာဂရု(ပ်)ရဲ့ ကုန်စျေးနှုန်းကိုယ်စားလှယ်များနှင့် ပြည်သူလူထုတွေ တိုက်ရိုက်တွေ့ဆုံခန်းစတင်ပါပြီ ခင်ဗျာ။ စင်မြင့်ဘက်မှာဆင်ထားတဲ့ မီးမောင်းဆလိုက်တွေလည်းပွင့်လာပါပြီ။ အလယ်တည့်တည့်မှာ ထောင်ထားတဲ့ ဗွီဒီယို ဆရာလည်း စတင်ရိုက်ကူးထုတ်လုပ်နေပါပြီ။ ကျွန်တော်နှင့်တကွ အခြားဂျာနယ်မှ သတင်းထောက်များလည်း ကင်မရာကိုင်၊ အသံဖမ်းစက်ကိုင်၊ စာအုပ်ကိုင်စကြရပါပြီ------။

**ကုန်စျေးနှုန်းကိုယ်စားလှယ် ။** ။ မင်္ဂလာပါ. . . ပြည်သူလူထုကိုယ်စားလှယ်ကြီးများ ခင်ဗျာ. . . ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေခင်ဗျာ။

**ပြည်သူလူထုကိုယ်စားလှယ်။** ။ မေတ္တာပို့သသော ကုန်စျေးနှုန်း ကိုယ်စားလှယ်ကြီးများကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့လည်း ကျုပ်တို့ပြည်သူလူထုဟာ ကုန်စျေးနှုန်းကြောင့် ဘယ်တော့မှ စိတ်ချမ်းသာမှု၊ ကိုယ်ကျန်းမာမှု မရှိဘူး ဆိုတာကိုတော့ ဝန်ခံပါရစေ--။

“လက်ခုပ်သံများ”

**ပရိသတ်များ။** ။ ပွဲကတော့ စကတည်းက ဆော်ကြပြီဟေ့ တို့ပြည်သူကိုယ်စားလှယ် တကယ်တော်၊ လွှတ်--စိတ်ဝင်စားတယ်ဟေ့---။

**ပြည်သူလူထုကိုယ်စားလှယ်။** ။ ကုန်စျေးနှုန်း ကိုယ်စားလှယ်ကြီးများခင်ဗျာ----ပထမဆုံးမေးချင်တာကတော့ ကုန်စျေးနှုန်း ကိုယ်စားလှယ်တော်ကြီးတွေအနေနှင့် ကျွန်တော်တို့ ပြည်သူတွေကို ဘယ်လိုသဘောထားပါသလဲ ခင်ဗျာ---။

**ကုန်စျေးနှုန်းကိုယ်စားလှယ် ။** ။ ကုန်စျေးနှုန်းအနေနှင့် ပြည်သူလူထုကြီးမှာ---အမြဲတမ်း ဆာလောင်နေတယ်၊ မွတ်သိပ်နေတယ်၊ လိုအပ်နေတာဖြစ်တယ်လို့မြင်တဲ့အတွက် ဒါဟာ ကုန်စျေးနှုန်း ကစားဖို့ အဓိကအချက်လို့ပြတဲ့သဘောတရားတစ်ခုလို သဘောထားပါတယ်။

**ပြည်သူလူထုကိုယ်စားလှယ်။** ။ ခင်ဗျားတို့ဟာကြီးကလည်း မေးတဲ့မေးခွန်းကို တိတိကျကျမဖြေဘဲ ဝေ့လည် ကြောင်ပတ် သီအိုရီလိုလို ဒဿနလိုလို လိုရင်းကို မရောက်ဘဲ ကြောင်လက်သဲဝှက်သလို ဖြစ်နေပါတယ်။ အခုလို ပွင့်လင်းမြင်သာတဲ့ခေတ်ကြီးထဲမှာ လိုရင်းကို တည့်တည့်ပြောစေလိုပါတယ် ကိုယ်စားလှယ်ကြီးများခင်ဗျာ---။

**ကုန်စျေးနှုန်းကိုယ်စားလှယ် ။** ။ ဟုတ်ကဲ့ပါ--နောက်ပိုင်းမှာ လိုရင်းကို တည့်တည့်ပြောပေးပါမယ်။ လေးစားပါတယ် ခင်ဗျာ--။

**ပြည်သူလူထုကိုယ်စားလှယ်။** ။ဆက်လက်မေးမြန်းလိုတာက ကုန်စျေးနှုန်း အစုအဖွဲ့အနေနှင့် ကျွန်တော်တို့ ပြည်သူလူထုအပေါ် ကုန်စျေး နှုန်းမတည်မငြိမ်ဖြစ်အောင် ဆက်လုပ်ဖို့ အစီအစဉ် ရှိ/မရှိ ဖြေစေလိုပါကြောင်း--။

**ပရိသတ်များ။** ။ သိပ်ကောင်းတဲ့မေးခွန်းပဲကွ--“ကြိုက်ပကွာ”

**ကုန်စျေးနှုန်းကိုယ်စားလှယ် ။** ။ ဒါကတော့ ဒီလိုရှိပါတယ်။ ကုန်စျေးနှုန်းရဲ့ အနေအထားက ထွက်ရှိမှု၊ ပိုလျှံမှု၊ ရောင်းလိုအား၊ ဝယ်လိုအား စတာတွေနဲ့ နှိုင်းယှဉ်ညှိနှိုင်းပြီး ဈေးကွက်ရဲ့ တောင်းဆိုမှုကြောင့်တက်ခြင်း၊ ကျခြင်း၊ ဈေးလည်နေခြင်းတို့ ဖြစ်ပေါ်နေတာပါလို့ ပြောပါရစေ--။

**ပြည်သူလူထုကိုယ်စားလှယ်။** ။ ကျုပ်ကတောင်သူလယ်သမားပါဗျာ။ ခင်ဗျားတို့ ပြောသလို ရောင်းလိုအား၊ ဝယ်လိုအားဆိုတာတွေ ဘာတွေ ကျုပ်မသိဘူး။ ကျုပ်တို့တစ်တွေ ကျွဲနဲ့နွားနဲ့ အတူယှဉ်တွဲ လုပ်ဆောင်ခဲ့ကြတယ်။ ဖင်ထဲရွှံ့တစ်ခဲ ဝင်တယ်လို့တောင်အပြောခံကြရတယ်။ သီးနှံထွက်ရင် ဈေးကျ၊ တောင်သူလက်ထဲသီးနှံရှိရင် ဈေးက ဘယ်လိုမှမတက်လာဘူး။ တောင်သူလက်က ကုန်သည်ပွဲစားဆီရောက်ရင် ဈေးကတက်တယ်၊ ဒါကို ကုန်ဈေးနှုန်းအစုအဖွဲ့က ဘယ်လိုဖြေ မလဲပြောပေးပါ။

**ပရိသတ်များ။** ။ “လက်ခုပ်သံများ”ဆူညံလျက်

**ကုန်စျေးနှုန်းကိုယ်စားလှယ် ။** ။ ပြည်သူလူထုကိုယ်စားလှယ်ကြီးပြောသလို တောင်သူလယ်သမား လယ်ထဲမှာ သီးနှံရှိနေတုန်းက ဈေးကျတယ်။ ကုန်သည်ပွဲစားလက်ထဲမှာ သီးနှံတွေရောက်မှ ဈေးတက်တယ်ဆိုတာ မဟုတ်ပါဘူးလို့ ပြောကြားပါရစေ၊ ကုန်သည်ပွဲစားလက်ရှိတဲ့ ဒီအချိန်ပြည်ပ ပို့ကုန် နိုင်ငံခြား ဆွဲလက်များနေလို့သာ ဈေးတက်သွားတာပါလို့ ပြောကြားပါရစေ။

**ပြည်သူလူထုကိုယ်စားလှယ်။** ။ ကဲပါဗျာ---ဘယ်လိုမေးမေး---ခင်ဗျားတို့ဖြေရှင်း၊ ဈေးကွက်တောင်းဆိုမှု၊ ရောင်းလိုအား၊ ဝယ်လိုအား ဒါတွေပဲပြောနေကြတာများပါတယ်။ ထပ်မေးပါ့မယ် ဈေးတက်တယ်။ ဘာလို့တက်လဲ။ နိုင်ငံခြားက ဝယ်ရမဲ့ ပစ္စည်း ဒေါ်လာနဲ့ဝယ်ရလို့ ဒေါ်လာဈေးတက်လို့ ဈေးတက်ရတယ် လက်ခံပါတယ်--ဒါဆိုရင် ပြည်ပ ဒေါ်လာဈေးကျရင် ပြည်တွင်းကလိုက်မကျဘဲ ခပ်တည်တည်နဲ့ဈေးမချတာကရော ဘာသဘောလဲဖြေပေးစမ်းပါဦး--(ဒေါသသံ ပါလာပါတယ်)။

**ပရိသတ်များ။** ။ ‘လက်ခုပ်သံများ”ဆူညံလျက်

**ကုန်စျေးနှုန်းကိုယ်စားလှယ်။** ။ဒါကတော့ရှင်းပါတယ်။ ကျွန်တော်တို့ ဝယ်ယူစဉ်ကတည်းက တက်ဈေးနှင့် ဝယ်ယူထားရတာ ဆိုတော့ ဈေးချ မရလို့ပါ-ရှင်းပါတယ်နော်--။

**ပရိသတ်များ။** ။ ရောချတာ--(တီးတိုးသံများ)

**ပြည်သူလူထုကိုယ်စားလှယ်။** ။ ကျွန်တော်က ဝန်ထမ်းထုကိုယ်စားလှယ်ပါ။ ဝန်ထမ်းဆိုတာသိတော်မူတဲ့အတိုင်း ကိုယ်ပိုင်အလုပ် ကိုယ်ပိုင်ငွေနဲ့ မလုပ်နိုင်လို့ဝန်ထမ်းလုပ်ပါတယ်။ ဝန်ထမ်းဆိုတာ လစာမျှော်နေတယ်။ ဟိုတုန်းက ဝန်ထမ်းဆိုတာ မိသားစုကို တာဝန်ကျေနိုင်ခဲ့တယ်။ ခုခေတ်မှာ မရတော့ပါဘူး။ ပြောချင်တာက--နိုင်ငံတော်က ဝန်ထမ်းတွေကို လစာတိုးပေးမယ်လို့ အသံကြားရတာရှိသေး တကယ်လည်းတိုးမရသေးပါဘူး။ လစာတိုးမယ်လို့အသံကြားရုံနဲ့ ဘာကြောင့် ကုန်ဈေးနှုန်းက လိုက်တက်ရတာလည်း ဖြေပေးပါ---။

ဆက်လက်ဖော်ပြပါမည်။

# အိန္ဒိယပဲ ရက်သတ္တပတ်

အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံဈေးကွက် အခြေအနေကို ဖော်ပြထားသောအဂရီဝပ်၍ ပဲမျိုးစုံရက်သတ္တပတ်အစီရင်ခံစာ (Pulses Weekly Report) ကို မေ ၁၅ ရက်က ထုတ်ပြန်ခဲ့သည်။ ပဲမျိုးစုံ ရက်သတ္တပတ်အစီရင်ခံစာတွင် အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံဝယ်ယူဖြည့်တင်းမှု၊ ပြည်ပမှတင်သွင်းမှု၊ မြန်မာနိုင်ငံနှင့် ပြည်ပမှတင်သွင်းသော ပဲများ၏ ဈေးနှုန်းအခြေအနေတို့ကို ဖော်ပြထားသည်။

**အစိုးရဝယ်ယူဖြည့်တင်းမှု**

အစိုးရက ဝယ်ယူထားသော မိုးပဲများကို ပြန်လည်ရောင်းချရာတွင် အစိုးရအတွက် အခက်အခဲနှင့် ရင်ဆိုင်နေရသည်။ ပြည်တွင်းဈေးကွက်၌ ဝယ်လိုအား ကျဆင်းနေချိန်တွင် သရက်သီးပေါ်သော ရာသီဖြစ်သဖြင့် လက်လီရောင်းချသူများက သရက်သီးကိုသာ အဓိကထား ရောင်းချနေသည့်အတွက် လက်လီသမားများ၏ ဝယ်လိုအားမှာလည်း ကျဆင်းခဲ့သည်။ မိုးရွာသွန်းမှု အခြေအနေကောင်းမွန်မည်ဟုလည်း ခန့်မှန်းထားကြသည့်အတွက် လာမည့်ရက်များတွင် ပဲဈေးနှုန်းများ ကျဆင်းလာနိုင်ဖွယ် ရှိသည်။

ယခုနှစ်တွင် အစိုးရက ဝယ်ယူထားသော ပဲမျိုးစုံပမာဏမှာမူလရည်မှန်းချက်ထက် ၅၅ ရာခိုင်နှုန်း ကျော်လွန်လျက်ရှိသည်။ မူလလျာထားချက်ထက် ကျော်လွန်အောင် အစိုးရက ဝယ်ယူဖြည့်တင်းထားသည့် ရည်ရွယ်ချက်မှာ ယခုနှစ်တွင် ပဲမျိုးစုံ မက်ထရစ်တန် ၂၄ သန်းထွက်ရှိထားသည့်အတွက် ပဲတောင်သူတို့ ပဲရောင်းချရာတွင်အခက်အခဲ မဖြစ်အောင် ဝယ်ယူခြင်း ဖြစ်ကြောင်း အရာရှိ တစ်ဦးက ပြောသည်။ အစိုးရက ယခုနှစ်အတွက် ဝယ်ယူရန် သတ်မှတ်ထားသော မိုးပဲစင်းငုံ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံ ပမာဏမှာ တန်ချိန် ၉ ဒသမ ၅ သိန်းဖြစ်ကြောင်း အိန္ဒိယအစားအစာကော်ပိုရေးရှင်း (Food Corporation of India) မှ အရာရှိတစ်ဦးက ပြောသည်။ သို့သော်လည်း အစိုးရက ဝယ်ယူခဲ့သော ပမာဏမှာ တန်ချိန် ၁၄ ဒသမ ၄၅ သိန်းရှိသည်။ စုစုပေါင်း ဝယ်ယူထားပြီးဖြစ်သော ပမာဏတွင် ပဲစင်းငုံတန်ချိန် ၁၁ ဒသမ ၆၆ သိန်း၊ ပဲတီစိမ်း ၂ ဒသမ ၂ သိန်းနှင့်မတ်ပဲ ၈၈၅၈၂ တန်ဖြစ်သည်။

အိန္ဒိယနိုင်ငံ အမျိုးသား လယ်ယာစိုက်ပျိုးရေး သမဝါယမ ဈေးကွက်ရှာဖွေရေး ဖက်ဒရေးရှင်း(NAFED) အတွက် ဘဏ္ဍာငွေထောက်ပံ့ရေးစင်တာတစ်ခုအား မကြာမီဖွဲ့စည်းပေးတော့မည်ဖြစ်သည်။ ငွေကြေးထောက်ပံ့ရေး အစီအစဉ်ကိုလည်း အစိုးရက အရေးတယူ စီစဉ်ဆောင်ရွက်လျက်ရှိပြီး အစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ၏ အကြံပြုချက်ကို ၂၀၁၇ ခုနှစ်၊ မေတွင်အစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူနိုင်မည်ဟု ခန့်မှန်းထားသည်။

မဟာရသျှတ္တရာပြည်နယ်တွင် စတော့လက်ကျန် ထားရှိခွင့်ကို လေးလတိုးပြီး ၂၀၁၇ ခုနှစ်၊ စက်တင်ဘာအထိ ထားရှိခွင့်ပေးခဲ့သည်။ မြူနီစီပယ်ကောင်စီ နယ်မြေအတွင်းရှိ လက်ကားကုန်သည်များအတွက် သိုလှောင်ခွင့်ပမာဏမှာ တန်ချိန် ၁၀၅၀ ဖြစ်သည်။ မြူနီစီပယ် ကောင်စီဧရိယာအတွင်း လာရောက်၍ လုပ်ငန်းဆောင်ရွက်နေသော လက်ကားကုန်သည်များအတွက် သိုလှောင်ခွင့်ကန့်သတ်ချက်မှာ တန်ချိန် ၇၅၀ ဖြစ်သည်။ လက်လီရောင်းချသူများကိုမူ တန်ချိန် ၆၀ နှင့် အခြားဒေသမှ လာရောက်၍ ဆောင်ရွက်နေသူများကိုမူ ၄၅ တန် ခွင့်ပြုထားသည်။

**အိန္ဒိယပဲတင်သွင်းမှု**

ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံကတင်သွင်းခဲ့သော ပဲမျိုးစုံပမာဏမှာ တန်ချိန် ၅၇ သန်း ရှိခဲ့သည်။ အလျှံပယ် ထွက်ရှိမှုနှင့် တင်သွင်းသော ပဲမျိုးစုံပမာဏ မြင့်တက်မှု ကြောင့် ကုလားပဲနှင့် ပဲတီစိမ်းမှအပ ပဲမျိုးစုံဈေးနှုန်းမှာ အနိမ့်ဆုံးထောက်ပံ့ဈေးနှုန်း (MSP) အောက်ကျဆင်းခဲ့သည်။ ပြည်တွင်းဈေးကွက်တွင်ရနိုင်သော ပမာဏမှာ ပြည်တွင်းထုတ်လုပ်မှု တန်ချိန် ၂၂ ဒသမ ၄သန်းနှင့် ပြည်ပမှတင်သွင်းမှု တန်ချိန် ၅ ဒသမ ၇သန်းရှိပြီး ပမာဏများပြားသည့်အတွက် ဈေးနှုန်းများ ပြန်လည် ဦးမော့လာစေရန် အချိန်ကြာဦးမည် ဖြစ်သည်။ ပဲမျိုးစုံ ရရှိနိုင်သည့် ပမာဏမှာတန်ချိန် ၂၈ ဒသမ ၁ သန်းအနက် ပြည်တွင်းစားသုံးမှုမှာ တန်ချိန် ၂၄ သန်းသာရှိသည့်အတွက် ပဲတင်သွင်းမှုအနေဖြင့် ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း လျော့ကျမည်ဟု ခန့်မှန်းရသည်။

**ပဲမျိုးစုံ ဈေးနှုန်းအခြေအနေ**

မြန်မာနိုင်ငံမှ တင်သွင်းသော ပဲစင်းငုံနီဈေးမှာ CIF ဈေးနှုန်းအရ တစ်တန်ကို အမေရိကန်ဒေါ်လာ ၇၈၀ နှင့် SQ ဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၉၅၀ ရှိသည်။ ပဲတီစိမ်းဈေးကိုကြည့်ပါက Pedishera တစ်တန်ကို အမေရိကန်ဒေါ်လာ ၉၄၀ နှင့် Pekakois က အမေရိကန်ဒေါ်လာ ၇၂၀ နှုန်းရှိသည်။ မြန်မာနိုင်ငံဘက်ရှိ CNF ဈေးမှာ လာမည့်ရက်သတ္တပတ်အတွင်း ပုံမှန်အတိုင်းရှိနေဦးမည်ဟု ခန့်မှန်းသည်။

အီသီယိုးပီးယား ကုလားပဲဈေးအခြေ အနေကို ကြည့်ပါက ကုလားပဲ Kabuli တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၂၃၀ နှင့် ကုလားပဲ (Desi) ကတစ်တန်ကို အမေရိကန်ဒေါ်လာ ၉၆၀ ရှိသည်။ နာဗာရှီဗာဆိပ်ကမ်းရှိ အီသီယိုးပီးယား ပဲတီစိမ်းပေါက်ဈေးမှာ အမေရိကန်ဒေါ်လာ ၉၉၀ ရှိသည်။ ဇွန်အတွက် ကြိုရောင်းသည့် ဩစတြေးလျ ကုလားပဲဈေးမှာ အမေရိကန်ဒေါ်လာ ၉၄၀ နှုန်းရှိပြီး ဇူလိုင်အတွက် ကြိုရောင်းဈေးမှာ အမေရိကန်ဒေါ်လာ ၉၅၀ နှုန်းရှိသည်။ နာဗာရှီဗာ ဆိပ်ကမ်းရှိ ယူကရိန်း ကုလားပဲ CIF ဈေးမှာ တစ်တန် ကို ၃၃၅ ဒေါ်လာနှုန်း၊ ကိုလ်ကတ္တားဆိပ်ကမ်းတွင် မေအတွက် ကြိုရောင်းဈေးမှာ အမေရိကန် ဒေါ်လာ ၃၄၀ ရှိသည်။ နီဗာရှီဗားဆိပ်ကမ်းတွင် တူရကီပဲနီလေးခွဲခြမ်း၏ လက်ငင်းဈေးမှာ အမေရိကန်ဒေါ်လာ ၅၂၅ ရှိပြီး ကနေဒါပဲနီလေးဈေးက နာဗာရှီဗားဆိပ်ကမ်း CNF ဈေးအရ တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၅၀ ရှိသည်။ တန်ဇန်နီးယား ပဲတီစိမ်းက တစ်တန်ကို အမေရိကန်ဒေါ်လာ ၆၉၀ နှင့် မိုဇမ်ဘစ် ပဲတီစိမ်းဈေးက တစ်တန်ကို အမေရိကန်ဒေါ်လာ ၆၄၀ ရှိသည်။

**အပြည်ပြည်ဆိုင်ရာ ပဲဈေးကွက်**

ပြင်သစ်နိုင်ငံမှ စားတော်ပဲ တင်ပို့မှုသည် မတ်လအတွင်းက ကျဆင်းခဲ့သည်။ ပြင်သစ်နိုင်ငံသည်ဖေဖော်ဝါရီက ၄၀၆၅၅ တန်တင်ပို့ ခဲ့ရာမှ မတ်လတွင် တင်ပို့မှုကျဆင်းပြီး ၁၀၄၀၅ တန်ကိုသာ တင်ပို့နိုင်ခဲ့သည်။ ပြင်သစ်နိုင်ငံက အဓိကတင်ပို့သောနိုင်ငံမှာ ဘယ်လ်ဂျီယံ နိုင်ငံဖြစ်သည်။




# သီးနှံထုတ်လုပ်မှုမြင့်တက်လာသဖြင့် အိန္ဒိယ တောင်သူတို့ အကျပ်အတည်းတွေ့

ယခုနှစ်အတွင်း လယ်ယာ စိုက်ပျိုးရေးထွက်ကုန်များ၏ ဈေးနှုန်းများ ကျဆင်းလျက်ရှိသည့်အတွက် အချို့ပြည်နယ်များတွင် တောင်သူလယ်သမားများမှာ အခက်အခဲများနှင့် ရင်ဆိုင် ကြုံတွေ့နေရသည်။ အန္ဒရာပရာဒေ့ရှ်နှင့် တက်လန်ဂါရာဒေသမှ ငရုတ်တောင်သူများ၊ ကာနာတာကာဒေသရှိ အာလူးစိုက်ပျိုးသူများနှင့် မဟာရသျှတ္တရာ ဒေသရှိ ပဲစင်းငုံ စိုက်ပျိုးသူများမှ ဈေးနှုန်းကျဆင်းမှုဒဏ်ကို အထိအနာဆုံး ခံစားနေရသည်။ ထိုဒေသများရှိလယ်ယာ ထွက်ကုန်များမှာ ရက်သတ္တပတ် အနည်းငယ်အတွင်းမှာပင် ဈေးနှုန်းများ တစ်ဟုန်ထိုး ကျဆင်းခဲ့သည်။

ယခုကဲ့သို့ ကျဆင်းရခြင်းမှာ ကုန်စည်ဈေးနှုန်းများ ယခင်နှစ်က မြင့်တက်ခဲ့သည်ကို အကြောင်းပြု၍ တောင်သူလယ်သမားတို့က ထုတ်လုပ်မှုကို မြှင့်တင်ခဲ့သောကြောင့် ဖြစ်ကြောင်း အချို့က ခန့်မှန်းတွက်ချက်ကြသည်။ တောင်သူတို့က ကုန်စည်များကို ရောင်းချသော လက်ကားဈေးကွက်များရော စားသုံးသူတို့ ဝယ်ယူသုံးစွဲသော လက်လီဈေးကွက်မှာပါ ဈေးနှုန်းအတက်အကျဖြစ်ကာ မတည်မငြိမ် ဖြစ်လျက်ရှိသည်။

## ရောင်းလိုအား မြင့်တက်မှုကြောင့် အိန္ဒိယငရုတ်သီးဈေးကျဆင်း

ငရုတ်သီး အဓိက ထုတ်လုပ်သော နယ်မြေ များတွင် ရောင်းလိုအား အဆမတန် မြင့်တက်မှုကြောင့် အိန္ဒိယနိုင်ငံ ဈေးကွက်များတွင် ငရုတ်သီး ဈေးနှုန်းကျဆင်းခဲ့ကြောင်း ကွန်မိုဒီတီ အွန်လိုင်း သတင်းတွင် ဖော်ပြသည်။

ယခင်နှစ် ငရုတ်ရာသီက အိန္ဒိယဈေးကွက်များတွင် ငရုတ်သီးဈေးမှာ တစ်ကီလိုကို ရူပီး ၁၂၀ နှုန်းထိရှိခဲ့ရာမှ ယခုနှစ် ငရုတ်ရာသီတွင် တစ်ကီ လိုကို ရူပီး ၂၀ မှ ရူပီး ၄၀ အကြားတွင်ရှိသည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ငရုတ်သီးအများ ဆုံးထုတ်လုပ်သော နိုင်ငံဖြစ်ပြီး ကမ္ဘာ့ ထုတ်လုပ်မှု၏ ၃၈ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးလျက်ရှိသည်။

ယခုနှစ် ငရုတ်သီး ထုတ်လုပ်မှုမှာ အထူးသဖြင့် အဓိက ထုတ်လုပ်ရာ ဒေသများဖြစ်သော အန္ဒရာပရာဒေ့ရှ်နှင့် တယ်လန်ဂါနာဒေသတို့တွင် ထုတ်လုပ်မှု ထူးထူးခြားခြား မြင့်တက်ခဲ့သည်။ ထိုဒေသများ၏ ထုတ်လုပ်မှုမှာ သုည ဒသမ ၈ ရာခိုင် နှုန်းမြင့်တက်ပြီး တန်ချိန် ၂ ဒသမ ၄ သန်းထိ ရှိခဲ့သည်။

ထိုသို့သော အခြေအနေများကြောင့် ပဲ တောင်သူများ ဈေးနှုန်းကျဆင်းမှုဒဏ်ကိုခံရပြီး ကြီးမားသော ပြဿနာများကို ဖြစ်ပေါ်စေခဲ့သည်။ ငရုတ်တောင်သူများကလည်း ပဲစင်းငုံကို အစိုးရကဝယ်ယူသကဲ့သို့ ငရုတ်သီးကိုလည်း အစိုးရက ဝယ်ယူပြီး အထောက်အပံ့ပေးစေလိုသော ဆန္ဒရှိနေသည်။

# ပဲမျိုးစုံ ဝယ်ယူရေးအတွက် NAFED က ရူပီးကုဋေ ၁၀၀၀၀ သုံးစွဲခဲ့

အိန္ဒိယအမျိုးသား လယ်ယာ စိုက်ပျိုးရေး သမဝါယမ ဈေးကွက် ရှာဖွေရေး ဖက်ဒရေးရှင်း(NAFED)သည် ရူပီးကုဋေ ၁၀၀၀၀ ကို အသုံးပြု၍ ပဲမျိုးစုံဝယ်ယူကာ အမျိုးသား အရန်သိုလှောင်မှုအဖြစ် တန်ချိန် သိန်း ၂၀ ဝယ်ယူခဲ့ကြောင်း ဟိန္ဒူဘိဇနက်လိုင်း သတင်းတွင် ဖော်ပြသည်။

ဘတ်ဂျက်ရန်ပုံငွေကို လွန်ခဲ့သော ၁၈ လခန့်ကစတင်၍ ဘဏ္ဍာရေး ဝန်ကြီးဌာနက စတင်ထုတ်ပေးခဲ့ကြောင်း (NAFED) အုပ်ချုပ်မှု ဒါရိုက်တာ ဆန်ဂျစ်ကူးမားချန်ဒါက ဘိဇနက်လိုင်း သတင်းဌာနကို ပြောသည်။ လာမည့် ၁၂ လနှင့် ၁၅ လခန့်တွင် ၎င်းအရန်သိုလှောင်ကုန်များကို ရှင်းလင်းတော့မည်ဖြစ်ရာ ရရှိလာသည့် အမြတ်ငွေများကို (NAFED) အတွက်လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ရာတွင် အထောက်အကူပြုရန် ပေးသွားမည်ဖြစ်ကြောင်း သူက ပြောသည်။

NAFED က ပဲစင်းငုံများကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာကတည်းက စတင် ဝယ်ယူခဲ့ရာ ဝယ်ယူသိုလှောင်ထားသော ပဲမျိုးစုံတန်ချိန် သိန်း ၂၀ အနက် ပဲစင်းငုံက တန်ချိန် ၁၂ သိန်း ရှိသည်။ ထုံးစံအားဖြင့် NAFED က ဝယ်ယူသည့် ဖြည့်တင်းရေး အစီ အစဉ်ကို ရက် ၉၀ အတွင်းအပြီး သတ်ဆောင်ရွက်ရမည် ဖြစ်သော်လည်း အထူးသဖြင့် မဟာရသျှတ္တရာ ပြည်နယ်တွင် ဈေးကွက်အတွင်း ပဲဝင်ရောက်မှုများပြားသည့်အတွက် မေ ၃၁ ရက်အထိ ဆက်လက်ဝယ်ယူ သွားမည်ဖြစ်သည်။

NAFEDသည် ၎င်းမှုလောက်များပြားသော ပဲမျိုးစုံပမာဏကို ပထမဆုံးအကြိမ်အဖြစ် စီမံခန့်ခွဲ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ချန်ဒါက ပြောသည်။ ပဲမျိုးစုံကို တစ်နိုင်ငံလုံးအနှံ့ အညီအမျှ ဖြန့်ဖြူးနိုင်ရေးအတွက် အစီအစဉ်များကို ချမှတ်ထားရာ ပဲမျိုးစုံ စိုက်ပျိုးမှုမရှိသော ပြည်နယ်များသို့ ပါ ဖြန့်ဖြူးနိုင်ရေးအတွက် အစီအမံများ ရေးဆွဲချမှတ်ထားသည်။

လက်နက်ကိုင် တပ်ဖွဲ့များနှင့် စစ်တပ်အတွက် ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၅ သိန်းကို လာမည့် ၁၂ လအတွင်း ဖြန့်ဖြူးပေးသွားမည်ဖြစ်ပြီး ကာနာတာကာ အစိုးရက တန်ချိန် ၁ ဒသမ ၅ သိန်းကို အသုံးပြုမည်ဖြစ်သည်။ ပဲများ၏ အရည်အသွေးကို အစားအစာ၊ ဓာတ်ခွဲခန်းများတွင် စစ်ဆေးသွားမည်ဖြစ်သည်။ ကျန် ပဲများကို ဈေးကွက်အတွင်း လွတ်လပ်စွာ ရောင်းချခွင့် ပြုသွားမည် ဖြစ်ကြောင်း ချန်ဒါက ပြောသည်။

# အလုပ်သမား အလွှန်အမင်းရှားပါးမှုကြောင့် ဂျပန်နိုင်ငံ အလတ်တန်းစား စီးပွားရေးလုပ်ငန်းများက စက်ရုပ်များ ဝယ်ယူရန် စီစဉ်



အလုပ်သမားရှားပါးမှု ပြဿနာကြီးထွားလျက်ရှိသည်ကို ဖြေရှင်းရာတွင် အလိုအလျောက်စနစ်ကို ကျင့်သုံးနိုင်ရေးအတွက် အလတ်စား စီးပွားရေးလုပ်ငန်းများက စက်ရုပ်များနှင့် တခြားကိရိယာများကို ဝယ်ယူရန် စီစဉ်လျက်ရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ထိုကဲ့သို့ အသုံးပြုမည့် လုပ်ငန်းများတွင် ကုန်ထုတ်လုပ်ငန်းများ၊ မြေတူးဖော်ရေးလုပ်ငန်းများနှင့် ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းများ ပါဝင်သည်။ ဂျပန်ဗဟိုဘဏ်၏ စစ်တမ်းအရ ရှယ်ယာတန်ဖိုး ရင်းနှီးငွေ ယန်းသန်း ၁၀၀ မှ ယန်းတစ်ဘီလီယံအထိရှိသော ကုမ္ပဏီများသည် ဧပြီမှစတင်သော ဘဏ္ဍာနှစ်အတွက် ဤကဏ္ဍတွင် ရင်းနှီးမြှုပ်နှံငွေကို ၁၇ ဒသမ ၅ ရာခိုင်နှုန်း တိုးမြှင့် ရင်းနှီးမြှုပ်နှံခဲ့ရာ ရင်းနှီးမြှုပ်နှံမှု တိုးတက်နှုန်းမှာ စံချိန်တင်အမြင့်ဆုံးဖြစ်သည်။

အလိုအလျောက် စက်တပ်ဆင်ရေးအတွက် အသုံးပြုမှုမည်မျှရှိသည်ကို ပြတ်သားစွာ မသိရသေးသော်လည်း ဤပစ္စည်းများကို ရောင်းချသူတို့၏ ပြောစကားအရ အမှာစာများမှာ တိုးတက်မြင့်မားလျက်ရှိကြောင်း သိရသည်။ ကုန်ထုတ်လုပ်မှု အရည်အသွေး မြင့်မားရေးအတွက် ဤစက်ကိရိယာများ ဝယ်ယူရန် ရင်းနှီးမြှုပ်နှံသော အချိုးအစားများ မြင့်မားနေကြောင်း အစိုးရကလည်း ပြောသည်။ နယ်ပယ် အသီးသီးတွင်ရှိသော ဂျပန်စက်ရုပ် ထုတ်လုပ်သူတို့၏ ဝင်ငွေများမှာလည်း ယခုနှစ် ဇန်နဝါရီ - မတ် သုံးလပတ်တွင် ပထမဆုံးအကြိမ်အဖြစ် မြင့်တက်ခဲ့သည်။

"လုပ်သားရှားပါးမှုကြောင့် ကုန်ထုတ်လုပ်မှု စွမ်းရည် ပိုမိုတိုးတက်လာရေးအတွက် အသုံးပြုတဲ့မတည်ရင်းနှီးငွေ အချိုးအစားက ပိုမိုတိုးတက် မြင့်မားလာတာကို တွေ့ရပါတယ်"ဟု စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာန၏ စက်မှုလုပ်ငန်း မူဝါဒအဖွဲ့မှ ညွှန်ကြားရေးမှူး ဆေးအိချိုဂို အီနိုအဲက ပြောသည်။

ဂျပန်နိုင်ငံသည် စီးပွားရေးကျဆင်းမှုနှင့် အသက်အရွယ်ကြီးရင့်သူ ဦးရေလျှင်မြန်စွာ များပြားသည့်ပြဿနာနှင့် ရင်ဆိုင်နေရသဖြင့် ရင်းနှီးမြှုပ်နှံမှုရည်မှန်းချက်များ အောင်မြင်မှုရမည်ဆိုပါက ဂျပန်နိုင်ငံအတွက် အားတက်စရာ ဖြစ်လာနိုင်သည်။ ဤအောင်မြင်မှုကြောင့် စက်ပစ္စည်းကိရိယာ ထုတ်လုပ်သူများကို အထောက်အကူရစေပြီး နိုင်ငံ၏ ကုန်ထုတ်စွမ်းအား နိမ့်ကျမှုကို မြှင့်တင်ကာ စီးပွားရေးဖွံ့ဖြိုးမှုကို မြှင့်တင်နိုင်မည်ဖြစ်သည်။ အလုပ်သမား ခန့်ထားမှု အရေအတွက်ကို သက်သာစေမည့် ကိရိယာများမှာ ယခုနှစ်အတွင်း တိုးတက်များပြားလာလိမ့်မည်ဟု သူကပြောသည်။ ■

## အစိုးရဈေးနှုန်းထက် ပိုမိုရောင်းချသော သွင်းကုန်လုပ်ငန်းရှင်များကို အရေးယူမည်ဟု အင်ဒိုနီးရှား ဝန်ကြီးပြောကြား

သတ်မှတ်ပေးထားသော အမြင့်ဆုံးဈေးနှုန်းထက် ပိုမိုရောင်းချသော သွင်းကုန်လုပ်ငန်းရှင်များအား အစိုးရက ပြင်းထန်စွာ အရေးယူမည်ဟု အင်ဒိုနီးရှား လယ်ယာစိုက်ပျိုးရေးဝန်ကြီး အမ်ရန်ဆူလေမန်က ပြောကြောင်း အန်တာရာသတင်းတွင် ဖော်ပြသည်။

"ဈေးထဲမှာရောင်းချနေတာတွေကို ကျွန်တော်လေ့လာကြည့်တဲ့အခါ ကြက်သွန်ဖြူ တစ်ကီလိုဂရမ်ကို ရူပီး လေးသောင်းနဲ့ရောင်းနေတာကို တွေ့ရတယ်။ ကြက်သွန်ဖြူဈေးကတစ်ကီလိုဂရမ်ကို ရူပီး ၃၈၀၀၀ ထက်မပိုသင့်ပါဘူး။ ဒီသွင်းကုန်လုပ်ငန်းရှင်တွေကို စုံစမ်းဖော်ထုတ်ပြီး လိုင်စင်ရုပ်သိမ်းဖို့ ကုန်သွယ်ရေး ဝန်ကြီးဌာနနဲ့ ကျွန်တော်ညှိနှိုင်းပြီးပါပြီ" ဟု ဆူလေမန်က မေ ၁၅ ရက်ကပြောသည်။

ဥပုသ်မတိုင်မီ ကာလအတွက် ကြက်သွန်ဖြူ အလုံအလောက်ရှိသဖြင့် ကြက်သွန်ဖြူဈေးကို သွင်းကုန် လုပ်ငန်းရှင်များနှင့် ဖြန့်ဖြူးရေးသမားများက ဈေးနှုန်းတိုးမြှင့်ရန် အကြောင်းမရှိဟု ဝန်ကြီးကပြောသည်။ ဂျကာတာ မြို့တော်တွင် ငရုတ်သီး လှောင်ထားသည်ဟု သံသယရှိသူ လေးဦးကို လုပ်ငန်းအဖွဲ့က ထိန်းသိမ်းထားကြောင်း ဝန်ကြီးက ပြောသည်။

အစားအစာ လက်ဝါးကြီးအုပ်သူများကို နှိမ်နင်းရန်အတွက် အစိုးရက ပြင်းထန်သော အစီအမံများကို ချမှတ်ထားကြောင်း ဝန်ကြီးက ပြောသည်။ Ramadan ဥပုသ်လမတိုင်မီ အခြေခံစားကုန်များ၏ ဈေးနှုန်းကို မြှင့်တင်ခြင်းမပြုရန် ဝန်ကြီးက နှိုးဆော်ထားသည်။ ရဲအဖွဲ့၊ အစားအစာ လုပ်ငန်းအဖွဲ့တို့နှင့် ပူးပေါင်းပြီး ထိရောက်သည့် အရေးယူမှုများကို ဆောင်ရွက်နေကြောင်း ကုန်သွယ်ရေးဝန်ကြီး အန်ဂါတီယာဟာစကို လူကီတာက ပြောသည်။

ကြက်သွန်ဖြူဈေးမှာ ၂၀၁၇ ခုနှစ် နှစ်ဦးကတည်းက မြင့်တက်ခဲ့ရာ ဇန်နဝါရီအတွင်းက တစ်ကီလိုဂရမ်ကို ၃၈၅၅၄ ရူပြားရှိခဲ့ရာမှ ယခုလောလောဆယ်တွင် တစ်ကီလိုကို ရူပြား ၅၀၆၈၀ နှုန်းရှိသဖြင့် ၃၁ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

၂၀၁၇ ခုနှစ်၊ မေလကုန်အထိ ကြက်သွန်ဖြူ နောက်ထပ် ၇၆၇၂ တန်ရောက်ရှိမည်ဖြစ်ရာ အထူးသဖြင့် ဂျကာတာ၊ ဆူရာဘာယာ အပါအဝင် မြို့ကြီးများအတွက် လုံလောက်မှုရှိကြောင်း အစိုးရကပြောသည်။ လောလောဆယ်တွင် ကြက်သွန်ဖြူဈေးမှာ တစ်ကီလိုကို ရူပြား ၃၈၀၀၀နှုန်းရှိသည်။

## နိုင်ငံခြားကျွမ်းကျင်ပညာရှင်များကို ဆွဲဆောင်ရာတွင် တောင်ကိုရီးယားက နောက်ကျကျန်

တောင်ကိုရီးယားနိုင်ငံတွင် လုပ်သားအင်အား ကျဆင်းလျက်ရှိသည်ကို ဖြေရှင်းနိုင်ရေးအတွက် ဗီဇာထုတ်ပေးသောစနစ်ကို အစိုးရကဖြေလျှော့ပေးလျက်ရှိသည်။ သို့သော်လည်း နိုင်ငံခြားမှ ကျွမ်းကျင်လုပ်သားများ ရရှိအောင်ဆွဲဆောင်ရာတွင် တောင်ကိုရီးယား နိုင်ငံသည် အခြားသောစက်မှုဖွံ့ဖြိုးပြီးနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နောက်ကျ ကျန်ရစ်လျက်ရှိကြောင်း မေ ၁၆ ရက်က ထုတ်ပြန်သောကိန်းဂဏန်းများကို ကိုးကား၍ ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံတွင် နေထိုင်လုပ်ကိုင်နေသော နိုင်ငံခြားသားဦးရေမှာ ၂၀၁၁ ခုနှစ်က ၁ ဒသမ ၄ သန်းရှိရာမှ ၂၀၁၆ ခုနှစ်တွင် ၂ ဒသမ ဝ၅ သန်းရှိခဲ့ကြောင်း တရားဝင်ထုတ်ပြန်ထားသော ကိန်းဂဏန်းအချက်အလက်များအရ သိရသည်။ သို့သော် အထူးဗီဇာဖြင့် ဝင်ရောက်လာသော ကျွမ်းကျင်ပညာရှင်နိုင်ငံခြားသား ဦးရေမှာ ၂၀၁၄ ခုနှစ်တွင် ၅၀၀၀၀ ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၄၉၀၀၀ နှင့် ၂၀၁၆ ခုနှစ်တွင် ၄၈၀၀၀ အထိ တဖြည်းဖြည်း ကျဆင်းလာကြောင်း နောက်ဆုံး ထုတ်ပြန်သော ကိန်းဂဏန်း အချက်အလက်များအရ သိရသည်။

လက်ရှိကျင့်သုံးနေသော ဗီဇာ စနစ်အရ အထူးကျွမ်းကျင်မှုရှိသော နိုင်ငံခြားသားများအား F2 ဗီဇာကို ထုတ်ပေးသည်။ F2 ဗီဇာအရ ဗီဇာ လက်မှတ်ရရှိသူသည် တောင်ကိုရီးယားနိုင်ငံတွင် တစ်နှစ်နေပြီးပါက အလုပ် အကိုင်နှင့်ပတ်သက်သော ကန့်သတ်ချက်များအားလုံးကို ဖယ်ရှားပေးသည်။ F2 ဗီဇာဖြင့် သုံးနှစ်ကျော် အလုပ်လုပ်ကိုင်ပြီးပါက အမြဲတမ်းနေထိုင်ခွင့် ရသော F5 ဗီဇာကို ထုတ်ပေးသည်။

တောင်ကိုရီးယားနိုင်ငံတွင် နေထိုင်လျက်ရှိသော နိုင်ငံခြားသားဦးရေ မှာ ၂၀၁၃ ခုနှစ်အတွင်းက တောင်ကိုရီးယားနိုင်ငံသား စုစုပေါင်း၏ ၂ ရာခိုင်နှုန်းရှိသည်။ သီးခြားထုတ်ပြန်သော စာရင်းများအရ နိုင်ငံခြားမှ လာရောက်နေထိုင်သူ အချိုးအစားမှာ ဂျာမနီနိုင်ငံတွင် ၉ ဒသမ ၅ ရာခိုင်နှုန်းနှင့် အမေရိကန် ပြည်ထောင်စုတွင် ၇ ရာခိုင်နှုန်းရှိသည်။

နည်းပညာနှင့် သိပ္ပံပညာနယ်ပယ်များအတွက် နိုင်ငံခြားကျွမ်းကျင်သူများကို ပိုမိုဆွဲဆောင်နိုင်ရန် ရည်ရွယ်ပြီး အစိုးရက ဗီဇာစည်းမျဉ်းများကို လျှော့ချပေးရန် ကြိုးပမ်းလျက်ရှိကြောင်း သိပ္ပံ ပညာ၊ အိုင်စီတီနှင့် အနာဂတ် စီမံကိန်းဝန်ကြီးဌာနက ပြောသည်။

## ၂၀၁၈ ခုနှစ် မတ်အထိ ရေနံဖြန့်ဖြူးမှုကို လျှော့ချရန် ဆော်ဒီအာရေးဘီးယားနှင့် ရုရှားတို့ သဘောတူညီပြီးနောက် ရေနံဈေးနှုန်းမြင့်တက်

ရေနံတင်ပို့သော နိုင်ငံများအဖွဲ့ (အိုပက်) က ဦးစီး၍ ရေနံထုတ်လုပ်မှု လျှော့ချခြင်းကို ယခုနှစ် နှစ်လယ်မှ ၂၀၁၈ ခုနှစ်၊ မတ်အထိ တိုးချဲ့ဆောင်ရွက်သွားရန် ဆော်ဒီအာရေးဘီးယားနှင့် ရုရှားစွမ်းအင်ဝန်ကြီးများက ပူးတွဲကြေညာချက် ထုတ်ပြန်ပြီးနောက် မေ ၁၅ တွင် ရေနံဈေးနှုန်းများ ၁ ဒသမ ၅ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့သည်။

မေ ၁၅ ရက် ဂရင်းနစ်စံတော်ချိန် နံနက် ၂ နာရီ ၅၅ မိနစ်က အပြည်ပြည်ဆိုင်ရာ ဘရင့်ရေနံစိမ်း ကြိုရောင်းဈေးသည်တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၆၃ နှုန်းရှိခဲ့ရာ ယခင်နေ့ ဈေးနှုန်းထက် ၁ ဒသမ ၆ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာခြင်းဖြစ်သည်။

အမေရိကန် ပြည်ထောင်စု အနောက် တက္ကဆပ် ရေနံစိမ်းဈေးမှာ တစ် စည်ကို အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၆၁ နှုန်းရှိခဲ့ရာ ၁ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ဆော်ဒီအာရေးဘီးယား စွမ်းအင်ဝန်ကြီး ခါလစ်အယ်လ်ဖာနှင့် ရုရှား စွမ်းအင်ဝန်ကြီး အလက်ဇန္ဒား နိုဗက်တို့သည် မေ ၁၅ ရက်နေ့တွင် တရုတ်နိုင်ငံ ပေကျင်းမြို့တွင် တွေ့ဆုံခဲ့ကြသည်။ ရေနံဈေးနှုန်း မြင့်တက်စေရန်အတွက် နှစ်ဖက်သဘောတူထားသော ရေနံထုတ်လုပ်မှု လျှော့ချခြင်းကိုယခုနှစ်လယ်မှ ၂၀၁၈ ခုနှစ် မတ်လအထိ အချိန်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘောတူခဲ့ကြသည်။

ဆော်ဒီအာရေးဘီးယား ခေါင်းဆောင်သော အိုပက်အဖွဲ့နှင့် ရုရှားနိုင်ငံဦးဆောင်သော ရေနံထုတ်လုပ်သည့် အခြားနိုင်ငံများသည် ရေနံထုတ်လုပ်မှုကို ၂၀၁၇ ခုနှစ်၊ နှစ်လယ်အထိ တစ်ရက်လျှင် စည် ၁ ဒသမ ၈ သန်း လျှော့ချရန် သဘောတူညီခဲ့ကြသည်။ ထိုကဲ့သို့ လျှော့ချထုတ်လုပ်သော်လည်း ဈေးကွက်အတွင်း၌ ရေနံဖြန့်ဖြူးမှု မြင့်တက်နေဆဲဖြစ်သဖြင့် ရေနံစိမ်းဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၅၀ အထက် ပိုမို မြင့်တက်ခြင်း မရှိသည့်အတွက် ရေနံ ထုတ်လုပ်မှုကို ယခုကဲ့သို့ လျှော့ချထုတ် လုပ်ရန် သဘောတူညီခဲ့ကြခြင်းဖြစ် သည်။ ရုရှားနှင့် ဆော်ဒီအာရေးဘီးယားတို့၏ စုစုပေါင်း ရေနံထုတ်လုပ်မှုမှာ နေ့စဉ် စည်သန်း ၂၀ ရှိရာ ကမ္ဘာ့ စုစုပေါင်း ထုတ်လုပ်မှု၏ ငါးပုံတစ်ပုံခန့်ရှိသည်။



Max Myanmar
Holding Co.,Ltd
Hot Line Ph:
09 263 216 662
09 263 216 664
AIRMAN
HarbinGer
Head Office : No.(123) Alanpya Pagoda,Dagon Township,Yangon.




ROYAL TOE
Family Service co.,Ltd
အမှတ် (၁၃၄)၊ (၁၄)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်။
09 - 5017455, 09 - 5006655


ALPINE
Purified Drinking Water
PROMISES PURITY
ALPINE
Purified Drinking Water
PROMISES PURITY

# COMMERCE INTERNATIONAL

## အဖျက်ဆော့ဖ်ဝဲကို တိုက်ဖျက်မည့် ဆော့ဖ်ဝဲကို ဗီယက်နမ်ကုမ္ပဏီ စီအမ်စီက တီထွင်

ယခုလောလောဆယ် ဒုက္ခပေးနေသော Ransomware အပါအဝင် ဖျက်ဆီးရေး ဆော့ဖ်ဝဲများကို ဆန့်ကျင်တိုက်ခိုက်နိုင်မည့် CMC Cryptoshield ကို ဗီယက်နမ်အခြေစိုက် နည်းပညာကုမ္ပဏီ စီအမ်စီ (CMC) ကုမ္ပဏီက မေ ၁၉ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း ဗီယက်နမ် နယူးစ်သတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Ransomware ဆိုသည်မှာ ဟက်ကာများက ကွန်ပျူတာစနစ်ကို ပိတ်ဆို့ပြီး ငွေညှစ်သော ဆော့ဖ်ဝဲဖြစ်သည်။ တောင်းခံသောငွေကို ပေးမှ ကွန်ပျူတာစနစ်ကို ပြန်ဖွင့်ပေးသော ဆော့ဖ်ဝဲတစ်မျိုးဖြစ်သည်။ အဖျက်ဆော့ဖ်ဝဲများအားလုံးကို တိုက်ခိုက်နိုင်ရန် CMC Cryptoshield ကို ဒီဇိုင်းရေးဆွဲရာ၌ Antificial Intelligence အသုံးပြုသည်။ CMC Cryptoshield တွင် တပ်ဆင်ထားသော Artificial Intelligence က အဖျက်ဆောင်ရွက် မည့် ဒေတာအားလုံးကို မှတ်မိပြီး ထိုဒေတာများကို ပိတ်ဆို့ပေးနိုင်သည်။

Ransomware သည် ပြန်ပေးငွေတောင်းသော ဟက်ကာတို့ကို ခြေရာခံ၍မရအောင် ခြေရာဖျောက်ပေးနိုင်သော ဆော့ဖ်ဝဲဖြစ်သည်။ ထို့ကြောင့် Ransomware သည် တစ် ကမ္ဘာလုံးကို ခြိမ်းခြောက်လျက်ရှိပြီး ငွေရှာ၍ကောင်းသော ဆော့ဖ်ဝဲတစ်ခု ဖြစ်ခဲ့သည်။ ကွန်ပျူတာ အသုံးပြုသူ၏ ဒေတာအားလုံးကို လုံခြုံစိတ်ချရပြီး အကြမ်းဖက်တိုက်ခိုက်မှု မခံရအောင် CMC Cryptoshield က ကာကွယ်ပေးနိုင်ကြောင်း စီအမ်စီ သုတေသနနှင့် ဖွံ့ဖြိုးရေးစင်တာ ညွှန်ကြားရေးမှူး ဗူလမ်ဘန်းက CMC Cryptoshield ဖွင့်ပွဲအခမ်းအနားတွင် ပြောသည်။



ဟက်ကာများနှင့် ဖျက်ဆီးရေး လုပ်ငန်းသုံးကုတ်နံပါတ်များကို တိုက်ခိုက်ရာတွင် Artificial Intelligence က လက်နက်ကောင်းတစ်ခုဖြစ်သည်။ ထို Artificial Intelligence ကို CMC Cryptoshield တွင်ထည့်သွင်းထားသည့်အတွက် အသုံးပြုသူများက ခလုတ်နှိပ်ရုံဖြင့် ကွန်ပျူတာထဲရှိဒေတာအချက်အလက်များကို လုံခြုံအောင် အကာအကွယ်ပေးနိုင်ကြောင်း စီအမ်စီကော်ပိုရေးရှင်းလက်အောက်ခံ စီအမ်စီ အင်ဖိုဆက်(CMC Infosec)၏ ညွှန်ကြားရေးမှူးချုပ် ထရိုင်အီးယူထရန်ဒပ်က ဖွင့်ပွဲအခမ်းအနားတွင် ပြောသည်။

---

## စင်ကာပူအဲလိုင်း၏ ဖွဲ့စည်းတည်ဆောက်ပုံကို ပြန်လည်ပြင်ဆင်

စတုတ္ထသုံးလပတ်တွင် စင်ကာပူဒေါ်လာ ၁၃၈ သန်း အရှုံးပေါ်ကြောင်း အစီရင်ခံစာထွက်ပေါ်ပြီးနောက် အမျိုးသားလေကြောင်းလိုင်း၏ စီးပွားရေးလုပ်ငန်းများကို ပြုပြင်ပြောင်းလဲမည့် အစီအစဉ်များကို စင်ကာပူအဲလိုင်း (အက်စ်အိုင်အေ) က မေ ၁၉ ရက်တွင် ကြေညာခဲ့ကြောင်း တူဒေးအွန်လိုင်းသတင်းတွင် ဖော်ပြသည်။




လေကြောင်းလိုင်းက "ရဲရင့်ပြတ်သားသော အစီအမံများ" ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဤအစီအမံများအရ လေကြောင်းလိုင်း၏ လုပ်ငန်းစဉ်များနှင့် ပါဝင်သော ဌာနခွဲများအားလုံးကို ပြန်လည်လေ့လာဆန်းစစ်သွားမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ကုမ္ပဏီ ရေရှည်တိုးတက်ရေးဆောင်ရွက်ရာတွင် အကောင်းဆုံးအနေအထားကို ရရှိနိုင်ရေးအတွက် ကုန်ကျစရိတ်နှင့်ဝန်ဆောင်မှုစွမ်းရည် စသည့်အချက်တို့ကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေကြောင်းလိုင်းက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

"ကျွန်တော်တို့ လုပ်ကိုင်ဆောင်ရွက်တဲ့နေရာမှာ အပြောင်းအလဲတွေ ဖြစ်လာမှာ သေချာပါတယ်။ ကုမ္ပဏီဝန်ထမ်းတွေကလည်း ကျွမ်းကျင်မှုအသစ်တွေရအောင် ဆောင်ရွက်ရတော့မှာဖြစ်ပါတယ်"ဟု ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကြောင့် ဖြစ်ပေါ်လာမည့် အလုပ်အကိုင် ဆုံးရှုံးမှု အခြေအနေနှင့်ပတ်သက်ပြီး အက်စ်အိုင်အေ အမှုဆောင်ချုပ် မစ္စတာ ဂိုချွန်းဖောင်းက ပြန်လည်ဖြေကြားခဲ့သည်။

ကုမ္ပဏီသည် အလုပ်အကိုင်များကိုပြန်လည်ထိန်းသိမ်းပြီး ပြန်လည်နေရာချထားမှု ပြုရမည့်နည်းလမ်းများကို ရှာဖွေရမည်ဖြစ်ကြောင်း၊ အချို့လုပ်ငန်းများက လိုအပ်ချက်နှင့် ကိုက်ညီမှုမရှိတော့သည့်အတွက် လက်ရှိ အလုပ်အကိုင်အချို့ကို ပြန်လည်ပြုပြင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အသစ်တစ်ဖန်ပြန်လည်ဖွံ့ဖြိုးလာမည့် နယ်ပယ်သစ်များ အပါအဝင် လေကြောင်းလိုင်း၏ စီးပွားရေးလုပ်ငန်းများကို ဘက်စုံထောင့်စုံမှ ပြန်လည်လေ့လာ သုံးသပ်သွားမည်ဖြစ်ကြောင်း သူကပြောသည်။ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာမှာ ကုန်ကျစရိတ်ကို လျှော့ချနိုင်ရေးကိုသာမက လုပ်ငန်းအတွက် ဝင်ငွေပိုမိုရရှိနိုင်မည့် နည်းလမ်းများကိုပါ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သူကပြောသည်။

စင်ကာပူအဲလိုင်းက လုံးဝပိုင်ဆိုင်ထားသည့် လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သော အက်စ်အိုင်အေကာဂို (SIA Cargo) ကိုလည်း လေကြောင်းလိုင်း၏ ဌာနခွဲတစ်ခု ပြန်လည်ပူးပေါင်းတော့မည်ဖြစ်ကြောင်း ကုမ္ပဏီကကြေညာသည်။ လေကြောင်းလိုင်း၏ စွမ်းဆောင်ရည်ကို တိုးမြှင့်ရန် ရည်ရွယ်ဆောင်ရွက်သော ပေါင်းစည်းရေးလုပ်ငန်းများကို ၂၀၁၈ခုနှစ် နှစ်ဝက်အတွက် ပြီးဆုံးအောင် ဆောင်ရွက်မည်ဖြစ်သည်။ SIA Cargo တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်း ၉၀၀ ဦးကို ကုန်စည်လုပ်ငန်းဆိုင်ရာ ဌာနခွဲတွင် ဆက်လက်ခန့်ထားပြီး အချို့ကို အခြားသော ဌာနခွဲများသို့ ပြောင်းရွှေ့ပေးမည်ဖြစ်ကြောင်း သူကပြောသည်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**

---

## အမေရိကန်ပြည်ထောင်စု နုတ်ထွက်ပြီးနောက်ပိုင်း တီပီပီသဘောတူစာချုပ် ဆက်လက်ရှင်သန်နိုင်အောင် အဖွဲ့ဝင်နိုင်ငံတို့ ကြိုးပမ်း

အမေရိကန်ပြည်ထောင်စု နုတ်ထွက်သွားသည့်အတွက် ပျက်ပြယ်ခဲ့ရသော ပစိဖိတ်ဖြတ် ပူးပေါင်းဆောင်ရွက်ရေး (Trans- Pacific Patner-ship- TPP) သဘောတူစာချုပ် ပြန်လည်ရှင်သန်ရေးအတွက် အာရှ-ပစိဖိတ်နိုင်ငံများက ပြန်လည်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်သန်ရေးဆွေးနွေးပွဲတွင် ပါဝင်လျက်ရှိသည့် သတင်းရပ်ကွက်မှ အေအက်ဖ်ပီသတင်းဌာနကို ပြောသည်။

တီပီပီ သဘောတူစာချုပ်သည် အမေရိကန်ပြည်ထောင်စု၏ အလုပ်အကိုင်များကို ပျက်စီးရာ ပျက်စီးကြောင်း ဖြစ်စေသည်ဟုပြောကြားပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အဖွဲ့ဝင် ၁၂ နိုင်ငံပါဝင်သော တီပီပီ သဘောတူစာချုပ်မှ နုတ်ထွက်ခဲ့သည်။ ထို့ကြောင့် သဘောတူစာချုပ်၏ အနာဂတ်ကို မရေမရာဖြစ်စေခဲ့သည်။

အမေရိကန်ပြည်ထောင်စု မနုတ်ထွက်မီက သဘောတူစာချုပ်တွင် ပါဝင်သော နိုင်ငံများ၏ စီးပွားရေးသည် ကမ္ဘာ့စီးပွားရေး၏ ၄၀ ရာခိုင်နှုန်းကို လွှမ်းခြုံလျက်ရှိသည်။ ထိုသဘောတူစာချုပ်တွင် တရုတ်နိုင်ငံကို ပါဝင်ခြင်းမရှိအောင် ပစ်ပယ်ထားခြင်းကို ကြည့်ခြင်းအားဖြင့် ဒေသတွင်းရှိ စီးပွားရေးတွင် တရုတ်နိုင်ငံ၏စွမ်းအားကို တန်ပြန်ရန် ကြိုးပမ်းဆောင်ရွက်သည်မှာ ထင်ရှားသည်။

ကျန်အဖွဲ့ဝင်နိုင်ငံများအားလုံးက သဘောတူစာချုပ် ပြန်လည်ရှင်သန်ရေးကြိုးပမ်းလျက်ရှိရာ နယူးဇီလန်နှင့် ဂျပန်နိုင်ငံတို့က သဘောတူစာချုပ်ကို တရားဝင် လက်ခံအတည်ပြုထားပြီး ဖြစ်သည်။ စာချုပ်တွင်ကျန် ၁၁ နိုင်ငံမှ ကုန်သွယ်ရေးဝန်ကြီးများသည် မေ ၂၁ ရက်တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် တွေ့ဆုံပြီး သဘောတူစာချုပ် ဆက်လက်ရှင်သန်ရေးအတွက် ဆွေးနွေးကြမည်ဖြစ်သည်။

"ဆွေးနွေးပွဲမှာ ပါဝင်တဲ့သူတွေက TPP 11 အဖြစ် ရှေ့ဆက်လက်ရှင်သန်အောင်ဆောင်ရွက်ဖို့ သဘောတူကြမယ်ဆိုရင် ကြီးမားတဲ့အောင်မြင်မှုတစ်ခုဖြစ်လာမှာပါ"ဟု အဆိုပါသတင်းရပ်ကွက်မှ ပြောသည်။

အနာဂတ် ကာလတွင် သဘောတူစာချုပ်အတွင်းသို့ အမေရိကန်ပြည်ထောင်စုပြန်လည်ဝင်ရောက်လာမည်ဆိုပါက တံခါးဖွင့်ထားဆဲ ဖြစ်ကြောင်းလည်းပြောကြားသည်။

"တီပီပီကြောင့် စီးပွားရေးအကျိုးအမြတ်ကိုသာ ရနိုင်တာ မဟုတ်ပါဘူး၊ မဟာဗျူဟာအရ ထူးခြားမှုလည်းရှိပါတယ်။ ဒီသဘောတူစာချုပ် ပြန်လည်ရှင်သန်ဖို့အတွက် ကျွန်တော်တို့ ခိုင်ခိုင်မာမာ ရပ်တည်ပြီး နည်းလမ်းရှာဖွေသွားမှာပါ"ဟု ဂျပန်ကုန်သွယ်ရေးဝန်ကြီး နိုဘူတဲရှုအီရှိဟာရာက မေ ၂၀ ရက်က သတင်းထောက်များကို ပြောသည်။